# လွတ်လပ်စွာရွေးချယ်ခွင့်မရှိ

## ၂၀၀၈ ခုနှစ်
## မြန်မာနိုင်ငံ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ
## လေ့လာသုံးသပ်ချက်

**ပထမအကြိမ် ၂၀၀၉**

**IPAD**
**Institute for Political Analysis and Documentation**

# လွတ်လပ်စွာရွေးချယ်ခွင့်မရှိ

## ၂၀၀၈ ခုနှစ်
## မြန်မာနိုင်ငံ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ
## လေ့လာသုံးသပ်ချက်

ပထမအကြိမ် ၂၀၀၉

**IPAD**
Institute for Political Analysis and Documentation
ipad@hushmail.com

IPAD Publishing
2009

# မာတိကာ


| | | | |
|---|---|---|---|
| | **အတိုကောက်စကားလုံးများ** | - | **၂** |
| | **ဇယားများ** | - | **၃** |
| | **ကချင်ပြည်နယ်မြေပုံ** | - | **၄** |
| **၁။** | **ဆောင်ရွက်မှုအကျဉ်း** | - | **၅** |
| **၂။** | **အစီရင်ခံစာရေးသားပြုစုရသည့် ရည်ရွယ်ချက်** | - | **၆** |
| **၃။** | **နိဒါန်း** | - | **၇** |
| **၄။** | **နောက်ခံကားချပ်** | - | **၉** |
| **၅။** | **သဘောတူညီချက်ဆိုင်ရာ ဒီမိုကရေစီစံနှုန်း** | - | **၁၂** |
| - | နိုင်ငံတကာအနိမ့်ဆုံးစံသတ်မှတ်ချက် | - | ၁၃ |
| **၆။** | **ကချင်ပြည်နယ်အတွင်း ပြုလုပ်ခဲ့သည့် ဆန္ဒခံယူပွဲအပေါ် ရှုမြင်သုံးသပ်ချက်** | - | **၁၄** |
| - | ဆန္ဒခံယူပွဲအားစီမံခန့်ခွဲမှု | - | ၁၄ |
| - | ပွင့်လင်းထင်သာရှိမှုနှင့်ပတ်သက်၍ အနိမ့်ဆုံးစံသတ်မှတ်ချက် | - | ၁၇ |
| - | ဆန္ဒခံယူပွဲတွင်စောင့်ကြည့်စစ်ဆေးခြင်းနှင့် ကြီးကြပ်ဆောင်ရွက်ခြင်းဆိုင်ရာ အနိမ့်ဆုံးစံသတ်မှတ်ချက်များ | - | ၁၈ |
| - | မဲစာရင်းပြုစုခြင်း | - | ၂၀ |
| - | အသိနှင့်ယှဉ်သော ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး အခွင့်အလမ်း | - | ၂၂ |
| - | မိမိအသိတရားနှင့် မိမိမဲပေးပိုင်ခွင့် | - | ၂၆ |
| - | ထောက်ခံဆန္ဒမဲပေးရန် အမိန့်ပေးစေခိုင်းခြင်း | - | ၂၇ |
| - | ခြိမ်းခြောက်အကြပ်ကိုင်မှုများ | - | ၂၈ |
| - | လူတစ်ကိုယ် မဲတစ်ပြား | - | ၃၁ |
| - | ကျယ်ပြန့်စွာ ပေါ်ပေါက်ခဲ့သည့် လိမ်လည်လှည့်ဖြားမှုများတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးအာဏာပိုင်တို့ ပါဝင်ပတ်သက်မှု | - | ၃၂ |
| - | မဲပုံးများတွင် မဲများဖြည့်စွက် ထည့်သွင်းခြင်း | - | ၃၃ |
| - | ကြိုတင်မဲများ | - | ၃၇ |
| - | ပယ်မဲများ | - | ၃၉ |
| **၇။** | **အပစ်အခတ်ရပ်ဆိုင်းထားသည့်ဒေသများအတွင်း ဆန္ဒခံယူပွဲကျင်းပပြုလုပ်ခဲ့ပုံ** | - | **၄၀** |
| - | ကေအိုင်အိုအုပ်ချုပ်ရာဒေသများရှိ မဲပေးမှုအခြေအနေအချို့ | - | ၄၀ |
| **၈။** | **နိဂုံး** | - | **၄၂** |
| **၉။** | **နောက်ဆက်တွဲများ** | - | **၄၃** |
| | (၁) ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်များ | - | ၄၃ |
| | (၂) အမျိုးသားညီလာခံသို့ တက်ရောက်ခဲ့သည့် ကချင်ပြည်နယ်ကိုယ်စားလှယ်များ | - | ၄၄ |
| | (၃) အမျိုးသားညီလာခံသို့တင်ပြခဲ့သည့် ငြိမ်းချမ်းရေးအဖွဲ့ (၁၃) ဖွဲ့၏တင်ပြချက် | - | ၄၆ |
| | (၄) အမျိုးသားညီလာခံသို့တင်ပြခဲ့သည့်ကေအိုင်အိုအဖွဲ့၏ အချက် ၁၉ ချက်ပါတင်ပြချက် | - | ၅၆ |
| | (၅) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင်အဖွဲ့ဝင်များ | - | ၆၁ |
| | (၆) ကေအိုင်အိုအုပ်ချုပ်ရာဒေသများရှိ မဲပေးမှုအခြေအနေအချို့ | - | ၆၂ |

# အတိုကောက်စကားလုံးများ

| | | |
|---|---|---|
| IPAD | - | Institute for Political Analysis and Documentation |
| (အိုင်ပီအေဒီ) | - | နိုင်ငံရေးဆိုင်ရာအချက်အလက်များလေ့လာစုဆောင်းရေးနှင့် သုံးသပ်အကဲဖြတ်ရေး |
| KDA | - | Kachin Defense Army |
| (ကေဒီအေ) | - | ကချင်ကာကွယ်ရေးတပ်မတော် |
| KIA | - | Kachin Independence Army |
| (ကေအိုင်အေ) | - | ကချင်လွတ်လပ်ရေးတပ်မတော် |
| KIO | - | Kachin Independence Organization |
| (ကေအိုင်အို) | - | ကချင်လွတ်လပ်ရေးအဖွဲ့ |
| KNCD | - | Kachin National Congress for Democracy |
| (ကေအင်စီဒီ) | - | ကချင်ပြည်နယ်အမျိုးသား ဒီမိုကရေစီကွန်ဂရက် |
| NDAK | - | National Democratic Army-Kachin |
| (အင်ဒီအေကေ) | - | အမျိုးသားဒီမိုကရက်တစ်တပ်မတော်-ကချင် |
| NLD | - | National League For Democracy |
| (အင်အယ်လ်ဒီ) | - | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| NRC | - | National Referendum Commission |
| (အင်အာစီ) | - | ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် |
| SLORC | - | State Law and Order Restoration Council |
| (စလော့ခ်) | - | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ) |
| SPDC | - | State Peace and Development Council |
| (အက်စ်ပီဒီစီ) | - | နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) |
| UNA | - | United Nationalities Alliance |
| (ယူအင်အေ) | - | ညီညွတ်သောတိုင်းရင်းသားများ မဟာမိတ်အဖွဲ့ |
| USDA | - | Union Solidarity and Development Association |
| (ယူအက်စ်ဒီအေ) | - | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (ကြံ့ဖွံ့) (ပြည်ခိုင်ဖြိုး) |

# ဇယားများ

၁။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကချင်ပြည်နယ်အဖွဲ့ခွဲ၏ ၂၀၀၈ ခုနှစ်၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဆိုင်ရာစာရင်းဇယားများ
၂။ ဆန္ဒမဲပေးမှုအခြေအနေ
၃။ ဖားကန့်မြို့နယ်အတွင်း မဲရုံတချို့၏ ဆန္ဒမဲပေးမှုအခြေအနေ
၄။ တနိုင်းမြို့နယ်ရှိမဲရုံ ၂၇ရုံအနက် မဲရုံ ၆ရုံ၏ ရွှေ့ပြေးရလဒ်များ
၅။ ကချင်ပြည်နယ်အတွင်း ကြိုတင်မဲပေးမှု အခြေအနေ
၆။ ကချင်ပြည်နယ်အတွင်း ပယ်မဲများ
၇။ ကေအိုင်အိုအုပ်ချုပ်ရာဒေသများရှိ မဲပေးမှုအခြေအနေအချို့

# ကချင်ပြည်နယ်မြေပုံ




http://www.myanmars.net/myanmar/kachin-state.htm
Copyright© 1998-2008 by Myanmar's NET,
Yangon, Myanmar. All rights reserved. http://www.myanmars.net

# ဆောင်ရွက်မှု အကျဉ်း

၂၀၀၈ခုနှစ် မေလတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (SPDC) ကပြည်လုံးကျွတ် ဆန္ဒခံယူပွဲတစ်ရပ်ကျင်းပခဲ့သည်။ ဤဆန္ဒခံယူပွဲမှာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် ပတ်သက်၍ ပြည်သူတို့၏ သဘောထား ဆန္ဒကို တောင်းခံရယူရန် ကျင်းပခဲ့ခြင်းဖြစ်သည်။ ယခု အစီရင်ခံစာတွင် ဤဆန္ဒခံယူပွဲတစ်ခုလုံးအပေါ် ခြုံငုံသုံးသပ်ထားပြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဆန္ဒခံယူပွဲအတွင်း လုပ်ကိုင်ဆောင်ရွက်ခဲ့ပုံများကို အသေးစိတ် လေ့လာသုံးသပ်ထားသည်။ အဆိုပါလေ့လာသုံးသပ်ချက်များအပေါ် အခြေခံလျက် ဤဆန္ဒခံယူပွဲမှာ အတုအယောင်သက်သက်မျှသာဖြစ်ကြောင်း ယခုအစီရင်ခံစာက ကောက်ချက်ချထားသည်။ ကချင်ပြည်နယ် ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲဆိုလျှင် ပြည်သူတို့၏ ဆန္ဒသဘောထားကို လျစ်လျူရှုလျက် ဖွဲ့စည်းပုံ၏ ဥပဒေမူကြမ်း အတည်ပြုထောက်ခံနိုင်ရေးကိုသာ သိသိသာသာ ရည်ရွယ်ဆောင်ရွက်ခဲ့သည်။ အာဏာပိုင်များက နေရာအနှံ့အပြားတွင် မဲဆန္ဒရှင်များ၏ အခြေခံအခွင့် အရေးများကိုချိုးဖောက်လျက် ဆန္ဒခံယူပွဲတွင် အောင်ပွဲခံနိုင်ရေးအတွက် ကြိုးကြပ်ဆောင်ရွက်ခဲ့ကြသည်။ ထို့ပြင် လိမ်လည်လှည့်ဖြားမှု အများအပြားတွင်လည်း ၄င်းတို့ပါဝင်ပတ်သက်ခဲ့ကြသည်။ လိုရင်းတိုရှင်းပြောရလျှင် ၂၀၀၈ ခုနှစ် မေလ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ နိုင်ငံသားတို့၏ အုပ်ချုပ်မှုဆိုင်ရာ သဘောတူညီချက်ကို တရားဥပဒေနှင့်အညီ ရယူကျင်းပခြင်းမျိုးမဟုတ်ပဲ ပြည်သူတို့၏ ဆန္ဒသဘောထားကို လျစ်လျူရှုလျက် မိမိတို့၏ စိုးမိုးအုပ်ချုပ်မှု တည်တံ့ခိုင်မြဲရေးတည်းဟူသော စစ်အစိုးရ၏ သန္နိဋ္ဌာန်ကိုသာ ထင်ဟပ်ပေါ်လွင်စေခဲ့ခြင်း ဖြစ်သည်။

ဒီမိုကရေစီ ပေါ်ထွန်းရေး “လမ်းပြမြေပုံ ” စတုတ္ထအဆင့်ဖြစ်သော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပဆောင်ရွက်ခဲ့ပုံကား “စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ”သရုပ်သကန်ကို ဖော်ထုတ်ပြသလိုက်ခြင်းဖြစ်သကဲ့သို့ ၂၀၁၀ တွင် ၄င်းတို့ ကျင်းပမည်ဟု ကတိပေးထားသော ရွေးကောက်ပွဲအတွက် အတိတ်ဆိုး၊ နိမိတ်ဆိုးပြလိုက်ခြင်း ပင်ဖြစ်ပါသည်။

နိုင်ငံရေးဆိုင်ရာအချက်အလက်များလေ့လာစုဆောင်းရေးနှင့် သုံးသပ်အကဲဖြတ်ရေးအဖွဲ့ (IPAD) သည် မြန်မာနိုင်ငံအတွက် နစ်မြှုပ်ဆောင်ရွက်လျက်ရှိသည့် မူဝါဒရေးရာသုတေသနနှင့် လေ့ကျင့်ရေးဆိုင်ရာ လွတ်လပ်သောအဖွဲ့အစည်းတစ်ခုဖြစ်သည်။ IPAD သည် ဤ အစီရင်ခံစာအား ဆန္ဒခံယူပွဲ၏ တရားဘောင်မဝင်မှုများ အကြောင်းကို ပြည်သူလူထုအား အသိပေးနိုးဆော်နိုင်ရန် ရေးသားပြုစုခဲ့ခြင်းဖြစ်သည်။ ၂၀၀၈ ခုနှစ် ဇန်ဝါရီလတွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည်။ IPAD သည် လူ့အခွင့်အရေးဆိုင်ရာ အချက်အလက် အထောက်အထားများ ရှာဖွေစုဆောင်းခြင်း၊ နိုင်ငံရေးအရခွဲခြမ်းစိပ်ဖြာသုံးသပ်မှုများ ပြုလုပ်ခြင်းနှင့် အောက်ခြေမှစ၍ လေ့ကျင့်သင်ကြားမှုများ ပြုလုပ်ပေးခြင်း အစရှိသောလုပ်ငန်းများကိုဆောင်ရွက်လျက် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးနှင့် တာဝန်ရှိရှိ အုပ်ချုပ်စီမံရေး တို့ကို ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသော အဖွဲ့ဖြစ်သည်။

# အစီရင်ခံစာရေးသားရခြင်းရည်ရွယ်ချက်

ဤအစီရင်ခံစာအား ရေးသားပြုစုရာတွင် ရည်ရွယ်ချက်၃ခုထားရှိပါသည်။ ပြီးခဲ့သောဆန္ဒခံယူပွဲနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်နှင့် လက်တွေ့ကျကျ ရှုမြင်သုံးသပ်နိုင်စေရန်၊ အသိအမြင်ပိုမိုနိုးကြားစေရန်နှင့် သမိုင်းမှတ်တမ်း တစ်ခုအနေဖြင့် ဆောင်ကျဉ်းပေးရန်ဟူ၍ဖြစ်ပါသည်။

၂၀၀၈ခုနှစ် ဆန္ဒခံယူပွဲတွင် တရားမဲ့ပြုကျင့်ခံရမှုများကို မဲဆန္ဒရှင်များကိုယ်တိုင် နဖူးတွေ့ဒူးတွေ့ ကြုံခဲ့ရပြီးဖြစ်ပါသည်။ သို့သော် အဆိုပါဆန္ဒခံယူပွဲတွင် မဲဆန္ဒရှင်များအနေဖြင့် ၎င်းတို့၏ ရသင့်ရထိုက်သည့် အခြေခံအခွင့်အရေးများ ခံစားခွင့်မရအောင် စနစ်တကျ ဟန့်တားပိတ်ပင်ခံရပုံများနှင့် အာဏာပိုင်တို့ ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်ခဲ့ကြသည့် နောက်ဆက်တွဲဖြစ်ရပ်များကိုမူ ရှင်းရှင်းလင်းလင်းသိကောင်းမှ သိကြပါလိမ့်မည်။ ထို့ကြောင့် ဤဆန္ဒခံယူပွဲနှင့် ပတ်သက်၍ ကျယ်ပြန့်ပြည့်စုံသော ရုပ်ပုံကားချပ်တစ်ခုသဖွယ် ပြည်သူပြည်သားတို့ ရှင်းလင်းထင်သာစွာသိမြင်နိုင်စေရန် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်တစ်ကွ ထိုဆန္ဒခံယူပွဲအတွင်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပုံများကို ဤအစီရင်ခံစာက အသေးစိတ် ရှုမြင်သုံးသပ် ရေးသား ထားသည်။ မြန်မာပြည်ရှိ အခြားဒေသများတွင် ပြုလုပ်ခဲ့သည့် ဆန္ဒခံယူပွဲနှင့် ပတ်သက်သည့် သတင်းပေးပို့ချက်များတွင် ဖော်ပြပါရှိသည့် အဖြစ်အပျက်များမှာလည်း ဤနည်းနှင်နှင်ပင်ဖြစ်ပါသည်။[၁]

ထို့ပြင် မြန်မာပြည်သူတို့အဖို့ မဲဆန္ဒရှင်အဖြစ် မိမိတို့ ရသင့်ရထိုက်သော အခြေခံအခွင့်အရေးများအကြောင်း သိရှိရန်နှင့် အဆိုပါအခွင့်အရေးများအပေါ် အစိုးရက မည်သည့်အတိုင်းအတာအထိ အလေးဂရုပြုကြောင်း အကဲဖြတ်ရန်အတွက် ဤအစီရင်ခံစာအား ကိရိယာတစ်ခုသဖွယ် အသုံးပြုနိုင်ရန်ရည်ရွယ်ပါသည်။ ၂၀၁၀ ရွေးကောက်ပွဲ နီးကပ်လာသည်နှင့်အမျှ ပြည်သူပြည်သားတို့အနေဖြင့် မိမိတို့၏မဲပေးပိုင်ခွင့် အခွင့်အရေးများနှင့်တစ်ကွ ၂၀၀၈ခုနှစ် အတွင်း အဆိုပါအခွင့်အရေးများ ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခံခဲ့ရပုံများကို သိရှိနှလုံးသွင်းထားရန် လိုအပ်ပါသည်။ ပြည်သူပြည်သား တို့အနေဖြင့် မိမိတို့၏ အခွင့်အရေးများကို နားလည်သိရှိခြင်းလည်းမရှိ အစိုးရဘက်မှ အဆိုပါအခွင့် အရေးများကို အလေးဂရုပြုလာစေရန် တောင်းဆိုခြင်းလည်းမပြုဟုဆိုလျှင် အာဏာရှင်စနစ်သာ သက်ဆိုးရှည် သွားပါလိမ့်မည်။

နောက်ဆုံးအချက်အနေဖြင့် ၂၀၀၈ ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် အဆိုပါဆန္ဒခံယူပွဲကို အကြောင်းပြုလျက် တရားမဲ့ကျူးလွန်ဖောက်ဖျက်ခဲ့မှုများအပေါ် သမိုင်းမှတ်တမ်းတင်ရန် ရည်ရွယ်လျက် ဤအစီရင်ခံစာအား ရေးသားပြုစုခဲ့ခြင်းဖြစ်ပါသည်။

---

၁။ "လွတ်လပ်မှုလည်းမရှိ၊ တရားမျှတမှုလည်းမရှိသည့် မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆန္ဒခံယူပွဲ" အများပြည်သူဆိုင်ရာ နိုင်ငံတကာဥပဒေနှင့်မူဝါဒရေးရာ လေ့လာရေးအဖွဲ့ မေလ ၂၀၀၈။ ဗမာ(မြန်မာ) "၂၀၀၈မေလ (၁၀)ရက်ဆန္ဒခံယူပွဲနှင့် ပတ်သက်သော ကနဦးအစီရင်ခံစာ" ၈၈မျိုးဆက်သစ်ကျောင်းသားများ၊ ရန်ကုန် မေ-၂၀-၂၀၀၈။ "ဆန္ဒခံယူပွဲအားစောင့်ကြည့်လေ့လာခြင်း၊ န. အ. ဖ အဖွဲ့၏ မြန်မာနိုင်ငံဆန္ဒခံယူပွဲအား ကြီးကြပ်ခြင်း" အမှတ် ၁၊ ဧပြီ -၂ -၂၀၀၈၊ အမှတ် ၂၊ မေ-၁၂-၂၀၀၈ မြန်မာ့ရုံပုံငွေအဖွဲ့ ကုလသမဂ္ဂရုံးခွဲ၊ နှင့်ကုလသမဂ္ဂလူ့အခွင့်အရေးကျွမ်းကျင်သူ David Brunntrom က " မြန်မာနိုင်ငံ၏ မဲပေးပွဲအစီအစဉ်အား သဘာဝယုတ္တိကင်းမဲ့ကြောင်း သမုဒ်" ဟူသည့် ခေါင်းစဉ်ပါ ၂၀၀၈၊ ဧပြီ(၁၄)ရက်ရိုက်တာသတင်းတို့တွင်လည်းရှု။

# နိဒါန်း

၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆန္ဒခံယူပွဲတွင် ကချင်ပြည်နယ်၌ မဲပေးပိုင်ခွင့်ရှိသူများအားလုံး၏ ၉၈. ၅၈ ရာခိုင်နှုန်းဖြစ်သည့် လူဦးရေ ၇၂၂၅၆၄ဦးက မဲဆန္ဒပေးကြောင်း အစီရင်ခံထားသည်။ အဆိုပါမဲလာပေးသူတို့၏ ၈၇. ၀၃ရာခိုင်နှုန်းက ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းအတည်ပြုရေးအတွက် ထောက်ခံဆန္ဒမဲပေးကြကြောင်းလည်း ဆိုထားပါသည်။ အဆိုပါစာရင်းဇယားများကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကချင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက ပြုစုရေးသားကာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်သို့ တင်ပြအစီရင်ခံခဲ့ခြင်းဖြစ်သည်။ သို့သော်အဆိုပါ စာရင်းဇယားများကို လူသိရှင်ကြားထုတ်ပြန်ကြေညာခဲ့ခြင်းကား မပြုခဲ့ပါ။

ပေါ်ထွက်လာသည့် အဆိုပါရလဒ်များသည် အမှန်တကယ်စိတ်ချယုံကြည်နိုင်ပါ၏လော။ မဲပေးသူ ၇၂၂၅၆၄ဦး၏ ၈၇. ၀၃ရာခိုင်နှုန်းဖြစ်သော ကချင်ပြည်သူ ၆၂၈၊၈၃၀ဦးတို့က ဖွဲ့စည်းပုံအခြေခံဥပဒေကို ထောက်ခံအတည်ပြု ပေးခြင်းသည်သာလျှင် မိမိတို့အဖို့ အကောင်းဆုံး ရွေးချယ်စရာနည်းလမ်းဖြစ်သည်ဟု အမှန်တကယ်သက်ဝင်ယုံကြည်ပြီး ထောက်ခံဆန္ဒမဲပေး ခဲ့ကြခြင်းဖြစ်ပါသလော။ သို့တည်းမဟုတ် အခြားအကြောင်းအချက်များကြောင့် ထောက်ခံဆန္ဒမဲ ပေးခဲ့ရခြင်းလော။ သို့တည်းမဟုတ် ဤမျှများပြားသည့် ပြည်သူလူထုကြီးက မဲပေးခဲ့သည်ဆိုသည်မှာလည်း အမှန် တကယ်ဟုတ်ပါ၏လော။

ဆန္ဒခံယူပွဲကျင်းပပုံကျင်းပနည်းများကို လေ့လာအကဲဖြတ်ရန်အတွက် IPAD က ၂၀၀၈ခုနှစ်မတ်လနှင့် ဇူလိုင်လအတွင်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိမဲရုံများသို့ စုံစမ်းလေ့လာသူများကို စေလွှတ်ဖြန့်ချထားခဲ့ သည်။ အဆိုပါစုံစမ်းလေ့လာသူတို့က ဖွဲ့စည်းပုံဥပဒေမူကြမ်းအား ထောက်ခံသူများကိုရော ဆန့်ကျင်ကန့်ကွက်သူများကို

**ဇယား (၁)**

**ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကချင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၏ ၂၀၀၈ ခုနှစ် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဆိုင်ရာ စာရင်းဇယား**

| စဉ် | ခရိုင်/မြို့နယ် | မဲရုံအရေအတွက် | မဲပေးပိုင်ခွင့်ရှိသူအရေအတွက် | မဲရုံတစ်ရုံချင်းအလိုက် ဦးရေ | မဲထည့်သူအရေအတွက် | | | | | မဲပေးမှုအခြေအနေများ | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | မဲရုံများတွင် မဲလာထည့်သူ | ကြိုတင်မဲ | မဲထည့်သူစုပေါင်း | မဲပေးသူ ရာခိုင်နှုန်း | ကြိုတင်မဲရာခိုင်နှုန်း | ထောက်ခံမဲ | | ကန့်ကွက်မဲ | | ပယ်မဲ | |
| | | | | | | | | | | အရေအတွက် | ရာခိုင်နှုန်း | အရေအတွက် | ရာခိုင်နှုန်း | အရေအတွက် | ရာခိုင်နှုန်း |
| | မြစ်ကြီးနားခရိုင် | ၂၅၁ | ၂၀၉,၉၁၇ | ၈၃၆ | ၁၇၀,၆၃၁ | ၃၅,၈၉၀ | ၂၀၆,၅၂၁ | ၉၈.၃၈% | ၁၇.၃၈% | ၁၇၆,၇၆၉ | ၈၅.၅၉% | ၂၄,၃၆၀ | ၁၁.၈၀% | ၅,၃၉၂ | ၂.၆၁% |
| ၁ | မြစ်ကြီးနား | ၁၀၅ | ၁၁၇,၆၇၃ | ၁,၁၂၁ | ၁၀၃,၀၄၁ | ၁၄,၅၇၀ | ၁၁၇,၆၁၁ | ၉၉.၉၅% | ၁၂.၃၉% | ၁၀၃,၇၅၃ | ၈၈.၂၂% | ၁၀,၇၂၀ | ၉.၁၁% | ၃,၁၃၈ | ၂.၆၇% |
| ၂ | ဝိုင်းမော် | ၅၉ | ၅၁,၃၇၅ | ၈၇၁ | ၄၀,၈၅၆ | ၈,၁၄၅ | ၄၉,၀၀၁ | ၉၅.၃၈% | ၁၆.၆၂% | ၃၇,၆၄၆ | ၇၆.၈၃% | ၉,၆၇၄ | ၁၉.၇၄% | ၁,၆၁၈ | ၃.၄၃% |
| ၃ | တနိုင်း | ၂၇ | ၂၅,၁၅၅ | ၉၃၂ | ၁၅,၄၉၁ | ၉,၆၆၄ | ၂၅,၁၅၅ | ၁၀၀.၀၀% | ၃၈.၄၂% | ၂၂,၉၁၈ | ၉၁.၁၁% | ၁,၉၉၃ | ၇.၉၂% | ၂၄၄ | ၀.၉၇% |
| ၄ | ချီဖွေ | ၃၉ | ၈,၃၆၆ | ၂၁၅ | ၁၅,၄၉၁ | ၁,၃၅၉ | ၈,၃၆၆ | ၁၀၀.၀၀% | ၁၆.၂၄% | ၇,၇၇၇ | ၉၂.၉၆% | ၅၁၁ | ၆.၁၁% | ၇၈ | ၀.၉၃% |
| ၅ | ဆော့လော် | ၉ | ၂,၃၂၄ | ၂၅၈ | ၇၁၈ | ၁,၅၅၇ | ၂,၂၇၅ | ၉၇.၈၉% | ၆၈.၄၄% | ၂,၁၉၉ | ၉၆.၆၆% | ၆၈ | ၂.၉၉% | ၈ | ၀.၃၅% |
| | အင်ဂျန်ရန် | ၁၂ | ၅,၀၂၄ | ၄၁၉ | ၃,၅၁၈ | ၅၉၅ | ၄,၁၁၃ | ၈၁.၈၇% | ၁၄.၄၇% | ၂,၄၇၆ | ၆၀.၂၀% | ၁,၃၉၄ | ၃၃.၈၉% | ၂၄၃ | ၅.၉၁% |
| | မိုးညှင်းခရိုင် | ၄၂၁ | ၃၀၃,၃၂၆ | ၇၂၀ | ၂၃၇,၈၆၂ | ၆၂,၉၃၀ | ၃၀၀,၇၉၂ | ၉၉.၁၆% | ၂၀.၉၂% | ၂၇၄,၁၉၆ | ၉၁.၁၆% | ၂၂,၀၈၉ | ၇.၃၄% | ၄,၅၀၇ | ၁.၅၀% |
| ၁ | မိုးညှင်း | ၁၄၀ | ၁၀၀,၉၀၇ | ၇၂၁ | ၈၁,၆၈၆ | ၁၉,၂၂၁ | ၁၀၀,၉၀၇ | 100.00% | 19.05% | ၈၉,၅၆၉ | ၈၈.၇၆% | ၉,၄၆၇ | ၉.၃၈% | ၁,၈၇၁ | ၁.၈၅% |
| ၂ | မိုးကောင်း | ၇၉ | ၆၂,၆၉၁ | ၇၉၄ | ၅၀,၆၃၀ | ၉,၅၂၇ | ၆၀,၁၅၇ | ၉၅.၉၆% | ၁၅.၈၄% | ၅၂,၄၃၅ | ၈၇.၁၆% | ၇,၁၀၅ | ၁၁.၈၁% | ၆၁၇ | ၁.၀၃% |
| ၃ | ဖားကန့် | ၂၀၂ | ၁၃၉,၇၂၈ | ၆၉၂ | ၁၀၅,၅၄၆ | ၃၄,၁၈၂ | ၁၃၉,၇၂၈ | ၁၀၀.၀၀% | ၂၄.၄၆% | ၁၃၂,၁၉၂ | ၉၄.၆၁% | ၅,၅၁၇ | ၃.၉၅% | ၂,၀၁၉ | ၁.၄၄% |
| | ဗန်းမော်ခရိုင် | ၂၅၆ | ၁၇၃,၁၃၉ | ၆၇၆ | ၁၄၁,၂၂၇ | ၂၉,၀၈၄ | ၁၇၀,၃၁၁ | ၉၃.၃၇% | ၁၇.၀၈% | ၁၄၁,၁၇၄ | ၈၂.၈၉% | ၂၄,၄၈၈ | ၁၄.၃၈% | ၄,၆၄၉ | ၂.၇၃% |
| ၁ | ဗန်းမော် | ၇၆ | ၆၁,၆၅၈ | ၈၁၁ | ၅၂,၀၈၁ | ၈,၅၅၀ | ၆၀,၆၃၁ | ၉၈.၃၃% | ၁၄.၁၀% | ၅၀,၆၃၀ | ၈၃.၅၁% | ၇,၈၁၆ | ၁၂.၈၉% | ၂,၁၈၅ | ၃.၆၀% |
| ၂ | မိုးမောက် | ၇၂ | ၃၅,၄၁၇ | ၄၉၂ | ၂၆,၄၅၃ | ၈,၈၅၉ | ၃၅,၃၁၂ | ၉၉.၇၀% | ၂၅.၀၉% | ၂၇,၈၈၅ | ၇၈.၉၇% | ၆,၇၁၇ | ၁၉.၀၂% | ၇၁၀ | ၂.၀၁% |
| ၃ | မန်စီ | ၅၃ | ၃၂,၀၅၃ | ၆၀၅ | ၂၃,၆၆၂ | ၇,၁၃၈ | ၃၀,၈၀၀ | ၉၆.၀၉% | ၂၃.၁၈% | ၂၂,၄၆၈ | ၇၂.၉၅% | ၇,၀၈၅ | ၂၃.၀၀% | ၁,၂၄၇ | ၄.၀၅% |
| ၄ | ရွှေကူ | ၅၅ | ၄၄,၀၁၁ | ၈၀၀ | ၃၉,၀၃၁ | ၄,၅၃၇ | ၄၃,၅၆၈ | ၉၈.၉၉% | ၁၀.၄၁% | ၄၀,၁၉၁ | ၉၂.၂၅% | ၂,၈၇၀ | ၆.၅၉% | ၅၀၇ | ၁.၁၆% |
| | ပူတာအိုခရိုင် | ၁၄၁ | ၄၆,၅၅၅ | ၃၃၀ | ၃၀,၀၂၁ | ၁၄,၉၁၉ | ၄၄,၉၄၀ | ၉၆.၅၃% | ၃၃.၂၀% | ၃၆,၆၉၁ | ၈၁.၆၄% | ၇,၃၆၂ | ၁၆.၃၈% | ၈၈၇ | ၁.၉၇% |
| ၁ | ပူတာအို | ၅၂ | ၂၆,၂၇၅ | ၅၀၅ | ၁၈,၄၀၃ | ၇,၈၇၂ | ၂၆,၂၇၅ | ၁၀၀.၀၀% | ၂၉.၉၆% | ၂၀,၃၃၄ | ၇၇.၃၉% | ၅,၂၈၉ | ၂၀.၁၃% | ၆၅၂ | ၂.၄၈% |
| ၂ | မချမ်းဘော | ၁၈ | ၄,၇၉၆ | ၂၆၆ | ၃,၁၃၉ | ၁,၆၅၇ | ၄,၇၉၆ | ၁၀၀.၀၀% | ၃၄.၅၅% | ၄,၃၀၈ | ၈၉.၈၂% | ၄၆၇ | ၉.၇၄ | ၂၁ | ၀.၄၄% |
| ၃ | နောက်မွန် | ၂၂ | ၃,၈၃၂ | ၁၇၄ | ၁,၄၆၀ | ၂,၃၇၂ | ၃,၈၃၂ | ၁၀၀.၀၀% | ၆၁.၉၀% | ၃,၇၆၂ | ၉၈.၁၇% | ၃၆ | ၀.၉၄% | ၃၄ | ၀.၈၉% |
| ၄ | ခေါင်လန်ဖူး | ၃၁ | ၆,၉၆၈ | ၂၂၅ | ၄,၈၂၂ | ၂,၁၄၆ | ၆,၉၆၈ | ၁၀၀.၀၀% | ၃၀.၈၀% | ၆,၅၀၈ | ၉၃.၄၀% | ၄၃၁ | ၆.၁၉% | ၂၉ | ၀.၄၂% |
| ၅ | ဆွမ်ပရာဘွမ် | ၁၈ | ၄,၆၈၄ | ၂၆၀ | ၂,၁၉၇ | ၈၇၂ | ၃,၀၆၉ | ၆၅.၅၂% | ၂၈.၄၁% | ၁,၇၇၉ | ၅၇.၉၇% | ၁,၁၃၉ | ၃၇.၁၁% | ၁၅၁ | ၄.၉၂% |
| | စုစုပေါင်း | ၁,၀၆၉ | ၇၃၂,၉၃၇ | ၆၈၆ | ၅၇၉,၇၄၁ | ၁၄၂,၈၂၃ | ၇၂၂,၅၆၄ | ၉၈.၅၈% | ၁၉.၇၇% | ၆၂၈,၈၃၀ | ၈၇.၀၃% | ၇၈,၂၉၉ | ၁၀.၈၃% | ၁၅,၄၃၅ | ၂.၁၄% |

ပါ တွေ့ဆုံမေးမြန်းခဲ့သည်။ ၎င်းတို့တွေ့ဆုံမေးမြန်းခဲ့သူများထဲတွင် မဲရုံတာဝန်ရှိသူများ၊ အစိုးရအရပ်သားဝန်ထမ်းများ စစ်ဘက်ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအဖွဲ့ဝင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ လူငယ်များနှင့် သက်ကြီးရွယ်အိုများ ပါဝင်သည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်က ဆန္ဒခံယူပွဲရလဒ်များ မပေါက်ကြားရန် အကြီးအကျယ် ကန့်သတ်ချုပ်ချယ် ခဲ့သော်လည်း ယုံကြည်အားထားနိုင်သော မဲစာရင်းများကို IPAD ကလက်ခံရရှိခဲ့သည်။ စာရင်းများမှာ ဆန္ဒခံယူပွဲ ကျင်းပရေး ကချင်ပြည်နယ်အဖွဲ့ခွဲက ကောက်ယူပြုစုခဲ့ပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင်ထံ တင်ပြအစီရင်ခံခဲ့သော ကိန်းဂဏန်းများဖြစ်သည်။

IPAD ၏လေ့လာသုတေသနပြုချက်အရ နေပြည်တော်မှသည် အောက်ခြေရပ်ကွက်ကျေးရွာအထိ၊ အဆင့်ဆင့်သောအာဏာပိုင်တို့သည် လွတ်လပ်မှုနှင့်တရားမျှတမှုလည်းမရှိ ၎င်းတို့ကိုယ်တိုင် ထုတ်ပြန်ခဲ့သည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကိုလည်း အတိအလင်းချိုးဖေါက်ကာ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ထောက်ခံအတည်ပြု နိုင်ရေးအတွက် ကချင်ပြည်နယ်အတွင်း၌ ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် အတူလက်တွဲဆောင်ရွက်ခဲ့ကြသည်။[၂]

ဤအစီရင်ခံစာတွင် ဆန္ဒခံယူပွဲနှင့်သက်ဆိုင်သည့် နိုင်ငံရေးအခင်းအကျင်း အနေအထားကို အကျဉ်းသဘော ထည့်သွင်း ဖော်ပြထားသည်။ ထို့ပြင်စစ်မှန်သော ဆန္ဒခံယူပွဲ တစ်ရပ်၏ သဘောတူညီချက် ဆိုင်ရာ ဒီမိုကရေစီစံနှုန်းနှင့် အဆိုပါ စံနှုန်းကိုလေးစား လိုက်နာ ဆောင်ရွက်ရမည့် ဆန္ဒခံယူပွဲဆိုင်ရာ အနိမ့်ဆုံးနိုင်ငံတကာ စံချိန်စံညွှန်းများကို အသေးစိတ်ဖွင့်ဆို ရှင်းပြထားပါသည်။ ထို့နောက် ဤအစီရင်ခံစာက ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ကြုံတွေ့ခဲ့ရသည့် ဆန္ဒခံယူပွဲအခြေအနေများ အပေါ် အထက်ပါစံချိန်စံညွှန်းများနှင့်ချိန်ထိုးလျက် အကဲဖြတ် သုံးသပ် ထားသည်။ ထို့ပြင်ဆန္ဒခံယူပွဲနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးလုပ်ငန်းစဉ် တို့နှင့် သက်ဆိုင်ပတ်သက် သည့် အဓိကကျသော အချက်အလက်အထောက်အထားများကိုလည်း ဤအစီရင်ခံစာတွင် နောက်ဆက်တွဲအဖြစ် ထည့်သွင်း ဖေါ်ပြထားပါသည်။

၂။ “ ၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ ” နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁/၂၀၀၈ (၂၀၀၈ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ရက် အခန်း(၇)၊ အခန်း(၈)

# နောက်ခံကားချပ်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့(နဝတ)မှအာဏာရယူခဲ့သည့် ၁၉၈၈ ခု စက်တင်ဘာ (၁၈)ရက်မှစ၍ မြန်မာနိုင်ငံအား ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲ အုပ်ချုပ်ခဲ့ခြင်းဖြစ်သည်။ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကား စစ်တပ်အုပ်စိုးမှု ခိုင်မာသထက်ခိုင်မာအောင် အကာအကွယ်ပေးမည့်ဖွဲ့စည်းပုံအခြေခံတစ်ရပ် တရားဝင်ပေါ်ပေါက်လာရေးအတွက် စစ်အစိုးရကြိုးပမ်းအားထုတ်မှု၏ အမြင့်ဆုံးရည်မှန်းချက်ပန်းတိုင်ပင်ဖြစ်သည်။ဆန္ဒခံယူပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်ခဲ့ပုံများမှာလည်း ပိုမိုအလှမ်းကျယ်သည့် ဤရည်ရွယ်ချက် လုပ်ငန်းစဉ်များနှင့်ကိုက်ညီအောင် စီစဉ်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

၁၉၉၀ပြည့်နှစ်တွင် နိုင်ငံတစ်ဝှမ်းရွေးကောက်ပွဲများ ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် နေရာ ၄၈၅ နေရာအနက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၃၉၂ နေရာ၊ ရှမ်းတိုင်းရင်းသား ဒီမိုကရေစီအဖွဲ့ချုပ်က ၂၃ နေရာ စစ်တပ်ကျောထောက်နောက်ခံပြု တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ၁၀ နေရာစသည်ဖြင့် အသီးသီး အနိုင်ရရှိခဲ့ကြသည်။ (၁၉၉၀ပြည့်နှစ်ရွေးကောက်ပွဲရလဒ်များအား နောက်ဆက်တွဲ(၁)အဖြစ် အကျဉ်းချုပ်ဖော်ပြထားသည်) သို့ရာတွင်ရွေးကောက်ပွဲအရ အသစ်ပေါ်ထွန်းလာတော့မည့် ပြည်သူ့လွှတ်တော်ကြီးအား ဥပဒေပြုအဖွဲ့အစည်းကြီး အဖြစ်မှ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအဖွဲ့အဖြစ် အသွင်ကူးပြောင်းပစ်လိုက်သည့်အနေဖြင့် ၁၉၈၉ ခုနှစ် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေအားဆန့်ကျင်သွေဖီလျက် ၁/၉၀ ကြေညာချက်အား ၁၉၉၀ ပြည့်နှစ်ဇူလိုင်လ ၂၇ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။[၃]

တဖန် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ရေးဆွဲရန်အတွက် အမျိုးသားညီလာခံတစ်ရပ်ကျင်းပမည်ဖြစ်ကြောင်း ၁၉၉၂ ခုနှစ်တွင် နဝတအဖွဲ့က ကြေညာခဲ့သည်။ နဝတအစိုးရက ကိုယ်စားလှယ် ၇၀၂ ဦးခန့်အပ်ခဲ့သည်။ ကိုယ်စားလှယ်အများ စုမှာ နဝတမှရွေးချယ်ပေးခဲ့သည့် မြို့နယ်အဆင့်အာဏာပိုင်များဖြစ်ကြသည်။ ကိုယ်စားလှယ် ၉၉ဦးသာလျှင် ၁၉၉၀ ရွေးကောက်ပွဲတွင်ရွေးချယ်ခံခဲ့ရသည့် လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြသည်။ နဝတ က အမျိုးသားညီလာခံ၏ ဦးတည်ချက် ခြောက်ရပ်ကိုလည်း အောက်ပါအတိုင်းချမှတ်ခဲ့သည်။[၄]

၁။ ပြည်ထောင်စုမပြိုကွဲရေး။
၂။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
၃။ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။
၄။ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး။
၅။ နိုင်ငံတော်၌တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသောလောကပါလတရားများ ပိုမိုထွန်းကားရေး။
၆။ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်ကပါဝင်ထမ်းဆောင် နိုင်ရေးတို့ကို အစဉ်တစိုက်ဦးတည်သည်။

အမျိုးသားညီလာခံမှာ စပြီဆိုကတည်းက အငြင်းပွားစရာများဖြင့်စခဲ့သည်။ စစ်အစိုးရက ညီလာခံကို ထပ်တလဲလဲ ရပ်နားစေခဲ့ခြင်း၊ ကိုယ်စားလှယ်များကိုထုတ်ပယ်ခြင်း၊ အခြေအတင်ငြင်းခုံဆွေးနွေးမှုအားလုံးကို ဟန့်တားပိတ်ပင်ခြင်း စသည်တို့ကို ပြုလုပ်ခဲ့သည်။ ၁၉၉၃ ခုနှစ်ညီလာခံစတင်ပြီး ရက်ပိုင်းအတွင်းမှာပင်ကိုယ်စားလှယ်များက ညီလာခံ၏ အခြေခံမူ အမှတ် (၆)အချက်ကို ဆန့်ကျင် ကန့်ကွက်ခဲ့ကြသည်။[၅] ထိုအခါညီလာခံကို ခေတ္တရပ်နားလိုက်သည်။ ညီလာခံ ပြန်စပြီး မကြာမီတိုင်းရင်းသား ကိုယ်စားလှယ်များက ဗဟိုမှနိုင်ငံရေးအရ ချုပ်ကိုင်စီမံရမည်ဟူသော အဆိုပြုချက်အား

---

၃။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် နိုင်ငံရေးပါတီ အများစု၏ ဆန္ဒမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးဖြစ်ကြောင်းနှင့် ယနေ့အခြေအနေတွင် ပြည်သူများကရွေးကောက်တင်မြှောက်လိုက်သော ကိုယ်စားလှယ် များသည် အနာဂါတ် ဒီမိုကရေစီ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲရန်တာဝန်ရှိသည့် ပုဂ္ဂိုလ်များဖြစ်သည်ဟု ကြေညာချက် ၁/၉၀တွင်ဖော်ပြ ထားသည်။

၄။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အမိန့်ထုတ်ပြန်ချက်အမှတ် ၁၃/၉၂

၅။ “မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဖြစ်စဉ်ဖြစ်ရပ်များ”လူ့အခွင့်အရေးစောင့်ကြည့် လေ့လာရေးအဖွဲ့။အင်တာနက်စာမျက်နှာ www.hrw.org/reports/2008/burma0508/burma0508 chronology.pdf တွင်ကြည့်ရှုနိုင်သည်။

ဆန့်ကျင်ကန့်ကွက်ကြပြန်သည်။ န၀တကညီလာခံကို ထပ်မံရပ်နားလိုက်သည်။ တဖန် တိုင်းရင်းသားကိုယ်စားလှယ်များက ပြည်ထောင်စုစနစ် ဖန်တီးဖေါ်ထုတ်ရေးကို တောင်းဆိုခဲ့ကြပြီးနောက် ၁၉၉၃ ခုစက်တင်ဘာလတွင် ညီလာခံကို တတိယအကြိမ်မြောက် ရပ်နားခဲ့ရပြန်သည်။ ကိုယ်စားလှယ်တို့၏ ဆွေးနွေးတင်ပြချက်များအား စီစစ်ဖြတ်တောက်မှုအပေါ် ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)မှညီလာခံမတက်ပဲ ၂ ရက်ကြာ သပိတ်မှောက်နေခဲ့ပြီးနောက် ၁၉၉၅ ခုနိုဝင်ဘာလတွင် အစိုးရက NLD အားညီလာခံမှထုတ်ပယ်လိုက်သည်။ ထိုသို့ NLD အား ညီလာခံမှထုတ်ပယ်လိုက်မှုကြောင့် ညီလာခံသို့ ပါဝင်တက်ရောက်သည့် ရွေးကောက်ခံကိုယ်စားလှယ် အရေအတွက်မှာ ကိုယ်စားလှယ်အားလုံး၏ ၃ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သည်။ အမျိုးသားညီလာခံအား ၁၉၉၆ ခုနှစ် မတ်လ (၃၁) ရက်နေ့တွင်ရပ်နားလိုက်ပြီး နောက်ရှစ်နှစ်ကြာသည်အထိ ပြန်လည်ကျင်းပခြင်းမပြုတော့ပါ။

ထို့နောက် ၂၀၀၃ ခုနှစ်ဩဂုတ်လတွင် ဝန်ကြီးချုပ်အဖြစ် ပူပူနွေးနွေးခန့်အပ်ခံခဲ့ရသည့် စစ်ထောက်လှမ်းရေး အကြီးအကဲ ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒီမိုကရေစီသို့လျှောက်လှမ်းရန်အဆင့် ၇ ဆင့်ပါလမ်းညွှန်မြေပုံကိုထုတ်ပြန်လိုက်သည်။ **အဆင့် (၇) ဆင့်**မှာ အောက်ပါအတိုင်းဖြစ်သည်-

**၁။ ၁၉၉၆ ခုနှစ်မှစတင်၍ ယာယီအားဖြင့်ဆိုင်းငံ့ထားလျက်ရှိသောအမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပခြင်း၊**

**၂။ အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပပြီးစီးသည့်အခါ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီထွန်းကားရေးအတွက်လိုအပ်သောဆောင်ရွက်ဖွယ်ရာလုပ်ငန်းများကို တစ်ဆင့်ပြီးတစ်ဆင့်ဆက်လက်ဆောင်ရွက်ခြင်း၊**

**၃။ အမျိုးသားညီလာခံကြီးက ချမှတ်ပေးသောအခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကိုရေးဆွဲခြင်း၊**

**၄။ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုခြင်း၊**

**၅။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်များဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများကျင်းပခြင်း၊**

**၆။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်အစည်းအဝေးကျင်းပခြင်း၊**

**၇။ လွှတ်တော်မှရွေးကောက်တင်မြှောက်သော နိုင်ငံတော်အကြီးအကဲများနှင့် လွှတ်တော်မှဖွဲ့စည်းပေးသော အစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းများဖြင့် ခေတ်မီ၍ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ခြင်း၊**

ထို့နောက်လက်နက်ချထားသူများ စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူထားသူများ အပါအဝင် လက်နက်ကိုင် အုပ်စုများအား အမျိုးသားညီလာခံသို့ ကိုယ်စားလှယ်များစေလွှတ်ပေးရန် ပထမဆုံးအကြိမ် ဖိတ်ကြားခံရသည်။ အဆိုပါအဖွဲ့များတွင် ကချင်ပြည်နယ်မှနှစ်ဖွဲ့ပါဝင်သည်။ ၁၉၉၄ခုနှစ်က အပစ်အခတ်ရပ်ဆိုင်းထားခဲ့သည့် ကချင်လွတ်လပ်ရေးအဖွဲ့ (ကေအိုင်အို) နှင့် ၁၉၈၉ ခုနှစ်က လက်နက်ချခဲ့သည့် ကချင်အမျိုးသားဒီမိုကရက်တစ် တပ်မတော် (အင်ဒီအေကေ) တို့ဖြစ်သည်။ (ကချင်ပြည်နယ်ကိုယ်စားလှယ်များ စာရင်းကိုနောက်ဆက်တွဲ (၂) တွင်ကြည့်)

၂၀၀၄ ခုနှစ်၊ ဇွန်လ (၉) ရက်နေ့တွင် အမျိုးသားညီလာခံတက်ရောက်နေသည့် အပစ်အခတ်ရပ်စဲထားသည့် ၁၃ ဖွဲ့မှ တိုင်းရင်းသား ကိုယ်စားလှယ်များကညီလာခံတွင် အဖွဲ့ပေါင်းစုံပိုမိုပါဝင်စေရေးနှင့် ဒီမိုကရေစီနည်းလမ်းပိုကျရေး အဆိုပြုချက်များ တင်သွင်းခဲ့သည်။ (နောက်ဆက်တွဲ ၃ တွင်ကြည့်) အဆိုပါအဆိုပြုချက်များမှာ လုံး၀ဥသုံလစ်လျူရှုခြင်းခံခဲ့ရသည်။ ၂၀၀၇ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံပဋ္ဌမအကြိမ်နှင့် နောက်ဆုံးအကြိမ် စုံညီအစည်း အဝေးတွင် KIO အဖွဲ့က အမျိုးသားညီလာခံဥက္ကဋ္ဌနှင့် ပြည်ထောင်စုတိုင်းရင်းသားခေါင်းဆောင်များထံ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းအတွက် အခြေခံရမည့်မူများတွင် လိုအပ်သောပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် တိုက်တွန်းထားသည့် အချက် (၁၉) ချက်ပါ စာတစ်စောင်ကိုပေးပို့ခဲ့သေးသည်။ (နောက်ဆက်တွဲ (၄) တွင်ကြည့်)

အမျိုးသားညီလာခံဟူသည် နိုင်ငံတဝှမ်းမှကိုယ်စားပြုတက်ရောက်လာသည့် ကိုယ်စားလှယ်များအကြား ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးညှိနှိုင်းဆုံးဖြတ်အဖြေရှာရေးကို ရည်ရွယ်ပြုလုပ်ရန်ဖြစ်သော်လည်း ယခုညီလာခံတွင် မူကိုယ်စားလှယ်အများ စုအား အစိုးရမှခေါင်းခေါက် ရွေးချယ်ခန့်အပ်ခဲ့ခြင်းဖြစ်ပြီး မိမိတို့၏ အမြင်သဘောထားများကို

အပြန်အလှန် လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်း ဆွေးနွေးခွင့်မရအောင်လည်း တင်းတင်း ကြပ်ကြပ်ပိတ်ပင် ဟန့်တားခြင်းခံခဲ့ရသည်။ ထို့ကြောင့် အမျိုးသားညီလာခံမှ ချမှတ်ခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအခြေခံမူများကို ပြည်သူလူထုအများစုကြီးက နဂိုမူလကတည်းက လက်မခံနိုင်ကြောင်း ငြင်းပယ်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတကာမှအစိုးရများနှင့် ဥပဒေပညာရှင်များကလည်း အလားတူငြင်းပယ်ခဲ့ကြသည်။

ဒီမိုကရေစီသို့ လမ်းပြမြေပုံ၏ ဒုတိယအဆင့်ဖြစ်သော စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ဒီမိုကရေစီ စနစ်ထွန်းကားရေးအတွက် လိုအပ်သောအစီအမံများ ဆောင်ရွက်ရေးဆိုသည်ကို အသေးစိတ်ရှင်းလင်းဖော်ပြခြင်း မပြုဘဲ သိသိသာသာ ကျော်လွှားသွားခဲ့သည်။ တစ်ဖက်တွင်မူ နောက်လာမည့် အဆင့်များတွင် အနှောင့်အယှက်ပေးနိုင်မည့် နိုင်ငံရေးအတိုက်အခံတို့ အားဖမ်းဆီးနှိပ်ကွပ်မှုများ ဆက်တိုက်ပေါ်ပေါက်ခဲ့သည်။ ဥပမာအားဖြင့် ၂၀၀၇ ခုနှစ်စက်တင်ဘာလ နောက်ပိုင်းတွင် ရန်ကုန်မြို့ကြီးနှင့်တစ်ကွ မြန်မာပြည်အခြားအရပ်ဒေသများတွင် ပေါ်ပေါက်ခဲ့သည့် နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲရန် ငြိမ်းချမ်းစွာ တောင်းဆိုဆန္ဒပြမှုများအား စစ်အစိုးရက ပြင်းပြင်းထန်ထန် ရက်ရက်စက်စက်နှိပ်ကွပ်ခဲ့သည်။ ကုလသမဂ္ဂ၏ လူ့အခွင့်ရေးဆိုင်ရာ အထူးကိုယ်စားလှယ်၏ အဆိုအရ ရန်ကုန်မြို့တစ်မြို့တည်းတွင် အနည်းဆုံးလူ ၃၀ သေဆုံးခဲ့ကြောင်း အစီရင်ခံခဲ့သည်။[၆]

ထို့အပြင် နှိပ်ကွပ်မှုနောက်ဆက်တွဲအဖြစ် သံဃာတော် ၁၊၄၀၀ အပါအဝင် လူပေါင်း ၆၊၀၀၀ ခန့်လည်း အဖမ်းအဆီး ခံခဲ့ရသည်။ နောက်ပိုင်းတွင် အတော်များများပြန်လွှတ်ပေးခဲ့သော်လည်း ၂၀၀၈ ခုနှစ်ဒီဇင်ဘာလတွင် နိုင်ငံရေးအကျဉ်းသား အနည်းဆုံး ၂၁၆၄ ဦးရှိရာ ယမန်နှစ် ၂၀၀၇ ခုနှစ် စက်တင်ဘာလမတိုင်ခင်ကထက် ၂ ဆနီးပါး တိုးလာခြင်းပင်ဖြစ်သည်။[၇]

တတိယအဆင့်ဖြစ်သော အမျိုးသားညီလာခံမှ ချမှတ်ပေးခဲ့သည့် အခြေခံမူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအဆင့်ကို နအဖ အစိုးရမှ ခန့်အပ်ခဲ့သည့် ကိုယ်စားလှယ်များက လျှို့ဝှက်စွာ တက်သုတ်ရိုက် ရေးဆွဲပြီး အလျှင်အမြန် အဆုံးသတ်ခဲ့သည်။

၂၀၀၈ ခုနှစ်၊ မေလတွင် ကျင်းပခဲ့သည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကား ဒီမိုကရေစီလမ်းပြမြေပုံ၏ စတုတ္ထမြောက် အဆင့်ဖြစ်သည်။ အောက်မြန်မာပြည်တစ်လွှားတွင် မေလ (၃) ရက်နေ့က တိုက်ခတ်ခဲ့သော နာဂစ်ဆိုင်ကလုန်း မုန်တိုင်းကြီးကြောင့် လူပေါင်းတစ်သိန်းကျော်သေကြေပျက်စီးပြီး နောက်ထပ် လူပေါင်းတစ်သန်းကျော် အိုးမဲ့ အိမ်မဲ့ ဖြစ်ခဲ့ရသော်လည်း နအဖ အစိုးရက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအား ရက်ရွှေ့ဆိုင်းခြင်းမပြုဘဲ မြန်မာပြည်နေရာဒေသ အများစုတွင် မူလစီစဉ်ထားသည့်အတိုင်း ကျင်းပပြုလုပ်ခဲ့သည်။ ထို့နောက်တစ်ဖန် နောက်နှစ်ပတ်အကြာတွင် သဘာဝဘေးဒုက္ခကြီး၏ဒဏ်ကို မရှုမလှ ခံစားနေကြရသည့် ကြားမှမုန်တိုင်းဒဏ်ကြောင့် ပျက်စီးကြေမွသွားခဲ့ရသည့် ကျန် (၄၇) မြို့နယ်တွင် ထိုဆန္ဒခံယူပွဲကို ပြီးဆုံးအောင်ကျင်းပသွားခဲ့သည်။ အဆိုပါဆန္ဒခံယူပွဲတွင် စုစုပေါင်းမဲပေးခွင့်ရှိသူ အားလုံး၏ ၉၈. ၁၂ရာခိုင်နှုန်းက မဲပေးခဲ့ကြပြီး အဆိုပါမဲပေးသူများ၏ ၉၂. ၄၈ရာခိုင်နှုန်းက ဖွဲ့စည်းပုံဥပဒေမူကြမ်း အတည်ပြုရေးအတွက် ထောက်ခံမဲပေး ခဲ့ကြောင်း အစိုးရကထုတ်ပြန်ကြေညာခဲ့သည်။[၈] အဆိုပါ ဆန္ဒခံယူပွဲရလဒ်ကို အခြေခံလျှက် ဖွဲ့စည်းပုံ အခြေခံဥပဒေအား အတည်ပြုပြဋ္ဌာန်းလိုက်ကြောင်း နအဖ အစိုးရက ကြေညာခဲ့သည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲပြီးဆုံးပြီးနောက် ပြည်သူလွှတ်တော်ရွေးကောက်ပွဲများကို ၂၀၁၀ ခုနှစ်တွင် ကျင်းပပြုလုပ်မည် ဖြစ်ကြောင်း နအဖ အစိုးရကြေညာခဲ့သည်။[၉]

---

၆။ “မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေနှင့်ပတ်သက်၍ ကုလသမဂ္ဂအခွင့်အရေး အထူးကိုယ်စားလှယ် ပေါလိုဆာဂျီယိုပင်နဲရိုး၏ အစီရင်ခံစာ” ၂၀၀၇ ဒီဇင်ဘာ၇ရက် “၂၀၀၇ခုနှစ် မြန်မာနိုင်ငံ လူထုအုံကြွ ဆန့်ကျင်မှုအား နှိပ်ကွပ်ခြင်း၊ ချေမှုန်းဖြိုခွဲခြင်း” လူ့အခွင့် အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့ ၂၀၀၇ ဒီဇင်ဘာ ၆တွင် လည်းကြည့်

၇။ “၂၀၀၈ နိုဝင်ဘာ မြန်မာပြည်နိုင်ငံရေးအကျဉ်းသားများ အခြေအနေ” မြန်မာပြည်နိုင်ငံအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့ ၂၀၀၈ ဒီဇင်ဘာ။ အင်တာနက်စာမျက်နှာ- http://www.aappb.org/chronology%20pps in & november 2008pdf တွင်ကြည့်ရှုနိုင်ပါ သည်။

၈။ နိုင်ငံတော်အေးချမ်းသာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ကြေညာချက်အမှတ် ၇/၂၀၀၈၊ ၂၀၀၈ မေလ (၂၉)ရက် New Light Myanmar ၂၀၀၈၊ မေလ (၃၀)ရက်

၉။ အထက်ပါကြေညာချက် ဆန္ဒမဲပေးခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်မဲပေးသည့် ဆန္ဒမဲဖြင့် မဲအများ၏ အတည်ပြုပြဋ္ဌာန်းမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတွင် ဖော်ပြထားသည်။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အခန်း (၁၄)၊ ပုဒ်မ (၄၄၁)

## <u>သဘောတူညီချက်ဆိုင်ရာဒီမိုကရေစီစံနှုန်း</u>

ဆန္ဒခံယူပွဲတစ်ရပ်ပြုလုပ်ခြင်း၏ ရည်ရွယ်ချက်မှာ လက်တွေ့ချမှတ်ကျင့်သုံးမည့် ဥပဒေတစ်ရပ် သို့တည်းမဟုတ် မူဝါဒတစ်ရပ်အပေါ် ပြည်သူလူထုက မည်ရွေ့မည်မျှထောက်ခံသည် မထောက်ခံသည်ကို တိုင်းတာတွက်ချက်နိုင်ရန် ရည်ရွယ် ပြုလုပ်ခြင်းဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းမှာ စီမံအုပ်ချုပ်ခွင့်သဘောတူညီချက်ဟူသော သဘောတူညီမှုတစ်ရပ် ရရှိရေးအတွက် ကျင့်သုံးရမည့် ဒီမိုကရေစီစံနှုန်းကို ဖော်ထုတ်ထင်ဟပ်ထားခြင်းဖြစ်သည်။ ဤအချက်ကို ဒီမိုကရေစီရေးရာ အသွင်လက္ခဏာ တစ်ရပ်အဖြစ် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ဤအခွင့်အရေးကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ်(၂) အပိုဒ်ခွဲ (၃) တွင်အောက်ပါ အတိုင်း ရှင်းလင်းစွာဖော်ပြထားသည်။

"ပြည်သူပြည်သားတို့၏ဆန္ဒသည် အုပ်ချုပ်မှုအာဏာ၏ အခြေခံဖြစ်ရမည်။ အဆိုပါ ဆန္ဒကိုအချိန် ကာလပိုင်းခြားလျက် စစ်မှန်သောရွေးကောက်ပွဲများဖြင့် ထင်ရှားစေရမည်။ ရွေးကောက်ပွဲများတွင်လည်း လူတိုင်းအညီအမျှ ဆန္ဒမဲ ပေးနိုင်ခြင်း ရှိရမည့်အပြင် ထိုရွေးကောက်ပွဲများကို လျှို့ဝှက်မဲပေးစနစ်ဖြင့်ဖြစ်စေ၊ အလားတူလွတ်လပ်သော မဲပေး စနစ်ဖြင့်ဖြစ်စေ ကျင်းပရမည်" ဟူ၍ဖြစ်သည်။

နအဖ ထိပ်တန်းအာဏာပိုင်တို့ကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအား နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီကျင်းပသွားမည်။ အထူးသဖြင့် "**<u>လွတ်လပ်ပြီး</u>**" "**<u>တရားမျှတမှု</u>**" ရှိစေရပါမည်ဟူ၍ ကတိပြုထားသည့် ကြေညာချက်များကိုလူသိရှင်ကြားထုတ်ပြန်ကြေညာခဲ့သည်။[၁၀] "**<u>ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးဥပဒေ</u>**" တွင်လည်းဤဆန္ဒခံယူပွဲကို "လွတ်လပ်ပြီး" "**<u>တရားမျှတစွာ</u>**" ကျင်းပမည်ဟုဖော်ပြထားသည်။ [၁၁]

**ကုလသမဂ္ဂ၏အလိုအရ-**

ရွေးကောက်ပွဲများ "**<u>လွတ်လပ်မှု</u>**" ရှိမရှိဆိုသည်မှာ အဆိုပါရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်သူတို့၏ နိုင်ငံရေးဆန္ဒများ အပြည့်အဝဖော်ထုတ်နိုင်ရေးကို သက်ဆိုင်ရာအာဏာပိုင်တို့က မည်သည့်အတိုင်းအတာထိ ဖေါ်ဆောင်ပေးသနည်း ဆိုသောအချက်ပေါ်တွင် လုံးဝဥဿုံမူတည်သည်။ ကုန်ကုန်ပြောရလျှင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာ စာတမ်း(အပိုဒ် ၂၁ အပိုဒ်ခွဲ ၃ )အရ အုပ်ချုပ်ခွင့်အာဏာ တရားဝင်ဖြစ်ရေးအတွက် ဤနိုင်ငံရေးဆန္ဒသည်သာလျှင်အရင်းခံအကျဆုံးဖြစ်သည်။ [၁၂]

ရွေးကောက်ပွဲများတရားမျှတမှုရှိရန် လိုအပ်သည် ဟူသောအချက်သည်လည်း အလွန်ထင်ရှားသိသာသည့် နိုင်ငံတကာ စံနှုန်းတစ်ရပ်ဖြစ်သည်။ ထို့ကြောင့်ပြည်သူတို့၏ ဆန္ဒအား ဘောင်ခတ်ခြင်း၊ သို့တည်းမဟုတ် ကဖျက်ယဖျက် ပြုလုပ်ခြင်း စသည့်တို့ကြောင့် အကျိုးသက်ရောက်မှု တစုံတရာဖြစ်စေနိုင်သည့် မည့်သည့် အရေးယူဆောင်ရွက်မှုမျိုးကိုမဆို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း (အပိုဒ် ၂၁၊ အပိုဒ်ခွဲ-၃)အား ချိုးဖောက်ခြင်းဖြစ်ပြီး တရားမျှတမှု မရှိသော ရွေးကောက်ပွဲများကို ဖြစ်ပေါ်စေလိမ့်မည်။[၁၃]

---

၁၀။ မဲပေးမှုအား နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်မည်။ မြန်မာ့အလင်းသတင်းစာ ၂၀၀၈ခုနှစ်၊ မတ်လ (၉)ရက်။ " လာမည့်အပတ်တွင် သမိုင်းတင်မည့်ဆန္ဒခံယူပွဲကြီး ကျင်းပတော့မည်" မြန်မာတိုင်းမ် ၂၀၀၈ ခုနှစ်၊ ဧပြီ (၂၈)၊ မေ (၄)

၁၁။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးဥပဒေ အခန်း ၇ (က)၊ အခန်း (၈)

၁၂။ လူ့အခွင့်အရေးနှင့် ရွေးကောက်ပွဲများ။
ရွေးကောက်ပွဲများအပေါ် ဥပဒေ၊ နည်းပညာနှင့် လူ့အခွင့်အရေးရှုထောင့်တို့မှ ရှုမြင်သုံးသပ် ချက် လက်စွဲစာအုပ်။ ကုလသမဂ္ဂအခွင့်အရေးဌာန၊ နယူးယောက်နှင့် ဂျီနီဗာ ၁၉၉၄ ခုနှစ်၊ စာမျက်နှာ (၁၀)။ အင်တာနက်စာမျက်နှာ www.uhchar.ch/pdf/hrelections. pdf တွင်ကြည့်ရှုနိုင်ပါသည်။

၁၃။ အထက်ပါစာအုပ်

# နိုင်ငံတကာအနိမ့်ဆုံးစံသတ်မှတ်ချက်

စစ်မှန်သည့် ဆန္ဒခံယူပွဲတစ်ရပ်တွင် အင်္ဂါရပ်နှစ်ရပ် ပါဝင်သည်။ ပထမအင်္ဂါရပ်မှာ လုပ်ထုံးလုပ်နည်းနှင့် အညီဆောင်ရွက်ခြင်းဖြစ်သည်။ စစ်မှန်သောဆန္ဒခံယူပွဲဟူသည် လွတ်လပ်ပြီးတရားမျှတမှုရှိစွာ ဆောင်ရွက်ရသည့် လုပ်ငန်း တစ်ရပ်ဖြစ်သည်။ ဒုတိယအင်္ဂါရပ်မှာ ထွက်ပေါ်လာမည့်ရလဒ်ကို အဓိကဖောင်းပေးခြင်းဖြစ်သည်။

ဆန္ဒခံယူပွဲတစ်ရပ်သည် မဲဆန္ဒပေးသူတို့၏ လွတ်လပ်စွာဆန္ဒထုတ်ဖော်မှုကို ထင်ဟပ်ပေးရပါမည်။ ထို့ကြောင့် စစ်မှန်သောဆန္ဒခံယူပွဲဟူသည် ပြည်သူလူထု၏ ဆန္ဒကိုလွတ်လပ်စွာ ဖော်ထုတ်နိုင်စေရန် ဆောင်ရွက်ပေးသည့် လုပ်ငန်းပင် ဖြစ်ပါသည်။[၁၄] ဆန္ဒခံယူပွဲနှင့် ရွေးကောက်ပွဲများကို ကြီးကြပ်ဆောင်ရွက်ရန်အတွက် အနိမ့်ဆုံးစံချိန်စံညွှန်းများကို အစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများက အသေးစိတ်သဘောတူချမှတ်ထားချက်များရှိပါသည်။ အဆိုပါအနိမ့်ဆုံး စံချိန် စံညွှန်းများ သည် လွတ်လပ်ပြီးတရားမျှတသည့် ဆန္ဒခံယူပွဲတစ်ရပ်အတွက်လိုအပ်သည့် အခင်းအကျင်းအနေအထားများကို အသေးစိတ် ဖော်ပြထားခြင်းဖြစ်ပြီး အဆိုပါစံချိန်စံညွှန်းများကို နိုင်ငံအားလုံးက မဖြစ်မနေလိုက်နာဆောင်ရွက်ရမည့် နိုင်ငံတကာဥပဒေ တစ်ရပ်အဖြစ် သတ်မှတ်ပြဋ္ဌာန်းထားသည်။ အဆိုပါစံချိန်စံညွှန်းများ၏ အခရာအကျဆုံးအပိုင်းမှာ သဘောတူညီမှုဆိုင်ရာစံနှုန်းအား လေးစားလိုက်နာဆောင်ရွက်ရေးပင်ဖြစ်သည်။

အဆိုပါအနိမ့်ဆုံးအခြေခံသတ်မှတ်ချက်အရ ဆန္ဒခံယူပွဲတစ်ရပ်အားလွတ်လပ်ပြီး တရားမျှတမှုရှိမရှိနှင့် တရားဝင် မှုရှိမရှိကို အောက်ပါအခြေအနေများအား မည်မျှလိုက်နာဆောင်ရွက်သနည်း ဟူသော အချက်ပေါ်မူတည်၍ စဉ်းစား ဆုံးဖြတ်ရပေမည်။

- ⁕ ဆန္ဒခံယူပွဲအာဏာပိုင်များသည် သမာသမတ်ရှိရမည်။ ဆိုလိုသည်မှာ ဆန္ဒခံယူပွဲကို အကောင်အထည်ဖော် ဆောင်ရွက်ရသည့် ပုဂ္ဂိုလ်များသည် မဲဆန္ဒရှင်များ တစ်နည်းမဟုတ်တစ်နည်း မဲမပေး ပေးရလေအောင် အတင်း အဓမ္မ လှုံ့ဆော်ဆောင်ရွက်ခြင်းမပြုရ။
- ⁕ ဆန္ဒခံယူပွဲအား ပွင့်လင်းမြင်သာမှုရှိစွာ ပြုမူဆောင်ရွက်ရမည်။ ဤသို့ဖြစ်စေရန်အတွက် ဤဆန္ဒခံယူပွဲမှာ အမှန် တကယ်လွတ်လပ်ပြီး တရားမျှတစွာ ဆောင်ရွက်ကြောင်း ပေါ်လွင်စေရန် အလို့ငှာ အဆိုပါဆန္ဒခံယူပွဲအား အကောင်အထည်ဖော် ဆောင်ရွက်ပုံဆောင်ရွက်နည်းများကို နိုင်ငံသားများ၊ နိုင်ငံရေးသမားများနှင့် သတင်းမီဒီယာတို့အား လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေး ဝေဖန်ခွင့်ပြုရပါမည်။
- ⁕ မဲဆန္ဒပေးရန် အရည်အချင်းပြည့်မီသော နိုင်ငံသားအားလုံးအား မဲဆန္ဒရှင်အဖြစ် မှတ်ပုံတင်ခွင့်ပေးရမည်။ မဲဆန္ဒရှင်များအနေဖြင့် မဲဆန္ဒပေးမည့်အကြောင်းအရာအပေါ် ထောက်ခံခွင့်၊ ကန့်ကွက်ခွင့် အခွင့်အရေး အပါအဝင် မိမိတို့၏အခွင့်အရေး တာဝန်ဝတ္တရားများအပေါ် အပြည့်အဝ သိရှိနားလည်အောင် ပြုလုပ်ပေးရမည်။
- ⁕ မဲဆန္ဒရှင်များသည် အသိနှင့်ယှဉ်သော ဆုံးဖြတ်ချက်ကို ချမှတ်နိုင်ရမည်။ ဤသို့ဖြစ်စေရန်အတွက် လွတ်လပ်စွာ ဖွင့်ဟဖော်ထုတ်နိုင်ခွင့်၊ လွတ်လပ်စွာထင်မြင်ယူဆနိုင်ခွင့်၊ လွတ်လပ်ငြိမ်းချမ်းစွာ စုဝေးနိုင်ခွင့်နှင့် စည်းရုံး ဖွဲ့စည်းနိုင်ခွင့် အပါအဝင် အခြေခံလူ့အခွင့်အရေးများအား လေးစားလိုက်နာရေးသည် အခရာကျသော အချက်ဖြစ်သည်။ [၁၅]
- ⁕ မဲဆန္ဒရှင်များအနေဖြင့် ခြိမ်းခြောက်ခံရခြင်း အနိုင်အထက်ပြုမူခံရခြင်းတို့မရှိစေဘဲ မိမိတို့၏သဘောဆန္ဒ အလျောက် ထောက်ခံမဲ သို့မဟုတ်ကန့်ကွက်မဲထည့်ရန် အခွင့်အရေးနှင့် အခွင့်အလမ်းရှိသည်။
- ⁕ မဲဆန္ဒပေးရာတွင် လုံခြုံလျှို့ဝှက်မှုရှိရမည် ဆိုလိုသည်မှာ မဲဆန္ဒရှင်များအနေဖြင့် မိမိတို့ မည်သို့မည်ပုံမဲပေးသည်ကို မည်သူတစ်ဦးတစ်ယောက်မျှ မသိရှိရလေအောင် မဲပေးရာတွင် လုံလုံခြုံခြုံ သီးသီးသန့်သန့်ဖြစ်စေရမည်။ လျှို့ဝှက်လုံခြုံမှုရှိမှသာလျှင် ပေါ်ပေါက်လာမည့်အကျိုးဆက်နှင့် အပြစ်ပေးအရေးယူခံရမည့် အရေးကို တွေး

---

၁၄။ လူ့အခွင့်အရေးနှင့် ရွေးကောက်ပွဲများ စာမျက်နှာ (၁၂)

၁၅။ “ လူ့အခွင့်အရေးများ ကြီးကြပ်ဆောင်ရွက်ရေး သင်တန်းလက်စွဲ ” အခန်း (၁၄)၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး၊ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (၂၀၀၈)ခုနှစ်

ကြောက်စရာမလိုဘဲ ပြည်သူတို့အနေဖြင့် မိမိတို့၏ အသည်းကြားမှ မဲပြားကို စိတ်ချလက်ချ ထည့်နိုင်စေမည် ဖြစ်သည်။

* မဲဆန္ဒပေးပိုင်ခွင့်ရှိသူတစ်ဦးလျှင် မဲပြားတစ်ပြားတည်းကို တစ်ကြိမ်တည်းသာ ထည့်ခွင့်ပြုရမည်။ ဤအယူအဆမှာ "လူတစ်ကိုယ်၊မဲတစ်ပြား " ဟူသောဆိုစကားကို ထင်ဟပ်ထားခြင်းဖြစ်သည်။ ဤအချက်မှာ တစ်ခြားသူ တစ်ဦး တစ်ယောက်ကို မိမိကကိုယ်စားပြု၍ မဲပေးခြင်းကိုဖြစ်စေ၊ သို့တည်းမဟုတ် ၊ မိမိကိုယ်စားအခြားသူ တစ်ဦး တစ်ယောက်ကို မဲပေးစေခြင်းကိုဖြစ်စေ တားမြစ်ပိတ်ပင်ရန်ဖြစ်သည်။
* မဲထည့်ခြင်း၊ မဲရေတွက်ခြင်းတို့သည် လိမ်လည်လှည့်ဖြားမှုနှင့် ကြိုးကိုင်ခြယ်လှယ်မှု ကင်းရှင်းရမည်။

## ကချင်ပြည်နယ်အတွင်းပြုလုပ်ခဲ့သည့်ဆန္ဒခံယူပွဲအပေါ် ရှုမြင်သုံးသပ်ချက်

ဤကဏ္ဍတွင် ကချင်ပြည်နယ်အတွင်း ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆန္ဒခံယူပွဲကျင်းပခဲ့ပုံအား လေ့လာသုံးသပ်ထားသည်။ ဤသို့ လေ့လာသုံးသပ်ရာတွင် လွတ်လပ်ပြီး တရားမျှတသည့် ဆန္ဒခံယူပွဲတစ်ရပ်တွင် ထားရှိရမည့် အနိမ့်ဆုံးစံချိန်စံညွှန်းများနှင့် ချိန်ထိုးလျက် ယခုဆန္ဒခံယူပွဲတွင် ပြုမူဆောင်ရွက်ခဲ့ပုံများအပေါ် ကဏ္ဍအလိုက် ပိုင်းခြားစိပ်ဖြာသုံးသပ်ထားသည်။ အဆိုပါသုံးသပ်ချက်များအပေါ်အခြေခံလျက် ဤဆန္ဒခံယူပွဲသည် ပြည်သူလူထု၏ ဆန္ဒမှန်ကို ဖော်ထုတ်တိုင်းတာရန် သိသာထင်ရှားစွာ ပျက်ကွက်ခဲ့ကြောင်း ဤအစီရင်ခံစာက ကောက်ချက်ချခဲ့သည်။ ဤသို့ဤနှယ်ကျယ်ပြန့်စွာဖြစ်ပေါ်ခဲ့သည့် လိမ်လည်လှည့်ဖြားမှုများ၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်တွင် ထားရှိကျင့်သုံးရမည့် အနိမ့်ဆုံးစံသတ်မှတ်ချက်မှန်သမျှကို ကမ်းကုန်အောင်ကျူးလွန်ချိုးဖောက်ခဲ့မှုများက ဤဆန္ဒခံယူပွဲသည် မြန်မာပြည်သူများနှင့်တစ်ကွ နိုင်ငံတကာ လူ့အဖွဲ့အစည်းကြီးတစ်ခုလုံးအား အရှူးလုပ်ရုံသက်သက် ရည်ရွယ်ပြုလုပ်ခဲ့ ခြင်းသာဖြစ်ကြောင်း ညွှန်းဆိုလျက်ရှိသည်။

## ဆန္ဒခံယူပွဲအားစီမံခန့်ခွဲမှု

ဆန္ဒခံယူပွဲတစ်ရပ်အား ကြီးကြပ်စီမံသူ အာဏာပိုင်ပုဂ္ဂိုလ်များနှင့် လုပ်ငန်းစဉ်အဆင့်ဆင့်သည် အဆိုပါ ဆန္ဒခံယူပွဲ၏ အရည်အသွေးနှင့် တိုက်ရိုက်သက်ဆိုင်ပတ်သက်နေသည်။ လွတ်လပ်ပြီးတရားမျှတသော ဆန္ဒခံယူပွဲ တစ်ရပ်တွင် ချမှတ်ကျင့်သုံးရမည့် အနိမ့်ဆုံးစံသတ်မှတ်ချက်များက အဆိုပါဆန္ဒခံယူပွဲအား ကြီးကြပ်စီမံသူ အာဏာပိုင်ပုဂ္ဂိုလ်များနှင့် လုပ်ငန်း စဉ်များအား သမာသမတ်ရှိစေရန်၊ ပွင့်လင်းထင်သာရှိစေရန် ပြင်ပလေ့လာသူများနှင့် လွတ်လပ်သော ဥပဒေကျွမ်းကျင်သူ များအား လွတ်လပ်စွာလေ့လာသုံးသပ်ခွင့်ရှိစေရန် သက်မှတ်ပြဋ္ဌာန်းထားသည်။ သို့ရာတွင်အဆိုပါစံသတ်မှတ်ချက်များနှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်လျက် မြန်မာနိုင်ငံဆန္ဒခံယူပွဲကျင်းပရေး အာဏာပိုင်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ဖြစ်စေ ရေးကိုသာ ပဲ့ကိုင်ဆောင်ရွက်ခဲ့ကြသည်။ ထို့ပြင် မည်သည့် စောင့်ကြပ်စစ်ဆေးမှုနှင့် စောဒကတက်မှုမျိုးကိုမျှ ခွင့်မပြုဘဲ ဆန္ဒခံယူပွဲကို လျှို့ဝှက်သိုသိပ်စွာ ပြုလုပ်ခဲ့သည်။

## စီမံခန့်ခွဲအုပ်ချုပ်မှု အာဏာပိုင်များသမာသမတ်ရှိစေရေးနှင့် ပတ်သက်သည့် အနိမ့်ဆုံးစံသတ်မှတ်ချက်

ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ဆန္ဒခံယူပွဲများနှင့် ရွေးကောက်ပွဲများတွင် စီမံခန့်ခွဲအုပ်ချုပ်ရေးပိုင်းမှ ခံယူကျင့်သုံးရမည့် အနိမ့်ဆုံး အခြေခံစံသတ်မှတ်ချက်များကို အသေးစိတ်ရှင်းလင်းဖော်ပြပြီးဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ကြီးက အောက်ပါအတိုင်း သတ်မှတ်ပြဋ္ဌာန်းထားသည်။ [၁၆]

၁၆။ လူ့အခွင့်အရေးနှင့် ရွေးကောက်ပွဲများ စာမျက်နှာ (၁၅)

ဥပဒေပြဋ္ဌာန်းချက်များတွင် ဓမ္မဓိဋ္ဌာန်ကျသော ဘက်လိုက်မှုမရှိသော လွတ်လပ်ပြီးထိရောက်မှုရှိသော စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့ကို စနစ်တကျဖွဲ့စည်းထားရှိရန် အခိုင်အမာ ပြဋ္ဌာန်းပေးရမည်။ ထိုသို့ပြဋ္ဌါန်းရာတွင် ရွေးကောက်ပွဲဆိုင်ရာ ဝန်ထမ်းခန့်အပ်မှု လုပ်ခလစာများ၊ တာဝန်ဝတ္တရားများ၊ အခွင့်အာဏာများ၊ အရည်အချင်း သတ်မှတ်ချက်များနှင့် သတင်းထုတ်ပြန်မှုအစီအစဉ်များနှင့် ပတ်သက်သော ပြဋ္ဌါန်းချက်များအပေါ် အထူးအာရုံပြု ဆောင်ရွက်ရန် လိုအပ်သည်။ အဆင့်တိုင်းတွင် ဝန်ထမ်းများအား ဘက်လိုက်မှုနှင့် နိုင်ငံရေးဖိအားပေးမှုတို့မှ ကင်းရှင်းအောင်စီမံဆောင်ရွက်စေရမည်။

"ဆန္ဒခံယူပွဲများ ကောင်းမွန်မှန်ကန်စွာ ကျင်းပရေးဥပဒေသများ" တွင်လည်း ဘက်မလိုက်သော စီမံခန့်ခွဲအုပ်ချုပ်မှု၏ အရေးပါပုံကိုအသေးစိတ်ရှင်းလင်း ဖော်ပြထားသည်။ အဆိုပါဖော်ပြချက်တွင် အောက်ပါပြဋ္ဌာန်းချက်များ ပါရှိသည်။

* အုပ်ချုပ်ရေးအာဏာပိုင်များအနေဖြင့် မဲဆန္ဒရှင်များလွတ်လပ်စွာ ထင်မြင်ယူဆနိုင်စေရန် အာမခံနိုင်သည့်နည်းလမ်းတစ်ရပ်ဖြစ်သည့် သမာသမတ်ရှိစွာ ရပ်တည်ဆောင်ရွက်ရေးတည်းဟူသော မိမိတို့တာဝန်ကို သိရှိနားလည်ထားရမည်။
* နိုင်ငံတော်အဆင့် ဒေသဆိုင်ရာအဆင့် မြို့နယ်ရပ်ကွက်ကျေးရွာအဆင့် လူထုအဖွဲ့အစည်းများမှ တာဝန်ရှိသူ အာဏာပိုင်များအနေဖြင့် ပေါ်ထွက်လာမည့် မဲရလဒ်အပေါ် ဩဇာသက်ရောက်စေမည့် တစ်ဖက်သတ် အလွန်အကျွံမဲဆွယ် စည်းရုံးမှုများ မပြုလုပ်ရပါ။
* သမာသမတ်ရှိစွာ ဆောင်ရွက်ရေးနှင့် မဲဆန္ဒရှင်တို့အားလွတ်လပ်စွာ ထင်မြင်ယူဆခွင့်ပေးရေးတာဝန်ကို ချိုးဖောက် မှုများရှိခဲ့ပါက တာဝန်ရှိသူတို့အား အပြစ်ပေးအရေးယူရမည်။[၁၇]

***ဤပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် အဆိုပါသမာသမတ်ရှိရေးဆိုင်ရာ အခြေခံမူကိုမည်သို့မျှ အလေးဂရုပြုဆောင်ရွက်ခြင်း မရှိခဲ့ပါ။***

နအဖ အစိုးရအဖွဲ့နှင့်တစ်ကွ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် (NRC)နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း (USDA)အားလုံးတို့က ပြည်လုံးကျွတ်ဆန္ဒခံယူပွဲရလဒ်အရ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား ပြည်သူတစ်ရပ်လုံးက တစ်ခဲနက် ထောက်ခံအတည်ပြုသည့်သဘောမျိုး သက်ရောက်စေရန် တက်ညီလက်ညီ ပူပေါင်းကြံစည်ဆောင်ရွက်ခဲ့ကြပါသည်။ ဘက်မလိုက်ပဲ သမာသမတ်ရှိစွာ ဆောင်ရွက်ကြောင်း ဟန်ဆောင် ပန်ဆောင် လေးပင် မပြခဲ့ကြပါ။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးအတွက် **"၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ"** ဟူ၍ဥပဒေတစ်ရပ်ချမှတ်ပြဋ္ဌာန်းခဲ့သည်။ အဆိုပါပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် (NRC) သည်ဘက်မလိုက်ပဲကြားနေမည် ဟူ၍ပြဋ္ဌာန်းဖော်ပြထားခြင်းမရှိခဲ့ပါ။ အမှန်တစ်ကယ်အားဖြင့် အဆိုပါ ဥပဒေအမည်နာမ ကိုယ်နှိုက်ကပင် ဖွဲ့စည်းပုံအခြေခံ ဥပဒေ သေချာပေါက်အတည်ပြုနိုင်ရေးအတွက် ရည်ရွယ်ကာ ဤဥပဒေကိုထုတ်ပြန်ခြင်းဖြစ်ကြောင်း ရှင်းရှင်းလင်းလင်းပေါ်လွင်နေပါသည်။

ယခုပြုလုပ်ခဲ့သည့် ဆန္ဒခံယူပွဲအား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်မှ စီမံခန့်ခွဲ ကျင်းပခဲ့ခြင်းဖြစ်သည်[၁၈] ကော်မရှင်အဖွဲ့ဝင် ၄၅ ဦးစလုံးအား နအဖ မှခန့်အပ်ခဲ့ခြင်းဖြစ်ပြီး ရာထူးတာဝန်နှင့် ထိုက်တန်သော အရည်အချင်း ရှိမရှိဆိုသည်ကား သံသယဖြစ်ဖွယ်ပင်ဖြစ်သည်။[၁၉] **(နောက်ဆက်တွဲ. ၅ )**

---

၁၇။ ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများကျင်းပရေး ကောင်စီ၏ (၁၉)ကြိမ်မြောက် အစည်းအဝေး (ဗင်းနစ်။ ၂၀၀၆ခုနှစ်၊ ဒီဇင်ဘာ ၁၆ရက်)နှင့် ဗင်းနစ်ကော်မရှင်၏ အကြိမ် (၇၀)မြောက် မျက်နှာစုံညီ အစည်းအဝေး (ဗင်းနစ်၂၀၀၇ခုနှစ်၊ မတ်လ ၁၆-၁၇)တို့မှချမှတ်ခဲ့သည့် **"ဆန္ဒခံယူပွဲများ ကောင်းမွန်မှန်ကန်စွာ ကျင်းပရေးဥပဒေသများ"** အခန်း (၂)ပုဒ်မ (၃. ၁)တွင်ကြည့်

၁၈။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ကြေညာချက်အမှတ် ၃/၂၀၀၈၊ ၂၀၀၈ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆)ရက်နေ့အရ ဖွဲ့စည်းခဲ့သည်။

၁၉။ နအဖအဖွဲ့မှ NRC ဖွဲ့စည်းလိုက်ကြောင်း ကြေညာခဲ့သော်လည်း ၄င်းအဖွဲ့ဝင်တို့အား ရွေးချယ်ခန့်အပ်ခဲ့သည့် စံသတ်မှတ်ချက် ကိုလည်းကောင်း၊ ၄င်းတို့၏ အရည်အချင်းနှင့် အလုပ်အကိုင်ဌာနတို့ကိုလည်းကောင်း တစ်စုံတစ်ရာ အသိပေးဖော်ပြခြင်း မရှိခဲ့ပါ။

အဆိုပါအဖွဲ့ဝင်များအား ရွေးချယ် ခန့်အပ်ရာတွင် ဘက်လိုက်မှုရှိနိုင်၊ မရှိနိုင်ဆိုသည်ကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ အထင်ရှားဆုံးဥပမာမှာ ဦးအောင်တိုးအား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် ဥက္ကဋ္ဌအဖြစ်ခန့်အပ်ခဲ့ခြင်းမျိုးဖြစ်သည်။ ဦးအောင်တိုးမှာ နိုင်ငံတော်တရားသူကြီးချုပ်ဖြစ်ပြီး ပြီးခဲ့သော နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်တွင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း အမျိုးသားညီလာခံ လုပ်ငန်းကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ယူခဲ့သူဖြစ်သည်။[၂၀]

ဆန္ဒခံယူပွဲအား (သက်ဆိုင်ရာပြည်နယ်/ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်ခွဲ အသီးသီးက တာဝန်ယူကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။ ကချင်ပြည်နယ်တစ်လွှားရှိ ကော်မရှင်ခွဲအသီးသီးတွင် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်ထောင်စုကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့အသင်းမှ ခေါင်းဆောင်ပိုင်းပုဂ္ဂိုလ်များက ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြသည်။

ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တာဝန်ခံလည်းဖြစ် စာတိုက်နှင့်ကြေးနန်းဆက်သွယ်ရေးဝန်ကြီး လည်းဖြစ်သူ ဗိုလ်မှူးချုပ်သိန်းဇော်သည် ဆန္ဒခံယူပွဲအားကြီးကြပ်ရန်ကချင်ပြည်နယ်သို့ မကြာခဏသွားရောက်ခဲ့သည်။ ၎င်းသွားရောက်ခဲ့သည့် ခရီးစဉ်များအတွင်း ၎င်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် အစိုးရဝန်ထမ်းများ အား ထိုဆန္ဒခံယူပွဲတွင် ပြည်သူလူထုက ဖွဲ့စည်းပုံအခြေခံဥပဒေကို တစ်ခဲနက်ထောက်ခံအတည်ပြုသည့်သဘော သက်ရောက်စေရန် စီစဉ်ဆောင်ရွက်ခိုင်းလေ့ရှိသည်။ ဗိုလ်မှူးချုပ်သိန်းဇော်က ဆန္ဒခံယူပွဲတွင် ပြည်သူလူထုထောက်ခံမှု ရရှိအောင် အောင်အောင်မြင်မြင် ဆောင်ရွက်ပေးနိုင်သည့် အမှုထမ်းအရာထမ်းများအား ရာထူးတိုးပေးခြင်း၊ ဆုလဒ်ပေးခြင်း စသည်ဖြင့် မြှောက်စားချီးမြှင့်မည်ဟု ပွင့်ပွင့်လင်းလင်း ကတိပြုခဲ့သည်။ တက်ကြွလှုပ်ရှားသည့် ကြံ့ဖွံ့အမာခံများ ကိုလည်း မက်လုံးပေးသည့်အနေဖြင့် ဆုတော်လဒ်တော်များ ချီးမြှင့်ခဲ့သည်။ ဥပမာအားဖြင့် ဧပြီလ၂၆ရက်နေ့တွင် ပူတာအို ခရိုင် ကြံ့ဖွံ့အတွင်းရေးမှူးဦးဖုံရိမင်နှင့် ပူတာအိုမြို့နယ် ကြံ့ဖွံ့အတွင်းရေးမှူး ဦးရင်ထန်ဒီးတို့အား ဖုန်းများချပေးခဲ့သည်။ ကြိုးလိုင်းဖုန်းမှာ အလွန်စျေးကြီးသည်။ ( ဥပမာ မြစ်ကြီးနားတွင် ကြိုးလိုင်းဖုန်းတစ်လုံးလျှင် ကျပ်၃၅သိန်း စျေးပေါက်သည်) ပူတာအိုတွင် အဆိုပါကြိုးလိုင်းဖုန်း တပ်ဆင်ခွင့်ရရန်လည်း အလွန်ခက်ခဲသည်။ ဆန္ဒခံယူပွဲ ပြီးဆုံးပြီးနောက် ကြံ့ဖွံ့တာဝန်ခံများအား ၎င်းတို့အိမ်များ၊ ရုံးများတွင်တပ်ဆင်ရန် နောက်ထပ်တယ်လီဖုန်းအလုံး (၄၀) ခန့်ချပေးခဲ့သည်။

ကချင်ပြည်နယ် ကြံ့ဖွံ့အသင်းက ၎င်း၏အဖွဲ့ဝင်များအား ဆန္ဒခံယူပွဲတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေအား ထောက်ခံမဲ ၉၅ ရာခိုင်နှုန်းသေချာပေါက်ရရှိစေရန် ကချင်ပြည်နယ်တစ်လွှားရှိ မဲရုံများတွင် မဲရုံကြီးကြပ် သူများအဖြစ် တာဝန်ယူဆောင်ရွက်သွားရန် အသိပေးနှိုးဆော်ခဲ့သည်။ ဤရည်မှန်းချက် ထမြောက်အောင်မြင်စေရေး အတွက် မီးသတ်အဖွဲ့ဝင်များ၊ မြို့နယ်အာဏာပိုင်များ အခြားဒေသအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်သွားရန် ကြံ့ဖွံ့ အဖွဲ့ဝင်များအား အမိန့်ပေးညွှန်ကြားထားခဲ့သည်။

ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် အဖွဲ့ခွဲဝင်များနှင့် မဲရုံအဖွဲ့ဝင်များသည် သမာသမတ်ရှိကြောင်း မည်သို့မျှပင် ဟန်မဆောင်နိုင်ဘဲ များသောအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုထောက်ခံရေး မဲဆွယ်စည်းရုံးရာတွင် ဦးဆောင် ဦးရွက်ပြုကာ ပါဝင်ဆောင်ရွက်ခြင်း၊ မဲဆန္ဒရှင်တို့အား ဇွတ်အတင်း ထောက်ခံမဲ ပေးခိုင်းခြင်း၊ ဖြစ်ရပ်အတော်များများတွင် ကန့်ကွက်မဲ ပေးပါက အရေးယူအပြစ်ပေးခံရမည်ဟု နိုင်ငံသားတို့အား ခြိမ်းခြောက်ခြင်း စသည်တို့ကိုသာ ဆောင်ရွက်ခဲ့ကြသည်။ ဆန္ဒခံယူပွဲပြုလုပ်မည့်ရက် နီးလာသောကာလများနှင့်၊ ဆန္ဒခံယူပွဲပြုလုပ်သည့်နေ့ရက်တို့တွင် မဲရုံတာဝန်ခံများသည် "အမှန်အမှတ်အသားခြစ်လျှက် ထောက်ခံမဲပေးကြစို့" ဟူ၍လည်းကောင်း "ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေအားထောက်ခံကြ" ဟူ၍လည်းကောင်း အင်္ဂလိပ်လို စာတန်းများ ရေးထိုးထားသည့် တီရှပ်များကို ဝတ်ဆင်

---

၂၀။ ကုလသမဂ္ဂလူ့အခွင့်အရေးဌာန၏ ဖော်ပြထားချက်အရ လွတ်လပ်သောတရားစီရင်ရေး စံနစ်တစ်ရပ်သည် " နိုင်ငံရေးသမား သို့မဟုတ် ပြင်ပပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ဩဇာလွှမ်းမိုးမှုမပါဘဲ တရားဥပဒေစိုးမိုးမှုကသာ ရွေးကောက်ပွဲများအပေါ် ထိန်းသိမ်းချုပ်ကိုင်ပေးနိုင်ရေး ကိုအာမခံသည့် ယန္တယားတစ်ရပ်ဖြစ်ရပါမည် " " လူ့အခွင့်အရေးနှင့်ရွေးကောက်ပွဲများ " စာမျက်နှာ (၈)

ခဲ့ကြသည်။

IPADကတွေ့ဆုံမေးမြန်းခဲ့သည့် မဲရုံတာဝန်ခံအတော်များများက အကယ်၍ဝင်းတို့မဲရုံများမှ မဲရလဒ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအား တစ်ခဲနက်ထောက်ခံမှုမပြခဲ့ပါက အရေးယူအပြစ်ပေးခံရလိမ့်မည်ဖြစ်ကြောင်း ၎င်းတို့၏ ကြောက်ရွံ့စိုးရိမ်မှုကိုဖော်ပြခဲ့ကြသည်။

အခြားမဲရုံတာဝန်ခံအချို့ကမူ မဲဆန္ဒရှင်တို့အပေါ်၎င်းတို့၏ မတော်မတရားပြုမူဆက်ဆံခြင်း၊ အနိုင်အထက်ပြုခြင်း၊ ထောက်ခံမဲပေးရန် လိမ်လည်လှည့်စားဆောင်ရွက်ခဲ့ခြင်းတို့ အပေါ်ကျေနပ်အားရပုံပေါ်နေခဲ့ကြသည်။မဲရုံအနည်းငယ်လောက်တွင်မူ မဲရုံတာဝန်ခံတို့ကမဲဆန္ဒရှင်တို့အား ကန့်ကွက်မဲပေးရန်သတ္တိရှိရှိဝံ့ဝံ့စားစား စည်းရုံးပြောကြားခဲ့ကြသည်။ မိမိတို့၏မဲရုံများတွင် ဘက်မလိုက်ဘဲ သမာသမတ်ရှိစွာ ဆောင်ရွက်ပေးနိုင်ရန် ကြိုးစားသည့် မဲရုံတာဝန်ခံများကမရှိသလောက် ရှားရှားပါးပါးပင်။

## ပွင့်လင်းထင်သာရှိမှုနှင့်ပတ်သက်၍အနိမ့်ဆုံးစံသတ်မှတ်ချက်

ပွင့်လင်းထင်သာရှိမှုသည် ဂုဏ်သိက္ခာရှိသော ဆန္ဒခံယူပွဲတစ်ရပ်ဖြစ်ရေးအတွက် ခွဲခြားပစ်ပယ်၍မရသောအစိတ်အပိုင်းဖြစ်သည်။ ကုလသမဂ္ဂ၏ အလိုအရ ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်၊ ဥပဒေရေးရာလုပ်ငန်းစဉ်နှင့် စည်းရုံးဖွဲ့စည်းရေးလုပ်ငန်းစဉ် အပါအဝင်ရွေးကောက်ပွဲဆိုင်ရာလုပ်ရှားဆောင်ရွက်မှုမှန်သမျှတွင် လုံးဝဥသုံပွင့်လင်းထင်သာမှုရှိစွာ ဆောင်ရွက်ရမည်ဟု ဆိုထားသည်။[၂၁]

တရားမျှတသော မဲရေတွက်မှုဖြစ်စေရန်အတွက် မဲရေတွက်ရာတွင်ပွင့်လင်းထင်သာသော နည်းလမ်းများကျင့်သုံးရေးသည် ပင်မအခရာဖြစ်သည်။ ဒီမိုကရေစီရွေးကောက်ပွဲများရေးရာကောင်စီက အောက်ပါအတိုင်းအလေးအနက်ဖော်ပြထားသည်။

> **“မဲရေတွက်မှုများသည် ပွင့်လင်းမြင်သာမှုရှိရမည်။”** လေ့လာအကဲခတ်သူများထောက်ခံသူနှင့် ဆန့်ကျင်ကန့်ကွက်သူ တို့၏ကိုယ်စားလှယ်များ၊ မီဒီယာသမားများအား မဲရေတွက်ရာသို့ဝင်ရောက် လေ့လာခွင့်ပြုရ မည်။ ၎င်းတို့အား မဲပေးမှုဆိုင်ရာ မှတ်တမ်းမှတ်ရာများကို ကြည့်ရှုလေ့လာခွင့်ပြုရမည်။ မဲရလဒ်များအား သက်ဆိုင်ရာအထက်အဖွဲ့ အစည်းသို့လွှဲပြောင်း ပေးပို့ရာတွင်ထင်သာမြင်သာရှိရမည်။[၂၂]
>
> အလားတူပင် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂဌာနခွဲ ကလည်း အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်။
>
> မဲရေတွက်မှုကိုသက်ဆိုင်ရာ ပါတီအဖွဲ့အစည်းများအား တရားဝင်လေ့လာကြည့်ရှုနိုင်ရန် ခွင့်ပြုရမည် ထုတ်ပေးသည့် မဲပြားအရေအတွက် မထုတ်ပေးရသည့်အရေအတွက်နှင့် ပျက်စီးသွားသည့် မဲပြားအရေအတွက်အားလုံးတို့ကို စနစ်တစ်ကျစာရင်းပြုစုထားရမည်။ မဲရေတွက်ခြင်း၊ မဲရလဒ်များအတည်ပြုခြင်း၊ မဲရလဒ်များတင်ပြအစီရင်ခံပေးပို့ခြင်း၊ မဲပုံးအစရှိသည့်တရားဝင်အသုံးအဆောင်ပစ္စည်းများ ပျက်စီးယိုယွင်းမှုမရှိအောင် ထိန်းသိမ်းကာကွယ်ခြင်း အစရှိသည်တို့ကို ဆောင်ရွက်ရာတွင်လုံခြုံစိတ်ချမှုနှင့် တရားမျှတမှုရှိအောင် ဆောင်ရွက်ရမည်။ ပေါ်ထွက် လာသည့်ရလဒ်နှင့်ပတ်သက်၍ အငြင်းပွားစရာကိစ္စရပ်မျိုးပေါ်ပေါက်ခဲ့ပါက မဲပြန်လည်ရေတွက်ခွင့်ရှိရမည်။[၂၃]

***ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်၏ဆောင်ရွက်ချက်များကို လျှို့လျှို့ဝှက်ဝှက်ဖုံးဖုံးဖိဖိဆောင်ရွက်ခဲ့သည်။***

၂၁။ လူ့အခွင့်အရေးနှင့် ရွေးကောက်ပွဲများ စာမျက်နှာ (၁၅)
၂၂။ အခန်း (၂)၊ ပုဒ်မ ၃/၂ (၁၃)
၂၃။ လူ့အခွင့်အရေးနှင့်ရွေးကောက်ပွဲများ စာမျက်နှာ (၁၆)

အထက်ပါအနိမ့်ဆုံး နိုင်ငံတစ်ကာစံချိန်စံညွှန်းများနှင့် ကွဲလွဲစွာ ၂၀၀၈ ခုနှစ် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအား လျှို့လျှို့ ဝှက်ဝှက် ဖုံးဖုံးဖိဖိ ဆောင်ရွက်ခဲ့ကြသည်။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် (NRC) သည်ဆန္ဒခံယူပွဲရလဒ်နှင့် ပါတ်သက်၍ မြန်မာပြည်တဝှမ်းတွင် မဲပေးခဲ့သူအရေအတွက်၊ ထောက်ခံသူအရေအတွက်၊ ကန့်ကွက်သူအရေအတွက် ပယ်မဲအရေအတွက် ဘယ်ရွေ့မည်မျှရှိသည်ဟူသော အတိုတကာ့အတိုဆုံး သတင်းလေးတစ်ပုဒ်သာ ထုတ်ပြန်ခဲ့သည်။[၂၄] ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် (NRC) သည်မြန်မာနိုင်ငံတစ်ဝှမ်း တိုင်းနှင့်ပြည်နယ်များ၊ ခရိုင်များ မြို့နယ်များနှင့် မဲရုံများအားလုံးမှ မဲဆန္ဒပေးမှုနှင့်ပတ်သက်သော မည်သည့်စာရင်းဇယားနှင့် သတင်းအချက်အလက်ကိုမျှ လူသိရှင်ကြားထုတ်ပြန်ကြေညာခြင်းမပြုခဲ့ပါ။ သတင်းအချက်အလက်များကို ဤသို့တင်းကြပ်စွာ တားမြစ်ကန့်သတ်ထားမှုကြောင့် ဤဆန္ဒခံယူပွဲ၏ ရလဒ်များခိုင်လုံမှုရှိမရှိကိုအကဲဖြတ်ရန် အလွန်ခက်ခဲသည့် အခြေအနေမျိုးဖြစ်အောင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်က ဖန်တီးခဲ့ခြင်းဖြစ်သည်။ အမှန်တကယ် အားဖြင့် မပေါင်းရသေးသော မူလကိန်းဂဏန်းအချက်အလက်များသည် ကွာဟချက်များ၊ သံသယဖြစ်ဖွယ် ပြုမူဆောင်ရွက်မှုများနှင့် လိမ်လည်မှုများ ကိုဖော်ထုတ်ရန် အရေးပါသောအချက်များဖြစ်သည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေတွင် ပွင့်လင်းထင်သာမှုနှင့်ပါတ်သက်၍ နည်းနိုင်သမျှအနည်းဆုံးထည့်သွင်းပြဌာန်းသည်။ မဲရုံတိုင်းတွင် မဲရေတွက်ရာ၌ "၁၀ဦးထက်မနည်းသောဆန္ဒမဲပေးခွင့်ရှိသူတို့၏ ရှေ့မှောက်တွင်ဆန္ဒမဲများကိုရေတွက်ရမည်" ဟူ၍ရိုးစင်းစွာ ထည့်သွင်းဖော်ပြထားခြင်းဖြစ်သည်။ အချို့နေရာများတွင် စိတ်ဝင်စားသူ၊ ပုဂ္ဂိုလ်အဖွဲ့အစည်းများ အား မဲရေတွက်မှုကိုစောင့်ကြည့်လေ့လာရန်ခွင့်ပြုခဲ့သည်။ သို့ရာတွင်မဲရုံတော်တော်များများမှ မဲရုံတာဝန်ခံများကမူ မဲမရေတွက်မီ မဲရုံများကို ရှင်းလင်းထားခဲ့ကြသည်။ အဆိုပါ ဆန္ဒခံယူပွဲဥပဒေတွင် မဲရေတွက်မှုအား လွတ်လပ်စွာ ကြီးကြပ်ဆောင်ရွက်ရေးနှင့် အတည်ပြုရေးအတွက် မည့်သည့် ပြဋ္ဌာန်းချက် တစ်စုံတစ်ရာမျှ ထည့်သွင်းပြဋ္ဌာန်းထားခြင်းမရှိချေ။

## ဆန္ဒခံယူပွဲတွင်စောင့်ကြည့်စစ်ဆေးခြင်းနှင့်ကြီးကြပ်ဆောင်ရွက်ခြင်းဆိုင်ရာအနိမ့်ဆုံးစံသတ်မှတ်ချက်များ

လွတ်လပ်သော စောင့်ကြည့်စစ်ဆေးမှုသည် ဆန္ဒခံယူပွဲတစ်ရပ်၏ ဂုဏ်သိက္ခာအတွက် အလွန်အရေးပါသောအချက်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤအချက်သည် ပြည်သူတို့၏ ယုံကြည်မှုကို တိုးပွားစေပြီး လိမ်လည်လှည့်ဖြားမှုများကို လျှော့ပါးစေနိုင်သောကြောင့်ဖြစ်သည်။

**"ဆန္ဒခံယူပွဲများ ကောင်းမွန်မှန်ကန်စွာ ကျင်းပရေးဥပဒေသ"** တွင်အောက်ပါအတိုင်း ဖော်ပြထားသည်။

> ပြည်တွင်းပြည်ပ လေ့လာစောင့်ကြည့်သူများအား ဆန္ဒခံယူပွဲလေ့လာစောင့်ကြည့်ရေး လုပ်ငန်းတွင်ပါဝင်နိုင်ရန် အဖြစ်နိုင်ဆုံး ဖန်တီးပေးရမည်။ သို့မှသာ မဲမပေးမီနှင့် မဲပေးစဉ်ကာလအတွင်း၊ သို့တည်းမဟုတ်၊ မဲပေးပွဲပြီးဆုံးပြီးနောက် ပေါ်ပေါက်ခဲ့သည့် အဖြစ်အပျက်များသည် တရားနည်းလမ်းကျမကျဆိုသည်ကို ဤလေ့လာစောင့်ကြည့်မှုက အဆုံးအဖြတ် ပေးနိုင်ရမည်ဖြစ်သည်။ ဤစောင့်ကြည့်လေ့လာမှုမှာ မဲရေတွက်စဉ်ရှိကိုရှိစေနိုင်ရပါမည်။ အာဏာပိုင်တို့အနေဖြင့် သမာသမတ်ရှိရေးတည်းဟူသော ၎င်းတို့၏တာဝန်ကို မည်မျှလေးစားလိုက်နာသနည်း ဆိုသောအချက်ကို အဆိုပါ စောင့်ကြည့်လေ့လာမှုက အပြည့်အဝထင်ဟပ်ရပါမည်။[၂၆]

ဆန္ဒခံယူပွဲတစ်ရပ်တွင် မကျေနပ်၍ စောဒကတက်မှုများရှိပါက လေးစားလိုက်နာ ဖြေရှင်းပေးသင့်ကြောင်း အနိမ့်ဆုံး နိုင်ငံတကာ စံချိန်စံညွှန်းများတွင် ဖော်ထုတ်ပြဋ္ဌာန်းထားသည်။

---

၂၄။ နာဂစ်မုန်တိုင်းကြောင့် နှောင့်နှေးခဲ့ရသဖြင့် နှစ်ကြိမ်ခွဲကာ သတင်းထုတ်ပြန်ခဲ့သည်။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကော်မတီ ကြေငြာချက်အမှတ် ၁၀/၂၀၀၈၊ ၂၀၀၈ ခုနှစ်၊ မေလ (၁၅)ရက် (၂၀၀၈ခုနှစ်၊ မေလ ၁၆ရက် မြန်မာ့အလင်းသတင်းစာ သတင်းဖော်ပြ ချက်နှင့်နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ကြေငြာချက် အမှတ် ၇/၂၀၀၈၊ ၂၀၀၈ခုနှစ်၊ မေလ (၂၉)ရက်၊ ၂၀၀၈ခုနှစ်၊ မေလ ၃၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာ)တို့တွင်ကြည့်

၂၅။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးဥပဒေ အခန်း (၈) (က) (၁)

၂၆။ " ဆန္ဒခံယူပွဲများ ကောင်းမွန်မှန်ကန်စွာ ဆောင်ရွက်ရေးဥပဒေသ " ပုဒ်မ ၃/၂

"ရွေးကောက်ပွဲရလဒ်များအပေါ် စောဒကတက်ခွင့်နှင့် ထိခိုက်နစ်နာသော ပါတီအဖွဲ့အစည်းများအတွက် တရားသဖြင့် ဖြစ်စေရန် တင်ပြတောင်းဆိုခွင့်အား ဥပဒေအရ ပြဋ္ဌာန်းပေးရမည်။ ထိုသို့ စောဒကတက် တင်ပြတောင်းဆိုမှုများအတွက် စတင်ဆောင်ရွက်ရန် နည်းလမ်းများ အသုံးတည့်နိုင်သမျှသော ပြန်လည် သုံးသပ်မှုများနှင့် အဆိုပါ သုံးသပ်မှုအရစီရင် ဆုံးဖြတ်ပေးနိုင်သည့် လွတ်လပ်သော တရားစီရင်ရေးအဖွဲ့ အတွက် လုပ်ပိုင်ခွင့်အာဏာများ သတ်မှတ်ဆောင်ရွက်ပေးရန်လိုသည်။ ဘက်စုံရှုဒေါင့်စုံမှ သင့်လျော် လျောက်ပတ်သည့် ပြန်လည်ရှုမြင် သုံးသပ်ချက်များကိုလည်း ဖော်ထုတ်တင်ပြပေးရန် လိုသည်။

ရွေးကောက်ပွဲ ရလဒ်များအပေါ် မတော်မတရား ပြုမူမှုကြောင့် ပေါ်ပေါက်လာသည့် အကျိုးသက်ရောက်မှုနှင့် ပတ်သက်၍ အခိုင်အမာ သက်သေထူနိုင်ခွင့်ရှိရမည်။ မိမိတို့တဦးချင်း၏ မဲပေးပိုင်ခွင့်နှင့် နိုင်ငံရေးအခွင့်အရေး တစ်စုံတစ်ရာ ပစ်ပယ်ခံရသည်ဟု ပြောဆိုတိုင်တန်းလာသူ မည်သူ့ကိုမဆိုလွတ်လပ်စွာ ပြန်လည်ရှုမြင်သုံးသပ်ခွင့် နှင့် တရားသဖြင့် ပြန်လည်ရယူခံစားခွင့်ရှိစေရမည်။" ဟူ၍ဖြစ်သည်။[၂၇]

***ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်သည် ဆန္ဒခံယူပွဲ ကိုလွတ်လပ်စွာကြီးကြပ်ဆောင်ရွက်မှုမပါဘဲကျင်းပခဲ့ခြင်းဖြစ်သည်။***

နိုင်ငံတကာအနိမ့်ဆုံး စံသတ်မှတ်ချက်များကို လိုက်နာထိမ်းသိမ်းရမည့်အစား နအဖ အဖွဲ့သည် နိုင်ငံခြားမှလေ့ လာအကဲခတ်သူများ ပြည်တွင်းပြည်ပ စာနယ်ဇင်းသမားများအား အဆိုပါဆန္ဒခံယူပွဲလုပ်ငန်းစဉ်အား စောင့်ကြည့်လေ့လာ ခြင်းမပြုနိုင်ရန် တားမြစ်ပိတ်ပင်ခဲ့သည်။[၂၈] ဖြစ်ရပ်အတော်များများတွင် မဲရုံလုံခြုံရေးအစောင့်များက နိုင်ငံသားများ ကိုပင် ဆန္ဒခံယူပွဲလုပ်ရပ်များအပေါ် စူးစမ်းလေ့လာခြင်းမပြုနိုင်ရန် ဟန့်တားပိတ်ပင်ခဲ့ကြပါသည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေတွင် စောဒကတက်ခွင့်ကိစ္စနှင့်ပါတ်သက်၍ မည်သည့်ပြဋ္ဌာန်းချက်တစ်စုံတစ်ရာ ကိုမျှ ထည့်သွင်းဖော်ပြထားခြင်းမရှိခဲ့ပါ။

နအဖအစိုးရအဖွဲ့သည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေအား ချိုးဖောက်ခဲ့သည်ဟူသော စွပ်စွဲချက်များကိုလျစ်လျူ ရှုလျှက်[၂၉] ဆန္ဒခံယူပွဲကျင်းပပြီး မကြာမီ ဆန္ဒခံယူပွဲရလဒ်များအား ထုတ်ပြန်ကြေညာခဲ့သည်။ ထို့နောက်ကျယ်ကျယ်ပြန့်ပြန့် အငြင်းပွားခဲ့သည့် အဆိုပါရလဒ်များကိုအခြေခံလျက် ဖွဲ့စည်းပုံအခြေခံဥပဒေကိုအတည်ပြုကြောင်းထုတ်ပြန် ကြေညာ ခဲ့သည်။ [၃၀]

---

၂၇။ လူ့အခွင့်အရေးနှင့် ရွေးကောက်ပွဲများ စာမျက်နှာ (၁၆)

၂၈။ နိုင်ငံခြားသံတမန်အနည်းငယ်အား အစောင့်အရှောက်များလိုက်ပါလျှက် သီးသန့်ရွေးချယ်ထားသည့် မဲရုံအချို့သို့လှည့်လည် ကြည့်ရှုခွင့် ပြုခဲ့သည်။ "ဆန္ဒခံယူပွဲများအား လေ့လာအဲခတ်မည့်သူများအား မြန်မာအစိုးရကခွင့်မပြု "ဩစတြေးလျအသံလွှင့်ဌာန ၂၀၀၈ခုနှစ်၊ မတ်လ (၉)ရက် အင်တာနက်စာမျက်နှာ- http://www.abc.net.au/ra/news/stories/200803/52184342.htm

၂၉။ "လွတ်လပ်မှုလည်းမရှိ၊ တရားမျှတမှုလည်းမရှိသည့် မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆန္ဒခံယူပွဲ" အများပြည်သူဆိုင်ရာ နိုင်ငံတကာဥပဒေ နှင့်မူဝါဒရေးရာလေ့လာရေးအဖွဲ့ မေလ ၂၀၀၈။

၃၀။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကြေငြာချက်အမှတ် ၇/၂၀၀၈။ ၂၀၀၈ခုနှစ်၊ မေလ (၂၉)ရက်၊ ၂၀၀၈ခုနှစ်၊ မေလ (၃၀)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ

## ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကချင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲအချို့

| | | |
|---|---|---|
| ၁။ | ဦးမောင်မောင်ဝင်း ( ဥက္ကဋ္ဌ ) | ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးမှူး |
| ၂။ | ဦးသန်းဝင်း | ကချင်ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနညွှန်ကြားရေးမှူး |
| ၃။ | ဒေါ်မေရီမိနန် | ကချင်ပြည်နယ်ဒုတိယရှေ့နေချုပ် |
| ၄။ | ဗိုလ်ကြီးဝင်းသီ | မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ဖက်အရာရှိ |
| ၅။ | ဦးကွမ်ထပ်ဂမ် | ဆက်သွယ်ရေးအရာရှိချုပ် (ကေအိုင်အို မြစ်ကြီးနား ) |
| ၆။ | ဦးဒီးရမ် | ဆက်သွယ်ရေးအရာရှိ ( ကေအိုင်အို မြစ်ကြီးနား ) |
| ၇။ | ဦးဇခုံချန်းဘောမ် | ဆက်သွယ်ရေးအရာရှိချုပ် ( အင်ဒီအေကေ မြစ်ကြီးနား ) |
| ၈။ | ဦးမာခေါ | ဆက်သွယ်ရေးအရာရှိချုပ် (လဆန်အောင်ဝါအုပ်စု ) |
| ၉။ | ဦးကျော်စိုး | ပြည်နယ်အုပ်ချုပ်ရေး ဦးစီးဌာနအရာရှိ |
| ၁၀။ | ဦးကျော်ထွေး | ပြည်နယ်အုပ်ချုပ်ရေး ဦးစီးဌာနအရာရှိ |
| ၁၁။ | ဦးသန်းငြိမ်း | ပြည်နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူအင်အားဦးစီးဌာနအရာရှိ |
| ၁၂။ | ဦးမြင့်စိုး | ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ ရုံးအဖွဲ့မှူး |
| ၁၃။ | ဦးသန်းစိုး | ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ ရုံးအဖွဲ့ဝင် |

## မဲစာရင်းပြုစုခြင်း

### အနိမ့်ဆုံးစံသတ်မှတ်ချက်

တရားမျှတမှုရှိရန်အလို့ငှာ ဆန္ဒခံယူပွဲတစ်ရပ်တွင် အရွယ်ရောက်သူနိုင်ငံသားအားလုံးတို့အား အဆင့်အတန်းခွဲခြားမှုမရှိဘဲ မဲဆန္ဒပေးခွင့်ပြုရမည်။ အဆိုပါအနိမ့်ဆုံးစံသတ်မှတ်ချက်တွင် စိတ်မနှံ့သူနှင့် ရာဇဝတ်မှုကြီးတစ်ခုခုအားကျူးလွန်ထားသူရာဇဝတ်သားတို့ကိုသာလျှင် မဲပေးခွင့်မပြုဘဲ ချန်လှပ်ထားခွင့်ရှိသည်။[၃၁] မဲပေးရန်အရည်အချင်းပြည့် မီသောနိုင်ငံသားတို့အား အယူခံခွင့်ရရှိနိုင်ရန် အစိုးရအနေဖြင့် ကြောင်းကျိုးဆီလျော်သည့် အရေးယူဆောင်ရွက်မှုများကို ချမှတ်ဆောင်ရွက်ပေးရန် တာဝန်ရှိသည်။

အနိမ့်ဆုံးစံသတ်မှတ်ချက်အရ မဲစာရင်းပြုစုရေးလုပ်ငန်းကို အချိန်ပိုယူ၍လုပ်ဆောင်ကောင်းလုပ်ဆောင်ရလိမ့်မည်ဟု ဖော်ညွှန်းပြဆိုထားသည်။ မဲဆန္ဒရှင်တစ်စုံတစ်ဦးအား မဲစာရင်းတွင် ချန်လှပ်ထားမှုမျိုး ရှိခဲ့ပါက ၎င်းအတွက် အယူခံရေးကိစ္စကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး ထိုသို့အယူခံနိုင်ရေးအတွက် အဆိုပါမဲဆန္ဒရှင်အား အချိန်လုံလုံလောက်လောက်ပေး ရမည်ဖြစ်သည်။[၃၂]

### *မဲပေးပိုင်ခွင့်ရှိသူများမှ မဲပေးခွင့် အခွင့်အရေးအား မှားယွင်းစွာငြင်းပယ်ခံခဲ့ရသည်။*

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ဥပဒေအရ သာသနာ့ဝန်ထမ်းများ၊ စိတ်ပေါ့သွပ်နေသူများ၊ ပြစ်မှုတစ်ခုခုကြောင့် ထောင်ဒဏ်ကျခံနေရသူများ၊ ပြည်ပသို့ တရားမဝင်ရောက်ရှိနေသူများ၊ နိုင်ငံခြားသားများမှလွဲလျှင် အသက်

၃၁။ “ ဆန္ဒခံယူပွဲများ ကောင်းမွန်မှန်ကန်စွာ ကျင်းပရေး ဥပဒေသ ” ပုဒ်မ ၁/၁ (ဃ)
၃၂။ “ ဆန္ဒခံယူပွဲများ ကောင်းမွန်မှန်ကန်စွာ ကျင်းပရေးဥပဒေသ ” ပုဒ်မ ၁/၂
၃၃။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ အခန်း (၅)

၁၈ နှစ်ပြည့်ပြီးဖြစ်သည့် နိုင်ငံသားအားလုံးအား ဆန္ဒမဲပေးခွင့်ရှိသူအဖြစ်သတ်မှတ်ခဲ့သည်။[၃၃] အဆိုပါ ဥပဒေအရသတ်မှတ်ချက်မှာ မူလကတည်းက အငြင်းပွားဖွယ် ပြဿနာများရှိခဲ့ပြီး၊ လက်တွေ့ကျင့်သုံးရာတွင်လည်း အကြီးအကျယ်ချိုးဖောက်မှုများရှိခဲ့သည်။

အဆိုပါဆန္ဒခံယူပွဲကျင်းပရေး ဥပဒေတွင်သာသနာရေးဝန်ထမ်းတို့၏ မဲပေးခွင့်အား မှားယွင်းစွာငြင်းပယ်ခဲ့သည်။ ပြီးခဲ့သောရွေးကောက်ပွဲများတွင် မြန်မာအစိုးရက သာသနာရေးဝန်ထမ်းများအား ပါတီနိုင်ငံရေးနှင့် မပတ်သက်သင့်ဟူသော အကြောင်းပြချက်ကို အခြေခံ၍ ငြင်းပယ်ခဲ့ခြင်းဖြစ်သည်။ ပါတီနိုင်ငံရေးနှင့် မသက်ဆိုင်သည့် ယခုဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရေးကိစ္စတွင်မူ အဆိုပါအကြောင်းပြချက်ကို အသုံးပြု၍ မရနိုင်ပါ။ သို့ဖြစ်၍ သာသနာရေးဝန်ထမ်းများအား ယခုဆန္ဒခံယူပွဲ မဲစာရင်းမှ မှားယွင်းစွာ ဖယ်ထုတ်ထားခြင်းဖြစ်သည်။

ကချင်ပြည်နယ်တွင် အစိုးရအာဏာပိုင်များက မဲဆန္ဒရှင်စာရင်း ပြုစုရာတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးဥပဒေတွင် ပြဋ္ဌာန်းထားသည့် စံသတ်မှတ်ချက်များကိုပင် ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခဲ့ကြသည်။ မဲပေးနိုင်သောအရည်အချင်းနှင့် ပြည့်စုံသူ မဲဆန္ဒရှင်ထောင်သောင်းမကအား မဲပေးခွင့် မပေးဘဲ မှားယွင်းစွာဖယ်ထုတ်ထားခဲ့ပြီး ထောင်နှင့်ချီသော နိုင်ငံသားမဟုတ်သူများနှင့် အသက် ၁၈ နှစ်အောက် လူငယ်များကိုမူ မှားယွင်းစွာမဲပေးခွင့် ပြုခဲ့သည်။

မေလ (၇) ရက်နေ့တွင် နောက်ဆုံးအတည်ပြုခဲ့သည့် မဲပေးခွင့်ရှိသူစာရင်းအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဖွဲ့ဝင်တို့က ပြုစုခဲ့သည်။ သို့သော်အဆိုပါစာရင်းမှာလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန၏လူဦးရေစာရင်း ဇယားများနှင့် အကြီးအကျယ်ကွဲလွဲနေသည်။ သို့ဖြစ်၍ လူဝင်မှုကြီးကြပ်ရေးဌာနက ကချင်ပြည်နယ်အတွင်းပြုစုထားသည့် မဲစာရင်းတစ်ခုလုံးကို ပြည်လည်စစ်ဆေးပြင်ဆင်ခဲ့သည်။ ထိုသို့ပြင်ဆင်လိုက်သည့် မဲဆန္ဒရှင်စာရင်းသည် မူလစာရင်းထက် ၃၀၀၀၀ ကျော် လျော့နည်းသွားခဲ့သည်။

မဲစာရင်းများကို ပြန်လည်ပြင်ဆင်ရသောကြောင့် မဲပေးနိုင်သည့်အရည်အချင်းရှိသူ အတော်များများအား ဆန္ဒခံယူပွဲ မပြုလုပ်မီ တစ်ပတ်အလိုလောက်တွင်သာ အသိပေးအကြောင်းကြားနိုင်ခဲ့သည်။ မဲစာရင်းသစ်မှ ဖယ်ထားခံရသူတို့အား အယူခံခွင့်ပေးသော်လည်း ထိုသို့ပြုလုပ်ရန် ရက်အနည်းငယ်သာအချိန်ရခဲ့သည်။ အကျိုးဆက် အားဖြင့် ထောင်သောင်းမကသော ပြည်သူတို့မှာ ၎င်းတို့၏ မဲပေးခွင့် အခွင့်အရေးအား တစ်ဖက်သတ် ပစ်ပယ်ခံခဲ့ရသည်။ ကချင်ပြည်နယ်အတွင်းမဲစာရင်းများ ကို ပြည်လည်ပြင်ဆင်ပြောင်းလဲမှုများပြုလုပ်ခဲ့သော်လည်း ရက်သတ္တပတ်ပေါင်းများစွာကတည်းက ကောက်ယူထားသည့် ကြိုတင်မဲများကိုမူ ပယ်ဖျက်ခြင်းလည်းမပြု၊ ပြန်လည် ဆန္ဒမဲပေးခိုင်းခြင်းလည်းမပြုခဲ့ပါ။ ပူတာအိုမြို့နယ်အာဏာပိုင်များနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များသည် ထောက်ခံမဲပေးရန်မသေချာသည့် သူများအားမဲစာရင်းမှဖယ်ထုတ် ထားခဲ့ကြပါသည်။

အစိုးရအာဏာပိုင်များသည် ထောင်သောင်းချီရှိသော မဲပေးခွင့်မရှိသူများကိုလည်း မဲစာရင်းထဲတွင်မှားယွင်းစွာထည့်သွင်းထားသည်။ မြစ်ကြီးနားမြို့နယ်တွင်အသက် ၁၈ နှစ်မပြည့်သေးသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအဖွဲ့ဝင် ၃၃၀၀၀အား မဲစာရင်းထဲ ထည့်သွင်းထားခဲ့သည်။[၃၄] ထို့ပြင်အစိုးရအာဏာပိုင်များက မကြာသေးမီကာလအတွင်း တရုတ်ပြည် မှ ဝင်ရောက်ရွှေ့ပြောင်းလာသော ဧည့်သည်အလုပ်သမားများကိုလည်း မြန်မာနိုင်ငံသားမဟုတ်ကြောင်း ထင်ရှား ပါလျက် မဲစာရင်းတွင် ထည့်သွင်းခဲ့ကြသည်။ ထိုသို့လုပ်ခြင်းမှာ အစိုးရအာဏာပိုင်များအနေဖြင့်ထိုလူများထံမှ ထောက်ခံမဲများရရှိမည်ဟု ယုံကြည်သောကြောင့် ဖြစ်နိုင်သည်။ ထိုအဖြစ်မျိုးများမှာ ရှမ်းပြည်မြောက်ပိုင်းရှိ နမ့်ခမ်း၊ မူဆယ်နှင့် ပန်ဆိုင်းမြို့နယ် တို့တွင် အထူးတလေအဖြစ်များခဲ့သည်။

---

၃၄။ ကချင်သတင်းပြန်ကြားရေးအဖွဲ့ “ မဲစာရင်းတွင် အသက်မပြည့်သေးသူများကို စစ်အစိုးရကထည့်သွင်း ” ၂၀၀၈ခုနှစ်၊ ဧပြီလ (၁၄)ရက်

# အသိနှင့်ယှဉ်သောဆုံးဖြတ်ချက် ချမှတ်နိုင်ရေး အခွင့်အလမ်း

## အနိမ့်ဆုံးစံသတ်မှတ်ချက်

အသိနှင့်ယှဉ်သော ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်နိုင်စွမ်းသည် သဘောတူညီမှုတစ်ရပ်၏ အရေးပါသော အစိတ်အပိုင်းဖြစ်ပြီး မဲပေးပိုင်ခွင့်တွင်လည်း အခရာကျသောအချက်ဖြစ်သည်။ လူတစ်ဦးတစ်ယောက်အနေဖြင့် တစုံတရာပြုမူဆောင်ရွက်ရန် သဘောတူညီရာ၌ ထိုသဘောတူညီချက်အရ မိမိဆောင်ရွက်မည့် အပြုအမူနှင့် ပတ်သက်သောအချက်အလက်များ ရိုက်ခတ်မှုများ၊ နောက်ဆက်တွဲအကျိုးဆက်များအပေါ် ရှင်းရှင်းလင်းလင်း သိရှိနားလည် သဘောပေါက်မှုအပေါ် အခြေခံသည့် သဘောတူညီမှုမျိုး ဖြစ်မှသာလျှင် အသိနှင့်ယှဉ်သော သဘောတူညီမှုဟု သတ်မှတ်နိုင်သည်။ ဤအယူအဆသဘောတရားကို ထင်ဟပ်လျှက် သဘောတူစာချုပ်တစ်ရပ်ကို ချုပ်ဆိုရာတွင် ပါဝင်ချုပ်ဆိုသူတို့ကိုယ်တိုင် ဖတ်ရှုနားလည်နိုင်မည့် ဘာသာစကားဖြင့် ရေးသားချုပ်ဆိုရမည်ဟူသော ဥပဒေပြဋ္ဌာန်းချက်ကို ချမှတ်ထားခြင်းဖြစ်သည်။

ဆန္ဒခံယူပွဲတစ်ရပ် လွတ်လပ်မှုရှိမရှိဆိုသည်မှာ ဆန္ဒမဲပေးသူတို့အနေဖြင့် မိမိတို့မဲပေးရသည့် အကြောင်းရင်းကို သိရှိနားလည်မှုအတိုင်းအတာနှင့်မိမိတို့ပေးလိုက်သည့် ဆန္ဒမဲ၏အရေးပါမှုနှင့် ဆက်နွယ်ရိုက်ခတ်မှုများအပေါ် ဆင်ခြင်သုံးသပ် နိုင်သည့်အခွင့်အရေး လုံလုံလောက်လောက်ရှိမရှိဆိုသည့်အချက်ပေါ် မူတည်သည်။ ဤလိုအပ်ချက်နှင့် ကိုက်ညီရန်အတွက် အစိုးရမှုဖြစ်စေ လွတ်လပ်သောအဖွဲ့အစည်းတစ်ရပ်ရပ်မှဖြစ်စေ မဲပေးနိုင်ခွင့်ရှိသူနိုင်ငံသားအားလုံးတို့အား ဆန္ဒခံယူသည့် အချက်အပေါ် ထောက်ခံခွင့် ကန့်ကွက်ခွင့် အပါအဝင် မဲဆန္ဒပေးသူတို့၏အခွင့်အရေးနှင့် တာဝန်ဝတ္တရားများကို ရှင်းလင်း ပြောပြထားရပါမည်။

ပြည်သူ့သဘောထားဆန္ဒခံယူပွဲများတွင် လိုက်နာကျင့်သုံးရမည့် ကျင့်ထုံးဥပဒေ ပုဒ်မ (၃)၊ ပုဒ်မခွဲ (၁)တွင်အဆိုပါ တာဝန်ဝတ္တရားများကို အောက်ပါအတိုင်း ထပ်မံဖော်ပြထားပါသည်။

(ဃ) အာဏာပိုင်တို့အနေဖြင့် အမှန်တကယ်လက်တွေ့အသုံးတည့်မည့် သတင်းအချက်အလက်များကိုထုတ်ပြန်ပေးရပါမည်။ ဆိုလိုသည်မှာ -

**ဆန္ဒခံယူမည့်အကြောင်းအရာအပြည့်အစုံ၊** အဆိုပါအကြောင်းအရာအပေါ် ထောက်ခံ သူနှင့်ကန့်ကွက်သူနှစ်ဘက်စလုံး၏ရှင်းလင်းချက် သို့မဟုတ် သူ့ဘက်ကိုယ့်ဘက် မဲဆွယ်ပြောကြားချက်များကို **ဆန္ဒမဲပေးမည့်သူများကြိုတင်သိရှိလေ့လာနိုင်ရန် လုံလောက်သောအတိုင်းအတာအထိ အချိန်ယူကာ** အောက်ပါ အတိုင်း**ကြိုတင်ဆောင်ရွက်ပေးထားရန်ဖြစ်သည်၊**

(၁) အဆိုပါသတင်းအချက်အလက်များကို တရားဝင်သတင်းဌာနများမှတဆင့် မဲဆန္ဒမပေးမီ လုံလုံလောက်လောက်အချိန်ယူလျှက် ထုတ်ပြန်ကြေညာပေးရမည်။

(၂) အဆိုပါအချက်အလက်များကို နိုင်ငံသားတို့ထံ အရောက်ပို့ပေးရန်နှင့် မဲမပေးမီလုံလောက်သောအချိန်အတွင်း ၎င်းတို့လက်ဝယ် ကြိုတင်ရောက်ရှိနေစေရမည်။

(၃) **ဆန္ဒခံယူမည့် အကြောင်းအရာနှင့်ပါတ်သက်သော ရှင်းလင်းတင်ပြချက်များကို သက်ဆိုင်ရာအုပ်ချုပ်ရေးနှင့်** ဥပဒေပြုသူအာဏာပိုင်တို့ဘက်အား အခြားသူများသိရှိအောင် ထုတ်ပြန်ကြေညာခွင့်ပြုသကဲ့သို့ **အတိုက်အခံတို့၏ သဘောထားများကိုလည်း အလားတူ မျှမျှတတထုတ်ပြန်ခွင့်ပြုရမည်၊**

(င) အထက်ပါသတင်းအချက်အလက်များကို တရားဝင် ရုံးသုံးဘာသာစကားအားလုံးနှင့် **လူမျိုးစုတိုင်းရင်းသားဘာသာစကားနှင့်ပါ ထုတ်ပြန်ကြေညာပေးရမည်၊**

(စ) ခုံသမာဓိသဖွယ် မျှမျှတတဆောင်ရွက်ပေးရမည့်တာဝန်နှင့် မဲဆန္ဒရှင်တို့၏လွတ်လပ်စွာသဘောထားရပ်တည်ခွင့်တို့အပေါ် ချိုးဖောက်ကျူးလွန်မှုများရှိခဲ့ပါက အရေးယူအပြစ်ပေးရမည်။[၃၅]

၃၅။ " ဆန္ဒခံယူပွဲများ ကောင်းမွန်မှန်ကန်စွာ ကျင်းပရေးဥပဒေသ " ပုဒ်မ (၃)

ဆန္ဒခံယူပွဲ သို့မဟုတ် ရွေးကောက်ပွဲတစ်ရပ် လွတ်လပ်မှုရှိရေးအတွက် မဲဆန္ဒရှင်များအနေဖြင့် လူ့အခွင့်အရေးများ အပြည့်အဝရရှိခံစားနိုင်စေရန် အစိုးရကအာမခံရပါမည်။ ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးက ဤလိုအပ် ချက်အား အောက်ပါအတိုင်း အသေးစိတ်ဖော်ညွှန်းဖွင့်ဆိုထားပါသည်။

> လွတ်လပ်မှုရှိရေးအတွက် ရွေးကောက်ပွဲများတွင် ပါဝင်သူတို့အပေါ် ခြိမ်းခြောက်မှုလည်းမရှိ၊ အခြေခံ လူ့အခွင့်အရေးများလည်းကျယ်ကျယ်ပြန့်ပြန့် ရရှိခံစားနိုင်သည့် အနေအထားမျိုးဖြစ်အောင် စီမံဆောင်ရွက် ပေးရမည်။ ထိုသို့ ဖြစ်စေရန်အတွက် ရွေးကောက်ပွဲတွင် အပြည့်အဝပါဝင်လှုပ်ရှား ဆောင်ရွက်နိုင်မှုအား အဟန့်အတားဖြစ်စေမည့် အရာများကို ဖယ်ရှားပေးရမည်။ ထို့ပြင်နိုင်ငံသားတို့အနေဖြင့် ရွေးကောက်ပွဲတွင် ပါဝင်ဆောင်ရွက်မှု၏ အကျိုးဆက်အဖြစ် ၎င်းတို့အပေါ် ပုဂ္ဂိုလ်ရေးအရ ထိခိုက်မှု တစ်စုံတရာမရှိနိုင်ကြောင်း စိတ်ချယုံကြည်မှုရှိနေစေရမည်။
>
> နိုင်ငံရေးအရ စည်းရုံးဝါဒဖြန့်ခြင်း၊ မဲဆန္ဒရှင်တို့အား ပညာပေးစည်းရုံးလှုပ်ရှားခြင်း နိုင်ငံရေးစည်းဝေးပွဲနှင့် စုရုံးပွဲများပြုလုပ်ခြင်း၊ မိမိတို့သက်ဝင်ယုံကြည်ရာ နိုင်ငံရေးပါတီများတွင်ပါဝင်ရပ်တည်ဆောင်ရွက်ခြင်း စသည်တို့သည် ရွေးကောက်ပွဲ လုပ်ငန်းစဉ်၏ ယေဘုယျ အင်္ဂါရပ်များဖြစ်သည်။ ရွေးကောက်ပွဲများ လွတ်လပ်မှု ရှိစေရေးအတွက် အကြောင်းမဲ့ဝင်ရောက်စွက်ဖက်မှု ကင်းစွာဖြင့် အဆိုပါလုပ်ငန်းစဉ်အသီးသီးကို လွတ်လပ်စွာ ဆောင်ရွက်ခွင့် ရှိစေရမည်။

အောက်ပါ အခြေခံလူ့အခွင့်အရေးများမရှိပါက ဆန္ဒခံယူပွဲတစ်ခုသည်“လွတ်လပ်မှု” မရှိဟုဆိုနိုင်ပါသည်။

**လွတ်လပ်စွာဖော်ထုတ်ခွင့်** - ရွေးကောက်ပွဲဆိုသည်မှာ ပြည်သူလူထု၏ နိုင်ငံရေးအမြင်ကိုဖော်ထုတ်ပြသရန် ဟူသော အချက်ကို အဓိကထားကာ ရည်ရွယ်ပြုလုပ်သည့် လုပ်ငန်းစဉ်တစ်ရပ်ပင်ဖြစ်သည်။ ထို့ကြောင့် ရွေးကောက်ပွဲ ကာလ အတွင်း မိမိတို့၏ရပ်တည်ချက်သဘောထားများကို ဖော်ထုတ်ပြသခွင့် အခွင့်အရေးအား အခိုင်အမာ ကာကွယ်စောင့်ရှောက် ပေးရပါမည်။

**လွတ်လပ်စွာသဘောထားခံယူပိုင်ခွင့်** - နိုင်ငံရေးအမြင်အဘောထားတစ်ခုအားချွင်းချက်မရှိလွတ်လပ်စွာ ခံယူပိုင်ခွင့်မှာ ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ရပ်တွင် မရှိလျှင်မဖြစ်သော လိုအပ်ချက်ပင်ဖြစ်သည်။ ထို့ကြောင့် အဆိုပါလွတ်လပ်မှုမျိုး မရှိလျှင်ဖြစ်စေ၊ သို့တည်းမဟုတ် တနည်းနည်းဖြင့် ချုပ်ချယ်ကန့်သတ်ခြင်းခံရသော အခြေ အနေမျိုးတွင်ဖြစ်စေ ပြည်သူလူထု၏ သဘောထားအစစ်အမှန်ကို မည်သို့မျှဖော်ထုတ် နိုင်မည်မဟုတ်ပါ။

**ငြိမ်းချမ်းစွာ စုဝေးခွင့်** - ပြည်သူ့ဆန္ဒဖော်ထုတ်ပွဲများနှင့် နိုင်ငံရေးစည်းရုံးစုဝေးမှုများသည် ရွေးကောက် ပွဲလုပ်ငန်းစဉ်၏ ခွဲခြားမရသော ကျန်အင်လက္ခဏာတစ်ရပ်ဖြစ်ပြီး ထိုစည်းရုံးစုဝေးပွဲများသည် နိုင်ငံရေး အသိအမြင်များကို ပြည်သူလူထုထံ ဆော်သြဖြန့်ဖြူးပေးနိုင်သည့်ထိရောက်သော ယန္တရားတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် လွတ်လပ်စွာစုရုံးခွင့်အား အသိအမှတ်ပြု လေးစားရမည်ဖြစ်သည်။

**လွတ်လပ်စွာ စည်းရုံးဖွဲ့စည်းခွင့်** - အဆိုပါအခွင့်အရေးတွင် နိုင်ငံရေးအဖွဲ့အစည်းများ လွတ်လပ်စွာဖွဲ့စည်းခွင့်နှင့် ပါဝင်လှုပ်ရှားဆောင်ရွက်ခွင့်တို့ အဓိကပါဝင်သည်။ အဆိုပါအခွင့်အရေးများကို လေးစားလိုက်နာ ရေးသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် အသက်သွေးကြောတစ်မျှ အရေးပါအရာရောက်လှပါသည် အဘယ်ကြောင့် ဆိုသော် ထိုသို့နိုင်ငံရေးပါတီများဖွဲ့စည်း လှုပ်ရှားဆောင်ရွက်နိုင်စွမ်းသည် ဒီမိုကရေစီရေး လုပ်ငန်းစဉ်တွင် ပြည်သူလူထုနိုးကြားစွာ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် အရေးပါဆုံးနည်းလမ်းတစ်ရပ် ဖြစ်သောကြောင့် ဖြစ်ပါသည်။[၃၆]

## ***နိုင်ငံသားတို့အား အသိနှင့်ယှဉ်သောဆုံးဖြတ်ချက်ချမှတ်နိုင်ရေးအခွင့်အလမ်းပေးအပ်ခဲ့ခြင်းမရှိပါ။***

---

၃၆။ “ လူ့အခွင့်အရေးများ ကြီးကြပ်ဆောင်ရွက်ရေး သင်တန်းလက်စွဲ အခန်း (၁၄)။ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်နာ မင်းကြီးရုံး ၂၀၀၁ခုနှစ်

နအဖ အစိုးရသည်နိုင်ငံသားတို့ အားအသိနှင့်ယှဉ်သောဆုံးဖြတ်ချက်ချမှတ်နိုင်ရန် အနိမ့်ဆုံးစံသတ်မှတ်ချက်များကိုပင် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းမရှိခဲ့ပါ။ ထို့ပြင်ဆန့်ကျင်ဘက်အမြင်များ ထုတ်ဖော်ပြသရန် ကြိုးပမ်းအားထုတ်မှုများကိုလည်း ပိတ်ဆို့ဟန့်တားခဲ့ကြသည်။

## *ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား ပြည်သူတို့ လက်လှမ်းမမှီအောင်ပြုလုပ်ခဲ့သည်။*

အစိုးရက ဖွဲ့စည်းပုံအခြေခံဥပဒေအား မြန်မာဘာသာတစ်မျိုးတည်းဖြင့်သာထုတ်ဝေခဲ့ပြီး အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေအား တိုင်းရင်းသားဘာသာစကားများနှင့် ဘာသာပြန်ဆို ထုတ်ဝေခဲ့ခြင်းမပြုပါ။ အင်္ဂလိပ်ဘာသာဖြင့်မူ ဆန္ဒခံယူပွဲပြီးမှသာ ထုတ်ဝေခဲ့သည်။ ထို့ကြောင့် ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးစုများဖြစ်သော နိုင်ငံသားအများစုမှာ အဆိုပါဥပဒေအား လက်ခံသင့်မခံသင့် မိမိတို့အသိနှင့်ယှဉ်ပြီး ဆုံးဖြတ်နိုင်ရန် လေ့လာဖတ်ရှုခွင့် မရခဲ့ကြပါ။

ကချင်ပြည်နယ်သားအများစုမှာ ဖွဲ့စည်းပုံအခြေခံမူကြမ်းအား လေ့လာဖတ်ရှုရန် အခွင့်အလမ်းမရခဲ့ကြပါ။ တစ်ကယ့်တစ်ကယ်အားဖြင့် အများစုမှာထိုဥပဒေမူကြမ်းကို မြင်ပင်မမြင်ဖူးလိုက်ကြပါ။ ဥပဒေမူကြမ်းစာအုပ်များအား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမတိုင်မီ တစ်လအလို ဧပြီလ (၉ ) ရက်နေ့တွင်မှ ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ထိုစာအုပ်များကိုဖြန့်ချီရာတွင်လည်း နှောင့်နှေးခဲ့ရပြန်သည်။ အဘယ်ကြောင့်ဆိုသော် ထိုစာအုပ်များကို (၁၀ ) ရက်ကြာ သင်္ကြန်ရက်ရှည်ရုံးပိတ်ရက်မတိုင်မီ တစ်ရက်အလိုတွင်မှ ကပ်၍ စတင်ထုတ်ဝေဖြန့်ချီခဲ့ခြင်းကြောင့်ဖြစ်သည်။ ထို့ပြင်မဲဆန္ဒရှင်ပြည်သူ သန်း ၃၀ ကျော်အတွက် ဥပဒေမူကြမ်းစာအုပ် ၄၆၅၀၀၀ သာ ပုံနှိပ်ခဲ့သည်။ ကချင်ပြည်နယ်အတွင်း ဥပဒေမူကြမ်း စာအုပ်ထုတ်ဝေဖြန့်ချီမှုအား အကန့်အသတ်နှင့်သာပြုလုပ်ခဲ့သည်။ မြစ်ကြီးနားမြို့စာအုပ်ဆိုင်များတွင် အဆိုပါစာအုပ်များကို ခေတ္တခဏသာ တွေ့လိုက်ရပြီး ခဏချင်းရောင်းကုန်သွားသည်။ ကချင်ပြည်နယ်ကော်မရှင်ရုံးသို့ ပေးပို့ထားသည့် စာအုပ်များကို ဆန္ဒခံယူပွဲ တာဝန်ခံများအတွက်သာ အကန့်အသတ်ဖြင့်ဝေငှပေးခဲ့ပြီး အခြား စိတ်ဝင်စားသူများအတွက်မူ စာအုပ်ဝယ်ရန်ပင် ရန်ပုံငွေ မရှိခဲ့ဟုဆိုသည်။ သို့ဖြစ်၍ ပုဒ်မ ၄၅၇ ခုပါရှိပြီးစာမျက်နှာ ၁၉၄ မျက်နှာရှိ အဆိုပါစာအုပ်အား လူအချို့သာဖတ်ခွင့်ရခဲ့သည်။

## *အစိုးရထိမ်းချုပ်သည့်မီဒီယာတို့က ဘက်လိုက်ခဲ့ကြသည်။*

မြန်မာနိုင်ငံပြန်ကြားရေးနှင့် လူထုဆက်သွယ်ရေးလုပ်ငန်းဖြစ်သည့် ရေဒီယိုရုပ်မြင်သံကြားနှင့် သတင်းစာ၊ စာနယ်ဇင်းတို့က ပြည်လုံးကျွတ်ဆန္ဒခံယူပွဲလုပ်ငန်းစဉ်နှင့် အဆိုပါလုပ်ငန်း၏ ထူးခြားချက်ဝိသေသများနှင့် ပါတ်သက်၍ တစ်ဖက်သတ်ကျသော ထုတ်ပြန်ချက်များကို သာမန်ကာရှန်ကာမျှသာ ထုတ်လွှင့်ရေးသားခဲ့ကြသည်။ မြန်မာနိုင်ငံတွင် နှစ်ခုတည်းသာရှိသည့် ရုပ်မြင်သံကြားဌာနများမှလည်း ဆန္ဒခံယူပွဲထောက်ခံရေး တေးသီချင်းများနှင့် ဇာတ်လမ်းတိုများကိုသာ အဆက်မပြတ် ထုတ်လွှင့်ခဲ့ကြသည်။

သတင်းစာများမှနေ၍ ထောက်ခံမဲပေးရန်ဆော်ဩထားသည့် ကြွေးကြော်သံများ အယ်ဒီတာ့အာဘော် ခေါင်းကြီးပိုင်းများ၊ ကာတွန်းများ၊ ကဗျာများကို အထူးသီးသန့်ရွေးနှုတ်ဖော်ပြခဲ့ကြသည်။ ဆန့်ကျင်ကန့်ကွက်မဲပေးခြင်းကို ကိုလိုနီဝါဒ ပုန်ကန်မှု၊ ခွဲထွက်မှုတို့နှင့်အတူတူဖြစ်ကြောင်းဖော်ပြခဲ့ကြသည်။ ထိုအချက်ကို နိုင်ငံတော်ပိုင်သတင်းစာများတွင် ပုံနှိပ်ဖော် ပြချက်များနှင့် ကချင်ပြည်နယ်တစ်လွှား စိုက်ထူခဲ့ကြသည့် အောက်ပါပိုစတာ၊ ဆိုင်းဘုတ်ကြီးများက အထင်အရှားသက်သေပြခဲ့သည်။

- **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေပေါ်ထွန်းရေးသည် နိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**
- **ဒီမိုကရေစီကို မင်းမဲ့ဝါဒအကြမ်းဖက်မှုတို့ဖြင့် မဖော်ဆောင်နိုင်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့်သာ ဖော်ဆောင်နိုင်မည်။**
- **ကျွန်ုပ်တို့၏ အနာဂါတ်ကို ကျွန်ုပ်တို့ကိုယ်တိုင်ဖော်ဆောင်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ထောက်ခံအတည်ပြုကြပါစို့။**

- **စစ်မှန်သည့်လွတ်လပ်ရေးကို ချစ်မြတ်နိုးသော၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကိုလိုလားသော၊ ပြည်ပ စွက်ဖက်မှု ကြိုးကိုင်ချယ်လှယ်တို့အား စက်ဆုပ်ရွံရှာသော၊ ကိုလိုနီဝါဒီတို့ ကြိုးဆွဲရာ ရုပ်သေး အစိုးရမျိုးအား ဆန့်ကျင်သော မျိုးချစ်စိတ်ထက်သန်သူ ကျွန်ုပ်တို့အားလုံး ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရေးအတွက် "ထောက်ခံ " မဲပေးကြပါစို့။**
- **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရေးသည် ယနေ့ပြည်သူတစ်ရပ်လုံး၏ အမျိုးသားရေးတာဝန် ဖြစ်သည်။ နိုင်ငံတော်အကျိုးကိုမျှော်ကိုး၍ "ထောက်ခံ" မဲပေးကြပါစို့။**
- **ဖွဲ့စည်းပုံအခြေခံဥပဒေကို ထောက်ခံအတည်ပြုမှသာလျှင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို လျင်မြန် သွက်လက်စေလိမ့်မည်။**

ပုဂ္ဂလိကစာနယ်ဇင်းတို့အားလည်း ဆန္ဒခံယူပွဲအားထောက်ခံသည့် အထူးသီးသန့်ဆောင်းပါးများကို မဖြစ်မနေ ဖော်ပြစေခဲ့သည်။ စာနယ်ဇင်းလွတ်လပ်ခွင့်အား တင်းကြပ်စွာချုပ်ကိုင်ထားမှုက ဆန့်ကျင်ဘက်သဘောထားအမြင် ဖော်ပြမှုနှင့် ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်သုံးသပ်မှုများကို အဟန့်အတားဖြစ်စေခဲ့သည်။ ဤသို့သော ပြုမူဆောင်ရွက်မှုများကြောင့် အစိုးရအနေဖြင့်ဖွဲ့စည်းပုံ အခြေခံ ဥပဒေပါအကြောင်းအရာနှင့် ထူးခြားချက်ဝိသေသများကို ပြည်သူတို့အား အပြည့်အဝ အသိပညာပေးရန် ပျက်ကွက် ခဲ့ရုံသာမက နိုင်ငံသားအချင်းချင်း အသိပညာပေးနိုင်မှုအား အကြီးအကျယ် ကန့်သတ် ချုပ်ချယ်ရာ ရောက်ခဲ့သည်။

## *အစိုးရက ပြည်သူတို့ကြား ငြင်းခုံဆွေးနွေးမှုများကို ဟန့်တားပိတ်ပင်ခဲ့ပြီး ဆန့်ကျင်ဘက်သဘောထား အမြင်များကိုကန့်သတ်ချုပ်ချယ်ခဲ့သည်။*

"ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ပျက်ပြားစေရန် မဲရုံအတွင်း၌ဖြစ်စေ၊ မဲရုံပရဝဏ်အတွင်း၌ဖြစ်စေ၊ အများပြည်သူတို့နှင့် သက်ဆိုင်သောနေရာ၌ဖြစ်စေ၊ ပုဂ္ဂလိကပိုင်နေရာ၌ဖြစ်စေ "ဟောပြောခြင်း၊ စာရွက် စာတမ်း ကမ်းလှမ်းခြင်း၊ ပိုစတာများအသုံး ပြုခြင်း၊ သို့မဟုတ်မဲဆန္ဒပေးခြင်းကို အခြားတနည်းနည်းဖြင့် နှောင့်ယှက်ခြင်း" တို့ကို ပြုလုပ်ခဲ့ပါက ထောင်ဒဏ် ၃ နှစ်အထိ အပြစ်ပေးအရေးယူမည်ဟု ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးဥပဒေတွင် ပြဋ္ဌါန်းဖော်ပြထားသည်။[၃၇] အဆိုပါပြဋ္ဌာန်း ချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား ဆန့်ကျင် ဖော်ပြ မှုကိုမည်သည့် နေရာမည်သည့်အချိန်မဆို မည်သည့်နည်းနှင့်မျှ မပြုလုပ်ရန် တားမြစ်ထားသောပြဋ္ဌာန်းချက်ဖြစ်သည်ဟု အစိုးရ အာဏာပိုင်များနှင့် ပြည်သူလူထုက နားလည် ထားကြသည်။ ဆန္ဒခံယူပွဲပြုလုပ်ပုံပြုလုပ်နည်းနှင့် ပါတ်သက်၍ တရားမျှတမှု မရှိကြောင်းစောဒကတက်မှုများ မပြုလုပ်ရန်လည်း ဤဥပဒေကတားမြစ်ထားသည်ဟု လူအများကယုံကြည် ထားခဲ့ကြသည်။

ကချင်ပြည်နယ်အတွင်း ဆန္ဒခံယူပွဲကျင်းပရေးအာဏာပိုင်များက ဆန့်ကျင်ဘက် အမြင်သဘောထား ဖော်ထုတ်ပြသမှုတို့အားဆန့်ကျင်နှိပ်ကွပ်ရန် တက်ကြွစွာ ရှာဖွေဆောင်ရွက်ခဲ့ကြသည်။ ၂၀၀၈ ခုနှစ် မတ်လ ၁၅ ရက်နံနက်ပိုင်းက ကချင်ပြည်နယ်မြစ်ကြီးနား မြို့တော်ခန်းမတွင် ဆန္ဒခံယူပွဲကို တာဝန်ကြီးကြပ်ဆောင်ရွက်ရသူ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်အေးက ရပ်ကွက်နှင့် ကျေးရွာအုပ်စုအားလုံးမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲနှင့် ဝန်ထမ်းများတက်ရောက်သည့် အစည်းအဝေးတစ်ခုတွင် ဆန္ဒခံယူပွဲ လုပ်ငန်းစဉ်တစ်ခုလုံးနှင့် ပတ်သက်ပြီး ခြုံငုံသုံးသပ်ကာ လမ်းညွှန်မိန့်ကြားခဲ့သည်။ အဆိုပါအစ စည်းအဝေးတွင်၎င်းက အစည်းအဝေး တက်ရောက် သူများအား ဆန္ဒခံယူပွဲအောင်မြင် နိုင်ရေးအတွက် ပြည်သူလူထုအား သိမ်မွေ့စွာ စည်းရုံးရန်နှင့် တရားဥပဒေ နည်းလမ်းများကို အသုံးပြုရန်ဖြစ်သော်လည်း အကယ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ထောက်ခံအတည်ပြု ရေးကို ဆန့်ကျင်ကန့်ကွက်ရန် တက်ကြွစည်းရုံးလှုံ့ဆော်သူ မည်သူကိုမဆိုနှိပ်ကွပ်ချေမှုန်းရာ၌ လိုအပ်သလို အင်အားအသုံး ပြုရန်နှင့် အကြမ်းဖက်ဆောင်ရွက်နိုင်ကြောင်း ပြောကြားခဲ့သည်။

---

၃၇။ " ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ " အခန်း (၁၀)

ဧပြီလတွင် ကချင်ပြည်နယ်လုံးဆိုင်ရာ ကျောင်းသားလူငယ်သမဂ္ဂ (AKSYU) က ဗန်းမော်နှင့် မြစ်ကြီးနားတို့တွင် ကန့်ကွက်မဲပေးရန် လှုံ့ဆော်သည့်ပိုစတာများကပ်ခြင်း၊ စာရွက်စာတမ်းများဝေငှခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါလှုပ်ရှားမှုကို တုံ့ပြန်သည့်အနေဖြင့် ဒေသအာဏာပိုင်များက တက်ကြွလှုပ်ရှားသူများကို ချက်ချင်းဖေါ်ထုတ် အရေးယူခြင်း၊ ပိုစတာများကပ်ပြီးပြီးချင်း အဆိုပါပိုစတာများကိုလိုက်လံဖယ်ရှားခြင်းတို့ကို တက်ညီလက်ညီ လှုပ်ရှားဆောင်ရွက်ခဲ့ကြသည်။ ရပ်ကွက်ကြံ့ဖွံ့ခေါင်းဆောင်ဦးဒိုင်ဟူက မြစ်ကြီးနားမြို့ ဒူကထောင်ရပ်ကွက်တွင် ကြံ့ဖွံ့အသင်းမှပြုလုပ်သည့် အစည်းအဝေးတစ်ခုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း ဖတ်ရှုကြားသိခဲ့ရပုံနှင့်ပတ်သက်၍ ပွင့်ပွင့်လင်းလင်း ပြောပြခဲ့မိသည့် ကချင်လူငယ်နှစ်ဦးအားအိမ်အကျယ်ချုပ်အနေဖြင့်နေရန် အမိန့်ပေးခဲ့သည်။ ၎င်းတို့နှစ်ဦးအား ဆန့်ကျင်ကန့်ကွက်မဲပေးရန်စည်းရုံးလှုပ်ရှားသူများအဖြစ်မမှန်မကန်စွပ်စွဲ၍အမိန့်ပေးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

## မိမိအသိတရားနှင့် မိမိ မဲပေးပိုင်ခွင့်

### အနိမ့်ဆုံးစံသတ်မှတ်ချက်

လွတ်လပ်ပြီး တရားမျှတမှုရှိသော ဆန္ဒခံယူပွဲတစ်ရပ်၏ အနှစ်သာရအကျဆုံးအချက်မှာ ကြောက်ရွံ့မှုနှင့် ခြိမ်းခြောက်မှုတို့မှ ကင်းဝေးစွာ ၎င်းတို့၏ အသိတရားနှင့်အညီမဲပေးခွင့်တည်းဟူသော နိုင်ငံသားတို့၏ အခွင့်အရေးအား လေးစားလိုက်နာရေးပင်ဖြစ်သည်။ ကုလသမဂ္ဂလူ့အခွင့်အရေးဌာနက ဤအချက်နှင့် ပတ်သက်၍ ရှင်းရှင်းလင်းလင်း ဖော်ပြထားသည်။

**"၎င်းတို့ပါဝင်ပတ်သက်မှု၏ အကျိုးဆက်အဖြစ်၎င်းတို့အပေါ် ပုဂ္ဂိုလ်ရေးအန္တရာယ်တစ်စုံတစ်ရာ ကျရောက် ခြင်းမရှိနိုင်ကြောင်းနိုင်ငံသားတို့အားယုံကြည်မှုရှိစေရမည်။**[၃၈]

မဲဆန္ဒပေးရာတွင် ခြိမ်းခြောက်မှုမှ ကာကွယ်ပေးနိုင်ရန် လျှို့ဝှက်မဲပေးခြင်းသည် အလွန်အရေးကြီးသည်။ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၂၁ တွင်ရွေးကောက်ပွဲများကို **"လျှို့ဝှက်မဲပေးစနစ်ဖြင့်ဖြစ်စေ၊ အလားတူ လွတ်လပ်သော မဲပေးစနစ်ဖြင့်ဖြစ်စေကျင်းပရမည်"** ဟူ၍ပြဋ္ဌာန်းထားသည်။

နိုင်ငံရေးနှင့် ပြည်သူအခွင့်အရေးဆိုင်ရာ နိုင်ငံတကာ ပဋိညာဉ်စာချုပ်တွင် ရွေးကောက်ပွဲများအား **"လျှို့ဝှက်မဲပေးစနစ်ဖြင့်"** ကျင်းပသင့်ကြောင်း လိုအပ်ချက်တစ်ရပ်အနေဖြင့် ခိုင်လုံစွာထပ်မံဖေါ်ပြထားသည်။[၃၉] ကုလသမဂ္ဂလူ့အခွင့်အရေးဌာန၏ ဖေါ်ပြချက်အရ "ဤစံသတ်မှတ်ချက်မှာ အမှန်တစ်ကယ်လွတ်လပ်မှုရှိရန် တစ်စုံတစ်ဦး၏မဲပြားပေါ်မှ အကြောင်းအရာအမှတ်အသားများပေါ်တွင် လုံးဝဥဿုံလုံခြုံလျှို့ဝှက်မှုရှိစေရန် အာမခံချက်ပေးရမည်။" ဟူသော နိုင်ငံတကာလူ့အဖွဲ့အစည်း၏ ခံယူချက်သဘောထားကိုထင်ဟပ်ထားခြင်းဖြစ်သည်။[၄၀] ကုလသမဂ္ဂလူ့အ ခွင့်အရေးဌာနက ထပ်မံဖေါ်ပြထားသည်မှာ "မဲဆန္ဒပြား လုံခြုံလျှို့ဝှက်မှုကိုမဲဆန္ဒရှင်များအား အသိပညာပေးရာတွင် အဓိကပစ်မှတ်အဖြစ်လည်းထားရန် လိုအပ်ပါသည်။ သို့မှသာ ပြည်သူတို့အနေဖြင့် ဤသို့သော ကာကွယ်စောင့်ရှောက်မှုကို အယုံအကြည်ရှိမည်ဖြစ်ပါသည်။" ဟူ၍ဖြစ်သည်။ [၄၁]

**နိုင်ငံသားတို့အား၎င်းတို့၏အသိတရားနှင့်အညီမဲပေးခွင့်အားစံနစ်တကျငြင်းပယ်ခံခဲ့ရသည်။** ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်အဖွဲ့ဝင်များသည် မဲဆန္ဒရှင်များအား ၎င်းတို့၏အသိတရားနှင့် အညီမဲပေးပိုင် ခွင့်အားစနစ်တကျငြင်းပယ်နိုင်ရန် ရဲတပ်ဖွဲ့ဝင်များ၊ အစိုးရဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအဖွဲ့ဝင်များနှင့် ပူးပေါင်းကြံစည်ခဲ့ကြသည်။ အဆိုပါကျူးလွန်ချိုးဖောက်မှုများမှာ ပုံစံမျိုးစုံဖြင့် ပေါ်ပေါက်ခဲ့သည်။

၃၈။ လူ့အခွင့်အရေးနှင့် ရွေးကောက်ပွဲများ စာမျက်နှာ (၆)
၃၉။ ပုဒ်မ ၂၅ (ခ)
၄၀။ လူ့အခွင့်အရေးနှင့် ရွေးကောက်ပွဲများ စာမျက်နှာ (၁၀)
၄၁။ လူ့အခွင့်အရေးနှင့် ရွေးကောက်ပွဲများ စာမျက်နှာ (၁၀)

အဆိုပါချိုးဖောက်မှုပုံစံများတွင် ထောက်ခံမဲပေးရန် အမိန့်ပေးစေခိုင်းခြင်း၊ မဲပေးရာတွင်လုံခြုံလျှို့ဝှက်မှုအားငြင်းပယ်ခြင်း၊ အကြပ်ကိုင်ခြိမ်းခြောက်မှုများအား နည်းလမ်းပေါင်းစုံကျင့်သုံးခြင်း စသည်တို့ပါဝင်သည်။ အဆိုပါကျူးလွန်ချိုးဖောက်မှုများမှာ နေရာအနှံ့ပေါ် ပေါက်ခဲ့ခြင်းဖြစ်သောကြောင့် ဆန္ဒခံယူပွဲလုပ်ငန်း၏ ဂုဏ်ကျက်သရေကိုညှိုးနွမ်းပျက်စီးသွားအောင် အခြေခံမှနေ၍ ဖျက်စီးလိုက်စားခဲ့ခြင်းဖြစ်သည်။

## ထောက်ခံဆန္ဒမဲပေးရန် အမိန့်ပေးစေခိုင်းခြင်း

အစိုးရထိပ်ပိုင်းအာဏာပိုင်များက အစိုးရဝန်ထမ်းများအား ဆန့်ကျင်ကန့်ကွက်မဲပေးခွင့်မပြုဘဲ ထောက်ခံမဲပေးရန် အမိန့်ပေးစေခိုင်းခြင်းဖြင့် ၎င်းတို့၏ မဲပေးပိုင်ခွင့်အခွင့်အရေးအား လက်လွတ်စပယ်ချိုးဖောက်ခဲ့သည်။ အများနှင့်မတူတစ် မျိုးတစ်ဘာသာ မဲပေးရမည်ဟူသော အမိန့်ပေးစေခိုင်းမှုများသည် မဲဆန္ဒပေးပွဲ၏ အသည်းနှလုံးဟုပင်ဆိုနိုင်သည့် သဘောတူညီမှုဆိုင်ရာ ဒီမိုကရေစီစံနှုန်းကို ပြောင်ပြောင်တင်းတင်း သွေဖီလိုက်ခြင်းပင်ဖြစ်သည်။ ဆန္ဒခံယူပွဲ၏ ရည်ရွယ်ချက်မှာ ပြည်သူတို့၏ ဆန္ဒသဘောထားအား ဖော်ထုတ်တိုင်းတာရန်ဖြစ်သည်။ ဤသို့အများနည်းတူမဟုတ်ဘဲ တစ်မျိုးတစ်ဘာသာ မဲပေး ရန်အမိန့်ပေးခိုင်းခြင်းဖြင့် ဆန္ဒခံယူပွဲတစ်ရပ်ကိုသက်ဝင်လှုပ်ရှားစေသည့်အခြေခံအကျဆုံး စံနှုန်းအားဖောက်ဖျက် လိုက် ခြင်းဖြစ်သည်။ ၂၀၀၈ ခုနှစ်ဆန္ဒခံယူပွဲအတွင်း အဆိုပါကျူးလွန်ဖောက်ဖျက်မှုများ နေရာအနှံ့ပေါ် ပေါက် ခဲ့မှုကၡင်းဆန္ဒခံယူပွဲ၏ ဒီမိုကရေစီမကျလွန်းသော သရုပ်သကန်ကိုပေါ် လွင်ထင်ရှားစေသည်။

ကချင်ပြည်နယ်တစ်ဝှမ်းတွင် အဆိုပါအမိန့်ညွှန်ကြားချက်များကို အစိုးရထိပ်ပိုင်းအဆင့်များမှ ထုတ်ပြန်ပေးခဲ့ခြင်းဖြစ်သည်။ မြောက်ပိုင်းတိုင်း တိုင်းမှူးဗိုလ်မှူးချုပ်အုန်းမြင့်က အစိုးရဌာနဆိုင်ရာဝန်ထမ်းများအား ကန့်ကွက်မဲပေးလျှင် ထောင်ဒဏ် (၇ ) နှစ်နှင့် ငွေဒဏ် ကျပ် ၅သိန်းအထိ ပြစ်ဒဏ်ပေးခံရမည်ဟု ခြိမ်းခြောက်ခဲ့ကြောင်း ကချင်သတင်းပြန်ကြားရေးအဖွဲ့က သတင်းပေးပို့ခဲ့သည်။[42] အလားတူပင် ဗန်းမော်ခရိုင်နှင့် မြို့နယ်အာဏာပိုင်များက ဗန်းမော်ခရိုင်ပညာရေးမှူးဦးအုန်းငွေနှင့်တစ်ကွ ဆရာဆရာမများအပါအဝင် ပညာရေးဝန်ထမ်းအားလုံးအား ထောက်ခံမဲပေးကြရန် အမိန့်ပေးစေခိုင်းခဲ့ကြောင်း မဇ္ဈိမသတင်းဌာနက ဖော်ပြခဲ့သည်။ အာဏာပိုင်များက ၎င်းတို့အားမဲရုံများသို့ မသွားဘဲနေ၍ရကြောင်း သို့သော် မည်သည့်နည်းနှင့်မျှ ကန့်ကွက်မဲမပေးစေရဟု ညွှန်ကြားခဲ့သည်။[43] ပြည်ထဲရေးဝန်ကြီးဌာန ကာကွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ လျှပ်စစ်စွမ်းအင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန အစရှိသော အစိုးရဌာနများမှ ဝန်ထမ်းများ၏ သက်သေခံမှုများက အဆိုပါသတင်းပေးပို့ချက်များ မှန်ကန်ကြောင်း အတည်ပြုပေးခဲ့သည်။ ၎င်းတို့အားလုံးက ၎င်းတို့၏ အထက်အရာရှိများက လက်အောက်ဝန်ထမ်းများအား ထောက်ခံမဲပေးကြရန် ခြိမ်းခြောက်အကြပ်ကိုင်မှုများ ပြုလုပ်ခဲ့ကြောင်း ပြောဆိုခဲ့ကြသည်။

တပ်မတော်သားစစ်မှုထမ်းများအား ဖွဲ့စည်းပုံအခြေခံဥပဒေထောက်ခံမဲပေးရေး သေချာစေရန်၎င်းတို့၏ တပ်ရင်းတပ်ဖွဲ့ ဌာနချုပ်စခန်းများရှိ မဲရုံများတွင်သာ မဲပေးစေခဲ့သည်။ တပ်နယ်အတွင်းနေထိုင်သည့် တပ်မတော်အရာထမ်းများ၏ ဇနီး များနှင့် အရွယ်ရောက်ပြီးသားသမီးများကိုလည်း အဆိုပါမဲရုံများတွင်သာ မဲပေးခိုင်းခဲ့သည်။ အချို့တပ်များဆိုလျှင် ၎င်းတို့ လက်အောက်ခံ တပ်ဖွဲ့တပ်ရင်းများမှ စစ်သားများကိုယ်စားပင် ထောက်ခံမဲများထည့်ခဲ့ကြသည်။ ကချင်ပြည်နယ်၌ ဧပြီလအ တွင်းက ကြိုတင်ကောက်ယူပြုစုခဲ့သည့် မဲစာရင်းအရ တပ်မတော်တပ်ရင်းတပ်ဖွဲ့နှင့် ကချင်ပြည်နယ်တပ်နယ်မြေများအတွင်း ရှိ မဲဆန္ဒရှင်စုစုပေါင်း ၂၁၄၇၅ ဦးထံမှ ထောက်ခံမဲရရှိနိုင်ကြောင်း ခန့်မှန်းတွက်ချက်ခဲ့သည်။

ကချင်ပြည်နယ်တစ်ဝှမ်းရှိ ရဲအရာရှိများကိုလည်း ထောက်ခံမဲပေးရန်ညွှန်ကြားခဲ့သည်။ ရဲအရာရှိ အတော်များများက၎င်းတို့၏ ဆန္ဒမဲပြားများကို ၎င်းတို့အထက်အရာရှိ ရဲတပ်ဖွဲ့မှူးရှေ့မှောက်တွင် ကိုယ်တိုင် ဖြည့်သွင်းပေးရကြောင်း မဲဆန္ဒပြား၏ ကျောဘက်တွင်၎င်းတို့၏ အမည်ရာထူးနှင့် ကိုယ်ပိုင်နံပါတ်တို့ကိုပါ ရေးသွင်း ပေးရကြောင်း ဖွင့်ဟပြောဆိုခဲ့ကြသည်။ ယခု ဆန္ဒခံယူပွဲတွင် လျှို့ဝှက်ဆန္ဒပြုရမည်ဟူသော ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဥပဒေအား သိသိသာသာ

၄၂။ “ စစ်အစိုးရ၏ မဲပေးပွဲကော်မရှင်၏ လေ့ကျင့်သင်တန်းပေးမှုကို ကေအိုင်အိုအဖွဲ့မှ လက်ခံရရှိ ” ကချင်သတင်းပြန်ကြားရေးအဖွဲ့. ၂၀၀၈ခုနှစ်၊ ဧပြီလ ၂၉။ အင်တာနက် စာမျက်နှာ- http://www.kachimnews.com/index.php?option=com.content & view&id=63&it emid=11

၄၃။ မျိုးကြီး “ ဗန်းမော်ရဲက ထောက်ခံမဲများကြိုတင်ပေးရန် အမိန့်ပေး ” မဇ္ဈိမသတင်း ၂၀၀၈၊ မေလ (၂)ရက်

ချိုးဖောက်ခဲ့ကြသည့် အစိုးရ၏ လုပ်ရပ်အပေါ် စိတ်မသက်မသာဖြစ်ရကြောင်း ရဲအရာရှိအတော်များများက IPAD သုတေသီတို့အား ဖွင့်ဟပြောဆိုခဲ့ကြသည်။ ⁴⁴ ရဲအရာရှိတစ်ယောက်က *"ကျွန်တော်တို့က နိုင်ငံတော်ရဲ့သားသမီးတွေလိုပါပဲ။ ဒါကြောင့် ကျွန်တော်တို့ ကြိုက်ကြိုက်မကြိုက်ကြိုက် အမိန့်ကိုတော့နာခံရမှာပါပဲ။ ဒီလိုမှမနာခံရင် ကျွန်တော်တို့အလုပ်ပြုတ်သွားမှာပေါ့။"* ဟုပြော ကြားခဲ့သည်။

အောက်တွင် အသေးစိတ်ဖော်ပြထားသည့်အတိုင်း အပစ်အခက်ရပ်ဆိုင်းထားသည့်အုပ်စုများ၊ လက်နက်ချ အလင်းဝင် ထားသူများနှင့် ပြည်သူစစ်အဖွဲ့ဝင်များကိုလည်းငင်းတို့ချုပ်ကိုင်ထားသူများသဖွယ် ထောက်ခံမဲပေးရန် ညွှန်ကြားခဲ့သည်။

***အာဏာပိုင်များကလျှို့ဝှက်မှုရှိရေးဆိုင်ရာပြဌါန်းချက်များအားချိုးဖောက်ခဲ့သည်။***

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ဥပဒေတွင်ပြဌာန်းဖော်ပြထားသည့် လျှို့ဝှက်မှုဆိုင်ရာ ဥပဒေပြဌာန်းချက်များအား အာဏာပိုင်များက ကြိမ်ဖန်များစွာ ချိုးဖောက်ခဲ့ကြသည်။ ယေဘုယျအားဖြင့် ကြိုတင်ဆန္ဒမဲများကောက်ယူခဲ့ကြသည့် အာဏာပိုင်များသည် မဲပြားများလျှို့ဝှက်မှုရှိရေးအတွက် မည်သို့မျှစီစဉ်ဆောင်ရွက်ပေးခြင်းမရှိခဲ့ကြပါ။ မဲရုံတာဝန်ခံများက လည်း မဲဆန္ဒရှင်တို့၏ မဲပြားများပေါ်တွင် ရေးဖြည့်ပေးခြင်း သို့တည်းမဟုတ် မဲပေးရာနေရာသို့ ၄င်းတို့နှင့်အတူ လိုက်ပါသွားခြင်း စသည်တို့ကို ပြုမူဆောင်ရွက်ခြင်းဖြင့် လျှို့ဝှက်မှုဆိုင်ရာ ပြဌာန်းချက်များကို အကြိမ်ကြိမ်အခါခါ ချိုးဖောက်ခဲ့ကြပါသည်။ အခြားဖြစ်ရပ်များ၌ မဲပြားများပေါ်တွင် မဲဆန္ဒရှင်၏ အမည်နှင့်လိပ်စာများ ထည့်သွင်းရေး သားစေခဲ့ပါသည်။ အာဏာပိုင်များအနေဖြင့် မဲဆန္ဒရှင်များ မည်သည့်မဲထည့်သည်ကို သိရှိနိုင်ရန်လျှို့ဝှက်စနစ်များ တီထွင်ဖန်တီးထားသည်ဟု မဲဆန္ဒရှင်အများအပြားက ယုံကြည်ထားခဲ့ကြသည်။

## ခြိမ်းခြောက်အကြပ်ကိုင်မှုများ

IPAD အဖွဲ့ဝင်များ စောင့်ကြည့်လေ့လာခဲ့သည့် မဲရုံတိုင်းတွင်အာဏာပိုင်တို့က မဲဆန္ဒရှင်တို့အား ထောက်ခံမဲပေး ရန် မဲရုံအနီးမှနေ၍ ခြောက်တစ်ခါချော့တစ်လှည့်ဖြင့် စည်းရုံးသိမ်းသွင်းခဲ့ကြသည်။ အချို့မဲဆန္ဒရှင်တို့က ခြိမ်းခြောက်အ ကြပ်ကိုင်မှုကို ငြင်းဆန်ခဲ့ကြသော်လည်း အများစုကမူကြောက်ရွံ့စိုးရိမ်မှုများရှိခဲ့ကြပြီး ဒေသအာဏာပိုင်များနှင့်နောက်ပိုင်း ပြဿနာတက်မည့် အရေးကိုရှောင်လွှဲသည့်အနေဖြင့် ထောက်ခံမဲထည့်ခဲ့ရကြောင်း ဖော်ထုတ်ပြောကြားခဲ့ကြသည်။

ဤသို့သောချိုးဖောက်မှုများထဲမှ နမူနာဖြစ်ရပ်အချို့ကိုအောက်တွင် အသေးစိတ်ဖော်ပြထားပါသည်။

***မြစ်ကြီးနားမြို့နယ်။*** ။ ကြာရာပတီးကျေးရွာ၊ တပ်ကုန်းတိုက်နယ် မဲရုံမှူးအဂူးခင်ဆိုသူက မဲလာထည့်သူ မဲဆန္ဒရှင် များအား ရဝမ်ဘာသာဖြင့် "အာဒေ အဝါ အု လဲ" ဟုပြောလေ့ရှိသည်။ "ဒီလိုခြစ်ပေးရမယ်" ဟူသော အဓိပ္ပာယ်ဖြစ်ပြီး ထောက်ခံမဲ အမှန်အမှတ်အသားကို ခြစ်ခိုင်းခြင်းဖြစ်သည်။ ဒေသခံအချို့ကဒေါသထွက်လာပြီး "ခင်ဗျားဒီလိုလုပ်စေချင်ရင် ဒီနေ့ ဒီကိုဘာကြောင့်ခေါ်ရတာလဲ ကျုပ်တို့မလုပ်နိုင်ဘူး" ဟုပြန်ပြောခဲ့ကြပြီး ဆန့်ကျင်ကန့်ကွက်မဲပေးခဲ့ကြသည်။ သို့ရာတွင် မဲဆန္ဒရှင်အများအပြားက မူအာဏာပိုင်များနှင့် နောက်ပိုင်းပြဿနာမတက်စေရန် ထောက်ခံမဲပေးခဲ့ကြသည်။ အခြားသက် သေတို့ကမူ မဲရုံတာဝန်ခံတို့က မဲဆန္ဒရှင်များအား မျက်နှာချိမျက်နှာထားဖြင့် အနိုင်အထက်ပြုမူဆက်ဆံခဲ့ကြကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။

---

၄၄။ အထက်ပါသတင်း

စီတာပရူရပ်ကွက်တွင် ဒေသအာဏာပိုင်တို့က ပြည်သူတို့အားထောက်ခံမဲပေးရန် ခြိမ်းခြောက်ခဲ့ကြသည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမတိုင်မီ ရက်သတ္တပတ်ပေါင်းများစွာကြိုတင်လျက် နမ္မတီးရှိ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနနှင့် အခြားဒေသအာဏာပိုင်တို့က အိမ်ထောင်စုများ၏ သန်းကောင်စာရင်းနှင့် မြေယာပိုင်ဆိုင်မှု အမည်ပေါက်စာရင်းများကို စစ်ဆေးခဲ့ကြသည်။ မိမိတို့၏ အိမ်ခြံမြေအမည်ပေါက်နှင့် မြေပုံရာဇဝင်တို့ကို တိတိကျကျခိုင်ခိုင်မာမာ ဆောင်ရွက်ထားခြင်းမရှိသည့် ဒေသခံတို့အနေဖြင့်ထောက်ခံမဲမပေးပါက မိမိတို့အိမ်နေရာများမှ နှင်ထုတ်ခံရမည့်အရေးကို ကြောက်ရွံ့စိုးထိတ်နေခဲ့ရသည်။

***ဝိုင်းမော်မြို့နယ်။*** ။ အောင်မြေ (၂) ကျေးရွာနှင့် ဂျမ်ဂါကျေးရွာတို့တွင် ရွာသူရွာသားတို့အား ဆန္ဒခံယူပွဲတွင် ကန့်ကွက်မဲပေးပါက အပြစ်ပေးအရေးယူခံရမည်ဖြစ်ကြောင်း ဒေသအာဏာပိုင်တို့ကခြိမ်းခြောက်ခဲ့ကြသည်။ ၂၀၀၈ ခုနှစ် မတ်လ (၃၁)နေ့တွင် ဝါးရှောင်ကျေးရွာ၌ ကျေးရွာအကြီးအကဲ ဆင်ဝါးနော်က ရွာလုံးကျွတ်အစည်းအဝေး တစ်ရပ်ခေါ်ယူခဲ့သည်။ အဆိုပါအစည်းအဝေးတွင် ၎င်းက ၎င်းမဲဆန္ဒရှင်အားလုံးအား ဆန္ဒမဲပြားများကိုဆန္ဒခံယူပွဲမတိုင်မီ (၃) ရက် ကြိုတင်ပေးအပ်ထားမည်ဖြစ်ကြောင်း၊ အဆိုပါဆန္ဒမဲပြားများကိုဖျောက်ဖျက်ပစ်လျှင်ဖြစ်စေ ၊ ဆန့်ကျင်ကန့်ကွက်မဲပေး လျှင်ဖြစ်စေ (၃)နှစ်အထိထောင်ဒဏ်နှင့် ဒဏ်ငွေကျပ်တစ်သိန်းအထိ ပေးဆောင်ရမည်ဖြစ်ကြောင်း သတိပေးပြောကြား ခဲ့သည်။

***မြောက်ပိုင်းရှမ်းပြည်။*** ။ ကောင်ဝင်းအမှတ် (၂)မဲရုံမှ မဲဆန္ဒရှင်များက ကန့်ကွက်မဲပေးမိလျှင် ၎င်းတို့အတွက်ဆိုးကျိုးတစ်စုံတစ်ရာဖြစ်ပေါ်လာမည်ကို ကြောက်ရွံ့စိုးရိမ်နေခဲ့ကြကြောင်း ပြောကြားကြသည်။ မဲစာရင်းမှတ်ပုံတင်ထားသူအများ အပြားမှာ ယာယီမှတ်ပုံတင်ကိုင်ဆောင်ထားသည့် တရုတ်ပြည်မှ ရွှေ့ပြောင်းဝင်ရောက် နေထိုင်သူများဖြစ်ကြောင်း မဲဆန္ဒရှင်အဖြစ် မှတ်ပုံတင်ထားသူ ၄၀၀၀ အနက် ထောက်ခံမဲ ၅၀၆ ဦးကထောက်ခံမဲ၊ ကန့်ကွက်မဲ ၆၀နှင့် ပယ်မဲ ၄မဲဖြစ်သည်။

နမ့်တောင်းကျေးရွာ၌ မေလ ( ၆ ) ရက်နေ့က ဆန္ဒခံယူပွဲစမ်းသပ်လေ့ကျင့်မှု တစ်ရပ်ပြုလုပ်ခဲ့ရာတွင် မဲဆန္ဒရှင်အတော်များများက ဆန့်ကျင်ကန့်ကွက်မဲပေးခဲ့သည်ကို အာဏာပိုင်များသိရှိသွားပြီးနောက် အာဏာပိုင်နှင့် ဒေသခံတို့ကြားတင်းမာမှုများ ပေါ်ပေါက်ခဲ့ရသည်။ အဆိုပါစမ်းသပ်မဲပေးပွဲတွင် ပါဝင်မဲပေးခဲ့သူအတော်များများက အနိုင်ကျင့်ခြိမ်းခြောက်ခံရသည်ဟုခံစားရကာ ကသိကအောက်ဖြစ်ခဲ့ကြရသည်။ အဆိုပါစမ်းသပ်ဆန္ဒခံယူပွဲဖြစ်ရပ်အသေးစိတ်အား သတင်းမီဒီယာများ သို့ပြောကြားပါက အပြစ်ပေးခံရမည်ဖြစ်ကြောင်း ပါဝင်မဲပေးခဲ့သူတို့အား အာဏာပိုင်တို့က ခြိမ်းခြောက်ခဲ့ကြသည်။

ဆန္ဒခံယူပွဲနေ့တွင် လူအများအပြားကန့်ကွက်မဲပေးခဲ့ပါက မဲရုံတာဝန်ခံတို့အား အပြစ်ပေးအရေးယူမည်ဟု မူဆယ်မြို့နယ် အာဏာပိုင်တို့က သတိပေးခဲ့သည်။ မေလ (၁၀ )ရက် ဆန္ဒခံယူပွဲနေ့တွင် လက်နက်ကိုင်လုံခြုံရေးတပ်ဖွဲ့ဝင်များက ခြိမ်းခြောက်အင်အားပြသည့်သဘောဖြင့် မဲရုံများတွင်နေရာယူတပ်စွဲထားခဲ့ကြသည်။ ဆန့်ကျင်ကန့်ကွက်မဲပေးလျှင် ဆန္ဒခံယူပွဲ ဥပဒေအရ ငွေဒဏ် ကျပ်တစ်သိန်း ဒဏ်ရိုက်ခံရမည်ဟု ဒေသအာဏာပိုင်တို့က သူမအားခြိမ်းခြောက်ခဲ့ကြောင်း အသက် ၅၀ အရွယ်ရှိအမျိုးသမီးက ဖွင့်ဟပြောကြားခဲ့သည်။ မည်သူမည်ဝါ ကန့်ကွက်မဲပေးသည်ကို သိရှိနိုင်ရန် မဲပြားများ၌ လျှို့ဝှက်အမှတ်အသားများ ထားရှိမည်ကိုစိုးရိမ်ပူပန်မှုများရှိခဲ့ကြောင်း မဲဆန္ဒရှင်အချို့က ထုတ်ဖော်ပြောကြားကြသည်။ ဒေသခံပြည်သူတို့မှာ ဆန္ဒခံယူပွဲနှင့် ပတ်သက်၍ ကောင်းစွာသိရှိနားလည်ခြင်းမရှိပဲ ထောက်ခံမဲပေးရန်သာ ညွှန်ကြားစေခိုင်း ခြင်းခံရသည်။ တချို့တလေလောက်သာလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းစာအုပ်ကို တွေ့ဘူး မြင်ဘူးခဲ့ကြသည်။ သို့သော်အာဏာပိုင်တို့က မည်သို့ပင် ခြိမ်းခြောက်ခြိမ်းခြောက် လူအတော်များများက ဆန့်ကျင်မဲကိုပင် ထည့်ဖြစ်အောင် ထည့်လိုက်ကြပါသေးသည်။ မဲရုံပိတ်ပြီးနောက်ဆုံးရလဒ်မှာ ထောက်ခံမဲ ၈၄၃ မဲ၊ ကန့်ကွက်မဲ ၄၄၃ မဲ၊ ပယ်မဲ ၁၆၅ မဲ နှင့် ပျက်ကွက်မဲ ၄ မဲတို့ဖြစ်ကြသည်။

***မုံဂိုကျေးရွာ***တွင် အာဏာပိုင်တို့က ဒေသခံပြည်သူတို့အား မဖြစ်မနေ မဲထည့်ရမည်ဖြစ်ကြောင်းနှင့် မဲမပေးဘဲနေပါက အဖမ်းခံရမည်ဖြစ်ကြောင်း ခြိမ်းခြောက်ပြောကြားခဲ့သည်။ အမှန်တစ်ကယ်အားဖြင့် ဤကဲ့သို့သော ဥပဒေပြဋ္ဌာန်းချက် မျိုးလုံးဝမရှိပါ။ ဆန္ဒခံယူပွဲပြုလုပ်သည့်နေ့တွင် မဲရုံများ၌ လက်နက်ကိုင်လုံခြုံရေးတပ်ဖွဲ့များရှိနေခြင်းမှာ ခြိမ်းခြောက် အကြပ်ကိုင်ခြင်းဖြစ်သည်ဟု မဲဆန္ဒရှင်အတော်တော်များများက ခံစားခဲ့ကြရသည်။ မဲရုံအချို့တွင် မဲရုံတာဝန်ရှိသူ တို့က မဲဆန္ဒရှင်တို့ မဲပုံးများအတွင်း မဲသွားရောက်မထည့်မီ မဲပြားများပေါ်၌ မဲဆန္ဒရှင်များကိုယ်စား အမှန်အမှတ်အသားများ ခြစ်ပေးလိုက်ကြသည်။ အချို့ဖြစ်ရပ်များတွင် မဲဆန္ဒရှင်တို့အားကန့်ကွက်မဲထည့်လျှင် ၎င်းတို့အမည်ကို အိမ်ထောင်စု စာရင်းမှပယ်ဖျက်ပစ်မည်ဖြစ်ကြောင်း ခြိမ်းခြောက်ပြောဆိုမှုများရှိခဲ့သည်။

မေလ (၈)ရက်နေ့က **မုံဘော်ကျေးရွာ**တွင်ပြုလုပ်ခဲ့သည့် ဆန္ဒခံယူပွဲစမ်းသပ်မဲပေးပွဲတစ်ခုတွင် အာဏာပိုင်တို့က ပါဝင်မဲပေးသူတို့အား ဆန့်ကျင်မဲပေးမည်ဆိုလျှင် အထက်အာဏာပိုင်တို့၏ ညှိုငြင်မှုကိုခံရဘွယ်ရှိကြောင်း ပြောဆိုသတိ ပေးခဲ့သည်။ ၎င်းတို့က မဲဆန္ဒရှင်တို့အား ဆန့်ကျင်ကန့်ကွက်မဲမပေးဘဲ ထောက်ခံမဲသာ ပေးကြရန်စေခိုင်းခဲ့သည်။ ဆန္ဒခံယူပွဲ ကျင်းပသောနေ့တွင်လည်း လက်နက်ကိုင်လုံခြုံရေးတပ်ဖွဲ့များအား အရပ်ဝတ်ဖြင့်မဲရုံများတွင် ချထားခဲ့သည်။

***မိုင်းဖန်ဒေသတွင်*** မဲရုံတာဝန်ရှိသူများက မဲရုံအတွင်းစောင့်ဆိုင်းလျက် မဲပေးသူများရောက်လျှင် ၎င်းတို့ကိုယ်စား ထောက်ခံမဲထည့်လိုက်သည့် ဖြစ်ရပ်တစ်ခုတွင် အသက် ၃၅ နှစ်အရွယ် အမျိုးသားတစ်ဦးက ၄င်းကိုယ်စားမဲထည့်ပေးခြင်းကို လက်မခံငြင်းဆန်ခဲ့ပြီး အဆိုပါမဲရုံတာဝန်ခံလက်ထဲမှ ဘောပင်ကို အတင်းပြန်လုယူခဲ့သည်။ အော်ကြီးဟစ်ကျယ်လည်း ဖြစ်ခဲ့ကြသည်။ အခြားဖြစ်ရပ်တစ်ခုတွင် အသက် ၅၀ အရွယ်အမျိုးသမီးတစ်ဦးက သူမအနေဖြင့်အသက်အရွယ် ကြီးရင့်လာပြီဖြစ်၍ ဘဝ၏ ကျန်အစိတ်အပိုင်းကို ထောင်ထဲတွင်ကုန်လွန်စေနိုင်ပြီဖြစ်ကြောင်း ပြောဆိုပြီး ဆန့်ကျင်မဲ ထည့်ခဲ့လိုက်သည်။ အဆိုပါ မဲရုံတွင် မဲရုံပိတ်၍ မဲစုစုပေါင်းကို ရေတွက်လိုက်သောအခါတွင်မူ ထောက်ခံမဲ ၇၀၀ ကန့်ကွက်မဲ ၃ မဲ၊ ပယ်မဲ ၉မဲဖြစ်သွားသည်။

***မုံဘော်မြို့မတွင်*** အာဏာပိုင်များက ဆန္ဒမဲလာပေးစဉ် ထားရှိအပ်သည့်မဲဆန္ဒရှင်တို့အတွက် သီးသီးသန့်သန့်လုံလုံ ခြုံခြုံရှိရေးကို လျစ်လျူရှုခြင်းအားဖြင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေပါလျှို့ဝှက်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ခဲ့ကြသည်။ ထို့ကြောင့် ပြည်သူလူထုက ခြိမ်းခြောက်အကြပ်ကိုင်ခြင်း ခံနေရသည်ဟုခံစားခဲ့ရပြီး ဆန့်ကျင်မဲပေးရန် ကြောက်ရွံ့စိုးရိမ်ခဲ့ကြသည်။ အသက် ၅၀ အရွယ်အမျိုးသမီးတစ်ဦးက အဆိုပါလုပ်ရပ်အပေါ် မခံမရပ်နိုင်ဖြစ်ပြီး အာဏာပိုင်များအား “ ပြည်သူလူထုရဲ့ဆန္ဒသဘောထားကို နင်တို့လက်မခံနိုင်ဘူးဆိုရင် လူတွေကို မဲလာမထည့်ခိုင်းကြနဲ့ပေါ့ ပြည်သူလူထုကိုဆွဲမထည့်ဘဲ နင်တို့ဖာသာ နင်တို့လုပ်လိုက်ကြပေါ့ ” ဟု မြည်တွန်တောက်တီး ပြောဆိုသွားခဲ့သည်။ ထိုနေရာတွင်လည်း ထောက်ခံမဲ ၉၉၄ မဲ ကန့်ကွက်မဲ ၆ မဲရရှိခဲ့သည်။

***ဟူနဒေသတွင်*** မဲရုံများ၌ လက်နက်ကိုင်လုံခြုံရေးတပ်ဖွဲ့များထားရှိသဖြင့် မဲဆန္ဒရှင်များက ခြိမ်းခြောက်ခံရသည်ဟု ခံစားရကာ ကြောက်ရွံ့စိုးရိမ်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း ထုတ်ဖော်ပြောကြားကြသည်။ ဖြစ်ရပ်တစ်ခုတွင် မဲရုံအာဏာ ပိုင်တစ်ဦးက အသက် ၈၀အရွယ်အဘိုးအိုတစ်ဦး၏ လက်ကိုအတင်းအဓမ္မဆွဲယူပြီး ထောက်ခံမဲထည့်ခိုင်းခဲ့သည်။ ဒေသ အာဏာပိုင်များက ရွာသူရွာသားများအားထောက်ခံမဲများထည့်ပေးလျှင် ကျေးရွာအတွက်လိုအပ်သည့်အခြေခံအဆောက် အအုံများဆောက်လုပ်ရန် ဖွံ့ဖြိုးရေးအကူအညီများရရှိမည်ဟု ကတိကဝတ်ပြုခဲ့ကြသည်။ အဆိုပါမဲရုံတွင် မဲပေးသူ ၃၀၀ အနက် တစ်မဲသာလျှင်ကန့်ကွက်မဲဖြစ်ခဲ့သည်။

***ကွတ်ခိုင်အမှတ် ၂ ရပ်ကွက်တွင်*** မဲဆန္ဒရှင်တို့အား ကန့်ကွက်မဲပေးပါက နောက်နောင်တွင် အစိုးရက ၎င်းတို့အတွက် ဘာမျှလုပ်ဆောင်ပေးတော့မည်မဟုတ်ကြောင်း ဒေသဆိုင်ရာအစိုးရအာဏာပိုင်များက ခြိမ်းခြောက်ပြောဆိုခဲ့သည်။ ကွတ်ခိုင်မြို့နယ် မိုးဟိတ်ကျေးရွာတွင် မဲရုံအာဏာပိုင်တို့က မဲပြားများပေါ်တွင် မဲဆန္ဒရှင်တို့ကိုယ်စား အမှန်အမှတ် အသားများ ခြစ်ပေးပြီးနောက် အဆိုပါမဲပြားများကို ၎င်းမဲဆန္ဒရှင်များအား မဲပုံးများအတွင်းကိုယ်တိုင် သွားထည့်ခိုင်း ခဲ့ကြသည်။

ဆန္ဒခံယူပွဲမတိုင်မီ ကြိုတင်၍ ပြည်နယ်ပညာရေးဝန်ကြီးဌာနက *ဟောင်ဝါမန်ပြည်*ဒေသရှိ ကျောင်းဆရာဆရာမများအား ဒေသခံပြည်သူတို့ကို ထောက်ခံမဲပေးရန် မစည်းရုံးနိုင်ပါက အပြစ်ပေးအရေးယူမည်ဟု ခြိမ်းခြောက်ခဲ့သည်။ ဒေသခံတို့မှာ ဆရာ၊ ဆရာမများအဖမ်းအဆီးခံရပြီး မိမိတို့ကလေးများကျောင်းပျက်ကြမည့်အရေးကို တွေးကြောက်ပြီး ထောက်ခံမဲကိုမဖြစ်မနေ သွားထည့်ကြရပါတော့သည်။ အဆိုပါမဲရုံတွင် ထောက်ခံမဲ ၇၀၀ ကျော်ရရှိခဲ့ပြီး ကန့်ကွက်မဲ ၁၂၅ မဲရရှိ ခဲ့သည်။

ပူတာအိုခရိုင် နောက်မွန်းမြို့နယ်တွင် ဧပြီလက ဆန္ဒခံယူမှုတစ်ရပ်ကို စမ်းသပ်ပြုလုပ်ခဲ့ပြီး အဆိုပါစမ်းသပ်မဲပေးပွဲတွင် ပါဝင်သူအားလုံး ထောက်ခံမဲပေးလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့်အာဏာပိုင်တို့က ဗွီဒီယိုများ၊ ကင်မရာများဖြင့် ကြိုးကြိုးစားစား မှတ်တမ်းတင်ရိုက်ကူးခဲ့သည်။ သို့ရာတွင် ၎င်းတို့တုန်လှုပ်ဖွယ်ကောင်းလောက်အောင် ပါဝင်မဲပေးသူ ၇၀ ရာခိုင်နှုန်းက ကန့်ကွက်မဲပေးခဲ့ကြသည်။ ထိုအခါ အဆိုပါပွဲတွင်ရိုက်ကူးခဲ့သည့် မှတ်တမ်းမှတ်ရာအားလုံးကို အာဏာပိုင်တို့က ချက်ချင်းဖျက်စီးခိုင်းလိုက်သည်။ ထို့နောက် တစ်ကယ့်ဆန္ဒခံယူပွဲတွင် ထောက်ခံမဲများ သေချာပေါက်ရရှိရန်အတွက် အာဏာပိုင်တို့က ကြံစည်အားထုတ်ကြပါတော့သည်။ အဆိုပါအားထုတ်မှုအား ပုဂ္ဂိုလ်ငါးဦးက ဦးဆောင်ခဲ့ကြောင်း သတင်းများရရှိပါသည်။ မဖလင်းစန္ဒီ (အမှတ် ၄ရပ်ကွက် စည်းရုံးရေးမှူး) ဦးချန်းဒီးရမ် (ယွတ်ဘော့ရပ်ကွက် စည်းရုံးရေးမှူး) ချင်လိုင်ဒါဝိ (နောက်မွန်းမြို့နယ်လုပ်အားပေး) ဦးကော်ဒူခင်နား ( ကက်တူဒေသစည်းရုံးရေးမှူး ) နှင့် ဦးချန်းတန်ဖုံဆာရ်း (မြို့နယ်လုပ်အားပေး) တို့ဖြစ်ကြသည်။

ဆန္ဒခံယူပွဲသေချာပေါက် အောင်မြင်ရေးအတွက် အစိုးရက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ဝင်များ အခြားအစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအား စည်းရုံးသိမ်းသွင်းခဲ့သည်။ ဒေသခံတို့အား ဆန္ဒခံယူပွဲတွင်ကန့်ကွက်မဲပေးကြောင်း ဖေါ်ထုတ်သိရှိရပါက နိုင်ငံတော်ပုန်ကန်မှု ဥပဒေအရ ဖမ်းဆီးထောင်ချခံရမည်ဖြစ်ကြောင်း ခြိမ်း ခြောက်ပြောဆိုခဲ့သည်။ နောက်မွန်းမြို့နယ်အာဏာပိုင်များကလည်း မဲဆန္ဒရှင်တို့အား မည်သူမည်ဝါကန့်ကွက်မဲပေးခဲ့ကြောင်း သိရှိနိုင်ရန် မဲပြားများတွင် လျှို့ဝှက်အမှတ်အသားများပြုလုပ်ထားကြောင်း ခြိမ်းခြောက်ပြောဆိုခဲ့သည်။

## <u>လူတစ်ကိုယ်မဲတစ်ပြား</u>

တရားမျှတမှုရှိရေးဟူသော အယူအဆ၏ ပင်ကိုယ်အနှစ်သာရမှာ တန်းတူညီမျှမဲပေးပိုင်ခွင့်ရှိရမည် ဟူသော အယူအဆသဘောတရားပင်ဖြစ်သည်။ ဤအယူအဆအား အစဉ်အလာအားဖြင့်ဖော်ပြခဲ့သည့်စကားမှာ လူတစ်ကိုယ်မဲတစ်ပြားဟူ ၍ဖြစ်သည်။ လူတစ်ဦးလျှင် မဲတစ်မဲသာထည့်ရန် ကန့်သတ်ထားခြင်းမှာ လူတိုင်းလူတိုင်း၏ မဲပြားများကို ညီတူညီမျှထည့် သွင်း ရေတွက်ပေးနိုင်ရန်ဖြစ်သည်။ ထို့အတူပင် ကိုယ်စားမဲပေးခြင်းကိုလည်း ဟန့်တားပိတ်ပင်ထားသည်။ အဘယ်ကြောင့် ဆိုသော် ပြန်လည်ဒဏ်ခတ်မှုကင်းစွာနိုင်ငံသားတို့က မိမိတို့၏ သဘောဆန္ဒကို လွတ်လပ်စွာ ဖေါ်ထုတ်နိုင်ခွင့်ကို ယိုယွင်း ပျက်ပြားစေနိုင်သောကြောင့်ဖြစ်သည်။ ဆန္ဒခံယူပွဲများတွင် လက်တွေ့ကျင့်သုံး လိုက်နာရေးနည်း ဥပဒေအပိုဒ် (၄) တွင် "ဆန္ဒမဲပေးခြင်းသည်တစ်ဦးချင်းဖြစ်စေရမည်။ မိသားစုကိုယ်စားမဲပေးခြင်းနှင့် မဲဆန္ဒရှင်တစ်ဦးဦးက အခြားမဲဆန္ဒ ရှင်အပေါ်ချုပ်ကိုင်လွှမ်းမိုးကာ အခြားပုံစံတစ်မျိုးမျိုးဖြင့် မဲပေးခြင်းအား ဟန့်တားပိတ်ပင်ရမည်" ဟုဖေါ်ပြပါရှိသည်။

အဆိုပါ အခြေခံစံနှုန်းအား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေတွင်ထင်ဟပ်ပြဌာန်းထားသည်။ လူတစ်ဦးတည်းကနေရာနှစ်နေရာတွင် နှစ်ထပ်ကွမ်း မဲမပေးနိုင်ရန် တားမြစ်ထားခြင်းဖြစ်သည်။ အဆိုပါ ဥပဒေ အခန်း (၆) ၌ "ဆန္ဒမဲပေးခွင့်ရှိသူတစ်ဦးသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် တစ်ကြိမ်သာဆန္ဒမဲပေးခွင့်ရှိသည်" ဟူ၍လည်းကောင်း၊ အလားတူအခန်း (၁၀) တွင် "မည်သူမျှအောက်ပါတစ်ခုခုကို မပြုလုပ်ရ (က) တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း" ဟူ၍လည်းကောင်း ပြဌာန်းထားသည်။ ဆန္ဒခံယူပွဲတွင် အာဏာပိုင်တို့က မဲဆန္ဒရှင်များအား ထပ်ဆင့်ပွားမဲပေးရန် အားပေး

တိုက်တွန်းခဲ့သည်။ ဤကိစ္စကို ရှင်းရှင်းလင်းလင်းတားမြစ်ထားသော်လည်း ကချင်ပြည်နယ်တစ်လွှားရှိမဲရုံ အာဏာပိုင်တို့က မဲဆန္ဒရှင်တို့အား ထပ်ဆင့်မဲပေးရန် နည်းမျိုးစုံဖြင့် ခွင့်ပြုခဲ့သည်။ တောင်းလည်းတောင်းဆိုခဲ့သည်။ အချို့ဖြစ်ရပ်များတွင် အိမ်တွင်မရှိသောမိသားစုဝင်များအတွက် ကိုယ်စားမဲပေးခဲ့ကြသည်။ အခြားဖြစ်ရပ်များတွင် အာဏာပိုင်များက မဲလာမထည့်တော့ ဟုယူဆထားသည့် မိမိမသိသောအခြားသူများအတွက် ကိုယ်စားမဲထည့်ခဲ့ပေးသည် များလည်းရှိသည်။ ဤအဖြစ်မျိုးမှာ မဲရုံအများစုတွင် ဖြစ်ပျက်ခဲ့ခြင်းဖြစ်သည်။ နမူနာဖြစ်ရပ်အချို့ကိုအောက်တွင် ဖော်ပြလိုက်ပါသည်။

***ဖားကန့်တွင်*** ဆန္ဒခံယူပွဲပြုလုပ်သည့်နေ့၌ ကျောက်စိမ်းတူးသည့်လုပ်ငန်းအား ရပ်နားခြင်းမပြု၍ အလုပ်သမားအများစုမှာ မဲသွားပေးရန်ခွင့်မရကြပါ။ အာဏာပိုင်များက ကြိုတင်မဲမပေးရသေးသည့် ကျောက်တူးလုပ်ငန်းကုမ္ပဏီများအား အလုပ်သမား ၅ ဦးစီစေလွှတ်ခိုင်းပြီး ကျန်အလုပ်သမားအားလုံးအတွက် မဲထည့်ခိုင်းခဲ့သည်။

***မြစ်ကြီးနားခရိုင် အင်ဂျန်ဒုံဒေသ ကြာရာပတီးကျေးရွာတွင်*** မဲရုံမှူးက မဲလာပေးသူတစ်ဦးလျှင် မလာရောက်သူ ၃ ဦးကိုယ်စား သုံးကြိမ်၊ သုံးခါ မဲပေးခိုင်းခဲ့သည်။ မဲလာထည့်သူတို့အား မိသားစုထဲမှမလာရောက်သူတို့ကိုယ်စားလည်း မဲထည့် ပေးရန်အာဏာပိုင်တို့က တိုက်တွန်းခဲ့ကြသည်။

***ဗန်းမော်ခရိုင်*** ၊ လမ်းခွဉောင်သစ်ရပ်ကွက်တွင် မဲလာထည့်သူတို့အား မိမိအိမ်ရှိအခြားမဲပေးခွင့်ရှိသူတို့၏ ကိုယ်စား မဲထည့်ခိုင်းခဲ့သည်။ ပေါက်ကုန်းရပ်ကွက်တွင်လည်း မဲလာထည့်သူတို့မှာ အလွန်နည်းပါးနေ့ကွေးလှသဖြင့် အမှတ် (၂) အထက်တန်းကျောင်းရှိမဲရုံတာဝန်ရှိသူတို့မှာ ၎င်းတို့အပြစ်ပေးအရေးယူခံရမည်စိုးကာ မဲလာပေးသူတို့အား ဆင့်ပွားမဲများထည့်ခိုင်းလိုက်ကြသည်။ အချို့မဲလာထည့်သူတို့အား တစ်ဦးလျှင် ၅ မဲခန့်ထည့်ခိုင်းပြီး အခြားသူတစ်ချို့ဆိုလျှင် လက်ခုပ် အပြည့်မဲများထည့်ပေးခဲ့ရသည်။

***ရှမ်းပြည်မြောက်ပိုင်း၊ မူဆယ်တောင်ပိုင်းရပ်ကွက်တွင်*** ကျောင်းဆရာမတစ်ဦး၏ ခင်ပွန်းဖြစ်သူသည် အခြားမဲရုံ တစ်ရုံတွင် မဲထည့်ခဲ့ပြီးဖြစ်သော်လည်း ဇနီးဖြစ်သူတာဝန်ကျရာမဲရုံတွင် ဇနီးဖြစ်သူနှင့်အတူ မဲထပ်ထည့်ခဲ့ရသည်။ ဒုတိယ ဥပမာတစ်ခုမှာ၊ မဲရုံတာဝန်ခံများသည်မဲလာထည့်သူတစ်ဦးအား သူ၏မိသားစုဝင်ရှစ်ဦးအတွက်မဲထည့်ခိုင်းခဲ့သည်။ အဆို ပါရှစ်ဦးအနက် ခုနှစ်ဦးမှာ မလာရောက်သူများဖြစ်သည်။ ကွတ်ခိုင်နှင့် နမ့်တောင်းကျေးရွာတို့တွင် မဲလာပေးသူတို့အား မဲလာမပေးသူ ကျန်မိသားစုဝင်တို့အတွက် မဲထည့်ခိုင်းခဲ့ကြသည်။

## <u>ကျယ်ပြန့်စွာပေါ်ပေါက်ခဲ့သည့် လိမ်လည်လှည့်ဖျားမှုများတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးအာဏာပိုင်တို့ ပါဝင်ပတ်သက်မှု</u>

ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကော်မရှင် အနေဖြင့် ဆန္ဒခံယူပွဲတွင်ခံယူကျင့်သုံးရမည့် အနိမ့်ဆုံးစံသတ်မှတ်ချက်တိုင်းကို ချိုးဖောက်ခဲ့ရုံသာမက ကော်မရှင်အဆင့်ဆင့်ရှိ အာဏာပိုင်အသီးသီးကလည်း ပြောင်ပြောင်တင်းတင်းလိမ်လည်လှည့် ဖြားခဲ့ကြသည်။ ဤနေရာတွင် မရိုးမသား လိမ်လည်လှည့်ဖြားလုပ်ဆောင်ခဲ့သည့် လုပ်ရပ်သုံးခုမှာ ပေါ်လွင်ထင်ရှားစွာ ကျယ်ကျယ်ပြန့်ပြန့်ပေါ်ပေါက်ခဲ့သည်။ မဲဖြည့်ထည့်ခြင်း၊ ကြိုတင်မဲများကို မမှန်မကန် မရိုးမသားပြုလုပ်ခြင်းနှင့် ဆန့်ကျင်ကန့်ကွက်မဲများကို စနစ်တကျ ပယ်ဖျက်ပစ်ခြင်းတို့ဖြစ်သည်။ ကချင်ပြည်နယ်တစ်လွှားနှင့် ရှမ်းပြည်မြောက်ပိုင်း တို့တွင်စနစ်တကျ ချိုးဖောက်ကျူးလွန်ခဲ့သည့် အဆိုပါလုပ်ရပ်များနှင့် ပါတ်သက်သည့်သက်သေခံချက်များကို IPAD ကလက်ခံရရှိခဲ့သည်။ အဆိုပါလုပ်ရပ်များကို လက်စွမ်းကုန် ကျူးလွန်ခဲ့ပုံအဖုံဖုံကို ကချင်ပြည်နယ် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲ၏ မဲဆန္ဒ စာရင်းဇယားများက အပြည့်အစုံလှစ်ဟဖော်ပြခဲ့သည်။

# မဲပုံးများတွင် မဲများဖြည့်စွက်ထည့်သွင်းခြင်း

ကချင်ပြည်နယ်တွင် မဲပေးခွင့်ရှိသူ စုစုပေါင်း၏ ၉၈. ၅၈ရာခိုင်နှုန်း မဲပေးကြောင်း ကချင်ပြည်နယ် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် အဖွဲ့ခွဲက အစီရင်ခံခဲ့သည်။ ပိုမိုအံ့သြစရာကောင်းသည့်အချက်မှာ ကချင်ပြည်နယ်အတွင်းမြို့နယ် ၁၈ မြို့နယ်အနက် ရှစ်မြို့နယ်ကရာနှုန်းပြည့် ၁၀၀ ရာခိုင်နှုန်း မဲပေးခဲ့ကြကြောင်း အစီရင်ခံခဲ့ခြင်းဖြစ်သည်။ အဆိုပါမြို့နယ်ရှစ်မြို့နယ်တွင် ဝေးလံခေါင်သီသည့်တနိုင်းမြို့နယ်နှင့် မြန်မာပြည်မြောက်ဖျား စွန်းမှ ဝေးလံချောင် ကျသောမြို့နယ်လေးမြို့နယ်တို့ ပါဝင်သည်။

အဆိုပါ စာရင်းဇယားများမှာ အကျိုးသင့်အကြောင်းသင့် လက်ခံယုံကြည်ရန် ခက်ခဲပါသည်။ ကချင်ပြည်နယ်မှာ မြန်မာပြည်၏ အကြီးဆုံးနှင့် လူနေအပြန့်ကျယ်ဆုံး ပြည်နယ်ကြီးများတွင်တစ်ခုအပါအဝင်ဖြစ်ပါသည်။ ကချင်ပြည်နယ် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများမှာ မြန်မာပြည်၏ အဆိုးဝါးဆုံးအခြေအနေထဲတွင် ပါဝင်ပြီး ဝေးလံခေါင်ဖျားသည့် ဒေသရှိကျေးရွာများမှ ရွာသူ ရွာသားများမှာအနီးဆုံး မဲရုံသို့ရောက်ရှိအောင်ပင် နာရီပေါင်းများစွာကြာအောင် သွားရသည်။ ခြေလျင်၊ စက်ဘီး၊ နွားလှည်းတို့ဖြင့်သာ သွားလာရောက်ရှိနိုင်သော ဒေသဖြစ်သည်။ သို့ရာတွင် ယခုရာနှုန်းပြည့် မဲပေးခဲ့သည် ဆိုသောမြို့နယ် ရှစ်မြို့နယ်မှာ မြန်မာပြည်၏ ဝေးလံခေါင်သီဆုံးလည်းဖြစ် လူနေအကျဲပါးဆုံးလည်းဖြစ်သည့် ဒေသများထဲတွင်အပါအဝင်ဖြစ်သည်။ ထိုအထဲတွင် တနိုင်းနှင့် ဖားကန့်မြို့နယ်များမှာ မဲရုံတစ်ရုံချင်းအလိုက် မဲဆန္ဒရှင် ဦးရေ အနည်းဆုံးမြို့နယ်များ ဖြစ်သည်။ **(ဇယား ၂တွင်ကြည့်)**

ထိပ်ပိုင်းအဆင့်မှပါဝင်ခဲ့သူတို့မှာ အားနည်းညံ့ဖျင်းသည့်ပြန်ကြားရေးနှင့် ဆက်သွယ်ရေးစနစ်ကြောင့် ရှုပ်ထွေးမှု များဖြစ်ခဲ့ရသည်။ ကချင်ပြည်နယ်တွင် ပြည်နယ်သားအများစုမှာ လျှပ်စစ်မီးမရကြ၊ ရုပ်မြင်သံကြားတစ်မျိုးတည်းကို ပြတ်တောက် ပြတ်တောက်ကြည့်ရသည်။ ထို့ကြောင့်အစိုးရ၏ ဆန္ဒခံယူပွဲပညာပေးစည်းရုံးလှုံ့ဆော်မှုများနှင့် အလှမ်းဝေး ခဲ့ရသည်။ အစိုးရထုတ်သတင်းစာများကို ပြည်နယ်မြို့တော်မြစ်ကြီးနားမှာပင်ရရှိရန် မလွယ်ကူပါ။ ကချင်ပြည်နယ် ကျေးလက်ဒေသများအဖို့ကား အထူးဆိုဖွယ်မရှိတော့ပါ။ ထို့ကြောင့်အောက်ခြေအဆင့်မှ ပါဝင်သူများကြားတွင်လည်း ဆန္ဒခံယူပွဲ အပေါ် စိတ်ဝင်စားမှုမရှိကြတော့ပါ။

**ဇယား(၂)**

**အစီရင်ခံစာအရ မဲပေးမှု အခြေအနေ**

| မြို့နယ် | မဲဆန္ဒရှင်စုစုပေါင်း | မဲပေးသူရာခိုင်နှုန်း | ပျက်ကွက်သူ | မဲရုံအလိုက်သတ်မှတ်ထားသည့် မဲဆန္ဒရှင်အရေအတွက် |
|---|---|---|---|---|
| တနိုင်း | ၂၅၁၅၅ | ၁၀၀. ၀၀% | ၀ | ၉၃၂ |
| ချီဖွေ | ၈၁၆၆ | ၁၀၀. ၀၀% | ၀ | ၂၁၅ |
| မိုးညှင်း | ၁၀၀၉၀၇ | ၁၀၀. ၀၀% | ၀ | ၇၂၁ |
| ဖါးကန့် | ၁၃၉၇၂၈ | ၁၀၀. ၀၀% | ၀ | ၆၉၂ |
| ပူတာအို | ၂၆၂၇၅ | ၁၀၀. ၀၀% | ၀ | ၅၀၅ |
| မချန်းဘော | ၄၇၆၉ | ၁၀၀. ၀၀% | ၀ | ၂၆၆ |
| နောက်မွန် | ၃၈၃၂ | ၁၀၀. ၀၀% | ၀ | ၁၇၄ |
| ခေါင်လန်ဖူး | ၆၉၆၈ | ၁၀၀. ၀၀% | ၀ | ၂၂၅ |
| မြစ်ကြီးနား | ၁၁၇၆၇၃ | ၉၉. ၉၅% | ၆၂ | ၁၁၂၁ |
| မိုးမောက် | ၃၅၄၁၇ | ၉၉. ၇၀% | ၁၀၅ | ၄၉၂ |
| ရွှေကူ | ၄၄၀၁၁ | ၉၈. ၉၉% | ၄၄၃ | ၈၀၀ |

| မြို့နယ် | မဲဆန္ဒရှင်စုစုပေါင်း | မဲပေးသူရာခိုင်နှုန်း | ပျက်ကွက်သူ | မဲရုံအလိုက်သတ်မှတ်ထားသည့် မဲဆန္ဒရှင်အရေအတွက် |
|---|---|---|---|---|
| ဗန်းမော် | ၆၁၆၅၈ | ၉၈. ၃၃% | ၁၀၂၇ | ၈၁၁ |
| ဆော်လော် | ၂၃၂၄ | ၉၇. ၈၉% | ၄၉ | ၂၅၈ |
| မန်စီ | ၃၂၀၅၃ | ၆၉. ၀၉% | ၁၂၅၃ | ၆၀၅ |
| မိုးကောင်း | ၆၂၆၉၁ | ၉၅. ၉၆% | ၂၅၃၄ | ၇၉၄ |
| ဝိုင်းမော် | ၅၁၃၇၅ | ၉၅. ၁၈% | ၂၃၇၄ | ၈၇ |
| အင်ဂျန်းယန် | ၅၀၂၄ | ၈၁. ၈၇% | ၉၁၁ | ၄၁၉ |
| ဆွမ်ပရာဘွမ် | ၄၆၈၄ | ၆၅. ၅၂% | ၁၆၁၅ | ၂၆၀ |

အဆိုပါကိန်းဂဏန်းများနှင့် လုံးလုံးလျားလျား ဆန့်ကျင်ကွဲလွဲစွာ ကချင်ပြည်နယ်အနှံ့မဲရုံများ မဲရုံတာဝန်ခံများထံမှ IPAD အဖွဲ့၏ လေ့လာဆန်းစစ်ချက်များအရ မဲလာထည့်သူအရေအတွက်မှာ ယေဘူယျအားဖြင့် ၅၀ ရာခိုင်နှုန်းအောက် သာရှိခဲ့ပြီး ဝေးလံခေါင်းသီသောဒေသများတွင် အထူးတလည်လျော့နည်းခဲ့သည်။ အောက်တွင်အသေးစိတ်ရှင်းလင်းဖော်ပြ ထားသည့်အတိုင်း မဲရုံအာဏာပိုင်တို့က မဲလာပေးသူပြည်သူတို့အား မိသားစုအဖွဲ့ဝင်တို့ကိုယ်စား မဲပေးခွင့်လည်းပြုခဲ့သည်။ မဖြစ်မနေပေးလည်းပေးခိုင်းခဲ့သည်။ အခြားဖြစ်ရပ်များတွင် အာဏာပိုင်တို့ကိုယ်တိုင်ပင် မဲလာမပေးသူတို့ကိုယ်စား မဲထည့် ခဲ့ကြပြီး တစ်ချို့ဆိုလျှင် တစ်ရွာလုံးကိုယ်စားပင် မဲထည့်ခဲ့ကြသည်။

***ဖားကန့်မြို့နယ်*** တွင် မဲပေးခွင့်ရှိသူ ၁၃၈,၇၂၈ ဦးအနက်ကြိုတင်မဲပေးသူ ၂၅ ရာခိုင်နှုန်းနီးပါး အပါအဝင် မဲဆန္ဒရှင် အားလုံး မဲပေးခဲ့ကြောင်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကချင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက အစီရင်ခံ ခဲ့သည်။ အဆိုပါ အစီရင်ခံချက်နှင့် ဆန့်ကျင်ကွဲလွဲစွာ မဲဆန္ဒရှင်အနည်းစုလောက်ကသာ မဲရုံများသို့ လာရောက် မဲပေးခဲ့ကြောင်း (IPAD) အဖွဲ့က လေ့လာတွေ့ရှိခဲ့သည်။ (ဇယား ၃ ကိုကြည့်) ထိုသို့အနဲစုလောက်သာ မဲလာထည့်သည့် အဓိကအကြောင်းရင်းမှာ မဲဆန္ဒရှင်တို့၏ စိတ်မဝင်စားမှုနှင့် မဲရုံသို့ လာရောက်မဲပေးရန် သွားရေးလာရေးခက်ခဲ သောကြောင့်ဖြစ်သည်။ မြန်မာနိုင်ငံအခြားဒေသများကဲ့သို့ပင် အာဏာပိုင်တို့က မဲလာမထည့်သူ မဲဆန္ဒရှင် တို့ကိုယ်စား ထောက်ခံမဲများ ထည့်ခဲ့ခြင်းဖြင့် မဲလာ ပေးသူစာရင်းကို ဖောင်းပွအောင် လုပ်ခဲ့ခြင်းဖြစ်သည်။

**ဇယား(၃)**

**ဖားကန့်မြို့နယ်အတွင်း မဲရုံတချို့အိမ်လာထည့်မှုအခြေအနေ**

| **ကျေးရွာ** | မဲပေးခွင့်ရှိသူ | ခန့်မှန်းခြေမဲလာထည့်သူ | မဲ့ထည့်သူရာခိုင်နှုန်း |
|---|---|---|---|
| လုံးခင်းကျေးရွာ | ၂၄၇၄၇ | ၃၀၀၀ | ၁၂% |
| မရှိကထောင်ရပ်ကွက် | ၃၀၃၃ | ၆၀၀ | ၂၀% |
| ငှက်ပျောတောရပ်ကွက် | ၁၇၅၄ | ၄၅၀ | ၂၆% |
| ဆိုင်းတောင်(ဆိပ်မူ)ကျေးရွာ | ၄၄၉၈၈ | ၄၀၀၀ | ၉% |

**မိုးကောင်းမြို့နယ်**တွင် တရားဝင်ထုတ်ပြန်သည့် စာရင်းဇယားများအရ ၉၆ရာခိုင်နှုန်းနီးပါး မဲဆန္ဒပေးခဲ့ကြပြီး ၎င်းတို့ထဲတွင် ကြိုတင်ဆန္ဒမဲပေးသူပေါင်း ၁၅ရာခိုင်နှုန်း ပါဝင်သည်ဟုဆိုသည်။ သို့ရာတွင် IPAD ၏လေ့လာချက်အရ မဲဆန္ဒပေးခွင့်ရှိသူစုစုပေါင်း ၄၀ ရာခိုင်နှုန်းခန့်သာ မဲရုံသို့ အမှန်တကယ်လာရောက်မဲပေးကြကြောင်း သိရှိရသည်။ ကော်မရှင်အဖွဲ့ဝင်များကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအဖွဲ့ဝင်များနှင့် ဒေသအာဏာပိုင်တို့က မဲရုံသို့မလာရောက်သည့် မဲဆန္ဒရှင်တို့ ကိုယ်စား ထောက်ခံမဲများ ထည့်ခဲ့ကြသည်ဟူသော သတင်းပေးပို့ချက် အမြောက်အမြားကို IPAD ကလက်ခံရရှိခဲ့သည်။

**ဝိုင်းမော်မြို့နယ်**တွင်လည်း မဲရုံအပြောက်အမြားတွင် မဲလာမပေးသူတို့ကိုယ်စား အာဏာပိုင်တို့က ထောက်ခံမဲများ ထည့်ခဲ့ကြသည်။ ဥပမာအားဖြင့် လဖိုင်ကျေးရွာတွင် မဲရေတွက်မှုများအရ မဲလာမပေးသူအရေအတွက်က အများစုဖြစ်ကြောင်းသိရှိရသည်။ ဆန္ဒခံယူပွဲကျင်းပရေးအာဏာပိုင်တို့က အဆိုပါမဲရုံမှ မဲရုံမှူးအား ထောက်ခံမဲ ၁၅၀ထပ် ပေါင်းထည့်ရန် အမိန့်ပေးခဲ့သည်။ ဝါးရှောင်ကျေးရွာတွင်လည်း ကျေးရွာအကြီးအကဲ ဆင်ဝါးနော်ဆိုသူက မဲများကို ရေတွက်ပြီးပြီးချင်း ကန့်ကွက်မဲအားလုံးကို ဖယ်ရှားခဲ့သည်။ အဆိုပါလုပ်ရပ်ကို အခြားသူများရှေ့တွင် ပေါ်ပေါ် ထင်ထင် ပြောင်ပြောင်တင်းတင်း ပြုလုပ်ခဲ့ခြင်းဖြစ်သော်လည်း မည်သူတစ်ဦးတစ်ယောက်ကမျှ ၎င်းကို ရင်ဆိုင်ပြောဆိုကန့်ကွက်ခြင်း မပြုဝံ့ခဲ့ကြပါ။

**တနိုင်းမြို့နယ်တွင်** မဲဆန္ဒပေးပိုင်ခွင့်ရှိ ၂၅၁၅၅ဦးစလုံး ရာခိုင်နှုန်းပြည့် မဲလာပေးကြကြောင်း မဲရုံအာဏာပိုင်တို့က အစီရင်ခံခဲ့သည်။[၄၅] -သို့ရာတွင် လေ့လာချက်များအရ မဲရုံများတွင် မဲလာပေးသူနည်းပါးကြောင်းနှင့် လိမ်လည်မှုများ ရှိခဲ့ကြကြောင်း ကျယ်ကျယ်ပြန့်ပြန့် စွပ်စွဲခံခဲ့ရသည်။ အဆိုပါမတော်မတရားပြုမှုမှုများကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှသည် ဆယ်အိမ်မှူးများအထိ စနစ်တကျကျူးလွန်ခဲ့ကြခြင်းဖြစ်သည်။

သိမြင်နှံ့စပ်သူတို့ထံမှ သတင်းပေးပို့ချက်အရ တနိုင်းမြို့နယ်ရှိမဲရုံ၂၇ ရုံမှ မူလရေတွက်သည့် မဲစာရင်းတွင် ထောက် ခံမဲ ၇၃ ရာခိုင်နှုန်းရှိကြောင်း သိရှိရသည်။ အနည်းဆုံးထောက်ခံမဲ ၉၀ ရာခိုင်နှုန်းရရှိရမည်ဟူသော ခရိုင်အဆင့်ညွှန်ကြား ချက်ကို လိုက်နာသောအားဖြင့် မြို့နယ်ဥက္ကဋ္ဌ ဦးနေထွန်းအောင်နှင့် အခြားမြို့နယ် အာဏာပိုင်တို့ကထောက်ခံမဲ ၉၁ ရာခိုင်နှုန်းအထိ ရရှိအောင် မေလ ၁၀ရက်နေ့ညတွင် မဲပြားများကို အပိုဆောင်း ထည့်ခဲ့ကြသည်။

အဆိုပါချိုးဖောက်မှုများအား အောက်ပါ ဇယား (၄) တွင်အကျဉ်းချုပ်ဖော်ပြထားသည်။ ကချင်ပြည်နယ် မဲဆန္ဒရှင်များစာရင်းနှင့် ဆန္ဒခံယူပွဲကျင်းပသည့်နေ့က IPAD ၏ဆန္ဒခံယူပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့တို့မှ စုဆောင်းရရှိသည့် သတင်းအချက်အလက်များပေါ်တွင် အခြေခံ၍ စုစည်းဖော်ပြထားခြင်းဖြစ်သည်။ ရပ်ကွက်အစုအဖွဲ့ အာဏာပိုင်များနှင့် မဲရုံတာဝန်ခံတို့က မဲများကို ဆပွား၍ထည့်ကြသည်။ တစ်ချို့ဖြစ်ရပ်များတွင် စုစုပေါင်း မဲပြားအရေအတွက်ကအဆိုပါမဲရုံတွင် မဲပေးရန်သတ်မှတ်ခွင့်ပြုထားသည့် အရေအတွက်ထက်ပင် ပိုလွန် များပြားနေသည်။ မုန်ဒိန်အစုမဲရုံတွင် မဲရုံသို့မဲလာထည့်သူနှင့် ကြိုတင်မဲပေးသူစုစုပေါင်းမှာ မဲပေးခွင့်ရှိသူအားလုံး၏ ၁၄ ရာခိုင်နှုန်းသာရှိသည်။

***နမ္မတီး***တွင် မဲပေးခွင့်ရှိသူ ၉၀၀၀ အနက် ၈၀၀ ခန့်သာ မဲရုံများသို့သွားရောက်မဲပေးခဲ့ကြသည်။ ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင်အဖွဲ့ဝင်များ မြို့နယ်ကြံ့ဖွံ့အဖွဲ့ဝင်များနှင့် ဒေသအာဏာပိုင်တို့က မဲလာမပေးသူတို့ကိုယ်စား ထောက်ခံမဲများ ထည့်ခဲ့ကြသည်။

***ဗန်းမော်ခရိုင်*** လန်းဂွညောင်သစ်ရပ်ကွက်တွင် မဲပေးခွင့်ရှိသူစုစုပေါင်း၏ ၃၅ ရာခိုင်နှုန်းခန့်သာ မဲရုံများသို့ မဲလာ ထည့်ကြသည်။ မဲရုံအာဏာပိုင်တို့က မဲလာမပေးသူအတော်များများ၏ ကိုယ်စားထောက်ခံမဲများထည့်ခဲ့ကြသည်။ မင်းကုန်း ကျေးရွာတွင် မဲရုံဖွင့်ချိန်မှ နေ့လည် ၂ နာရီအတွင်း လူလက်တစ်ဆုပ်စာမျှလောက်သာ မဲလာပေးကြောင်း မဲရုံအနီးနေထိုင် သူတစ်ဦးကလေ့လာတွေ့ရှိခဲ့သည်။ အခြားမျက်မြင်သက်သေတစ်ဦးက ဟန်းတဲကျေးရွာအုပ်စု အကြီးအကဲလည်းဖြစ် မဲရုံ တာဝန်ခံလည်းဖြစ်သူ ဦးအောင်ဒင်တစ်ဦးတည်းကထောက်ခံမဲ ၁၀၀ ကျော် ထည့်ခဲ့ကြောင်း တွေ့ရှိခဲ့ရသည်။

***ရှမ်းပြည်မြောက်ပိုင်း မူဆယ်တောင်ပိုင်းရပ်ကွက်*** တွင် အာဏာပိုင်တို့ကထောက်ခံမဲ ၄၀၀ ကိုအပိုဆောင်းထည့်ခဲ့ကြသည်။ မိုင်းဖန်အုပ်စုတွင် ပြည်သူစစ်တပ်ဖွဲ့ဝင်များက မဲ ၂ ကြိမ်စီထည့်ခဲ့ကြသည်။ ကြိုတင်မဲတစ်ကြိမ်စီထည့်ပြီးနောက် ဆန္ဒခံယူပွဲနေ့တွင် နောက်ထပ်တစ်ကြိမ်စီမဲထည့်ခဲ့ကြခြင်းဖြစ်သည်။ မဲရုံဖွင့်ပြီး ၄ နာရီအကြာတွင် မဲရုံ ၈ ရုံမှ မဲရုံတာဝန်ခံတို့က မဲမပေးရသေးသူတို့ကိုယ်စား ထောက်ခံမဲများထည့်ခဲ့ကြသည်။

---

၄၅။ ထိပ်တန်း အာဏာပိုင်များတွင် တနိုင်းမြို့နယ်ဥက္ကဋ္ဌ ဦးနေထွန်းအောင် ကျန်းမာရေးဦးစီးဌာနအရာရှိ ဒေါက်တာစိုင်းထွန်းနှင့် လယ်ယာ စိုက်ပျိုးရေးဝန်ကြီးဌာန မြို့နယ်စည်ပင်သာယာရုံး လူဝင်မှုကြီးကြပ်ရေးရုံးနှင့် ရဲဌာနတို့မှ ဝန်ထမ်းအကြီးအကဲများ ပါဝင်ကြသည်။

***မုန်းဘော်ကျေးရွာ*** တွင် အာဏာပိုင်တို့က မဲလာမပေးသူတို့ကိုယ်စား ထောက်ခံမဲများထည့်ခဲ့ကြသည်။ မဲရုံပိတ်ရန် သတ်မှတ်ထားသည့် အချိန်မတိုင်မီကလေးတွင်ရောက်ရှိလာသည့်အသက် ၄၈ နှစ်အရွယ်အမျိုးသားတစ်ဦးအား မဲရုံအာဏာပိုင်တို့က ၄င်းအတွက်မဲထည့်ပေးပြီးဖြစ်ကြောင်း မဲရုံမှူးကပြောကြားခဲ့သည်။ ထိုပုဂ္ဂိုလ်ကငင်းအတွက် ကန့်ကွက်မဲထည့်ပေးသလားဟုမေးရာ အဆိုပါမဲရုံမှူးက ထောက်ခံမဲထည့်ပေးလိုက်ကြောင်း ပြန်ပြောခဲ့သည်။

***မုံဂိုအုပ်စု ၄*** တွင် ကျေးရွာအကြီးအကဲများက ရွာသူရွာသားများကိုယ်စားတစ်ဦးလျှင် မဲ ၅၀ ခန့် အထိထည့်ပေးခဲ့ကြောင်း မဲစာရင်းရလဒ်မှာထောက်ခံမဲ ၄၈၀ ကန့်ကွက်မဲ ၆ မဲနှင့် ပယ်မဲ ၄မဲ ဖြစ်သွားသည်။

***နမ့်တောင်ကျေးရွာ*** တွင် မဲရုံ အာဏာပိုင်များက မဲလာမထည့်သူများကိုယ်စား ထောက်ခံမဲများထည့်ခဲ့ကြပြီး မဲလာ ထည့်သူများကိုလည်း ကျန်မိသားစုဝင်များအတွက် မဲထည့်ပေးရန် အားပေးတိုက်တွန်းခဲ့သည်။ ပူတာအိုမြို့နယ်တွင်ရာ နှုန်းပြည့် မဲထည့်ခဲ့ကြောင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲက အစီရင်ခံခဲ့သော်လည်း ဖက်မာယန်၊ လွန်ရှာယန်၊ ဆွမ်ပြည်ယန်၊ နှင့် ဖားကတ်မုန်းတို့တွင် မဲပေးခွင့်ရှိသူ ၂၀ ရာခိုင်နှုန်းမျှသာ မဲလာပေးကြကြောင်း IPAD အဖွဲ့ကအစီရင်ခံခဲ့သည်။

ဇယား(၄)

## တနိုင်းမြို့နယ်ရှိ မဲရုံ ၂၇ ရုံအနက် မဲရုံ ၆ ရုံ၏ ရွေးပြေးရလဒ်များ

| မဲရုံအမည် | မဲပေးခွင့်ရှိသူ | ထောက်ခံမဲ | ကန့်ကွက်မဲ | ပယ်မဲ | ကြိုတင်မဲ | ပျက်ကွက်မဲ | မဲပေးသူ စုစုပေါင်း | မဲပေးသူ စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| ကင်ဆားရာအုပ်စု | ၁၄၂၅ | ၄၄၀ | ၃၄၈ | ၂၂ | ၃၅၁ | ၂၂၅ | ၁၃၈၆ | ၉၇%<br>* | မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်တို့ က မဲဆန္ဒရှင်များကို ထောက်ခံမဲပေးရန်အကြပ်ကိုင်ပြောဆိုခဲ့ပြီး မဲလာပေးသူ ၂၂၅ ဦးတို့ကိုယ်စား ထောက်ခံမဲများထည့်ခဲ့ကြသည်။ |
| ဟူးကောင်းအုပ်စု | ၁၀၄၉ | ၅၃၆ | ၂၀၀ | ၈ | ၅၇၁ | ၆ | ၁၃၂၀ | ၁၂၆% | မီးသတ်တပ်ဖွဲ့ အရာခံဗိုလ် ဒဗလျူအာရ်တူးဆိုသူ တစ်ဦးတည်းက ထောက်ခံမဲ ပေါင်း ၇၀ ကျော် ထည့်ခဲ့သည်။ |
| မုန်ဒိန်အုပ်စု | ၁၉၈၆ | ၂၂ | ၁၆၅ | ၁၉ | ၇၀ | ၁၇၁၀ | ၂၇၆ | ၁၄% | ကျူးလွန်ချိုးဖောက်မှုများ အတိုင်းအတာတစ်ခုအထိ ကင်းဝေးခဲ့သည်။ |
| ဆင်(မ်)ဆအုပ်စု | ၁၂၉၀ | ၇၆၅ | ၁၂၂ | ၃ | ၄၃၀ | | ၁၃၂၀ | ၁၀၂% | |
| ပုန်ခုံးအုပ်စု | ၁၄၄၇ | ၈၉၆ | ၆၃ | ၈ | ၅၇၀ | | ၁၅၃၇ | ၁၀၆% | ကြိုတင်မဲများကိုအကြပ်ကိုင်ခြိမ်းခြောက်ပြီးရယူခဲ့သည်။ |
| ဒူကောင်းအုပ်စု | ၆၀၂ | ၃၁၂ | ၄၀ | ၃ | ၂၉၅ | ၃၁ | ၆၈၁ | ၁၁၃% | ဆယ်အိမ်မှူးကရပ်ကွက်သူရပ်ကွက်သားတို့အားခြိမ်းခြောက်ပြီးထောက်ခံမဲပေးခိုင်းသည်။ ၄င်းကိုယ်တိုင်လည်းထောက်ခံမဲ ၁၀၀ ကျော်ထည့်ခဲ့သည်။ |
| စုစုပေါင်း | ၇၇၉၉ | ၃၀၁၈ | ၁၁၀၉ | ၆၇ | ၂၂၈၆ | ၃၃၂ | ၆၈၁၂ | ၈၈% | |

❋ လိမ်လှည့်ရယူသော မဲများအပါအဝင်

# ကြိုတင်မဲများ

ကချင်ပြည်နယ် ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲ၏ စာရင်း ဇယားများတွင် မဲပေးသူစုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းနီးပါးဖြစ်သော ၁၄၂၈၂၃ ဦးက ကြိုတင်မဲများထည့်ခဲ့ကြောင်း ဖော်ပြထားသည်။ အောက်တွင် အသေးစိတ် ဖော်ပြထားသည့်အတိုင်း ကြိုတင်မဲများမှာ အနိုင်ကျင့် အကြပ်ကိုင်ခံရမှုနှင့် လိမ်လည်မှုအများဆုံးသောမဲများ ဖြစ်သည်။ အာဏာပိုင်များက ကြိုတင်မဲများကောက်ယူရာတွင် မဲပေးသူတို့ရသင့်ရထိုက်သည့် အခြေခံအခွင့်အရေးများကို ချိုးဖောက်ခဲ့သည်။ အဆိုပါချိုးဖောက်ခဲ့သည့် အခွင့်အရေးများထဲတွင် ကိုယ့်အသိနှင့်ကိုယ် မဲပေးပိုင်ခွင့်နှင့် လျှို့ဝှက်လုံခြုံစွာ မဲပေးပိုင်ခွင့် စသည်တို့ပါဝင်သည်။ ဖြစ်ရပ်တော်တော်များများတွင် အစိုးရဝန်ထမ်းများနှင့် စီပွားရေးလုပ်ငန်းတို့မှ ဝန်ထမ်းများကိုယ်စား ၄င်းတို့မသိလိုက်ရဘဲ ကြိုတင်မဲများရယူခဲ့သည်။ ကြိုတင်မဲများရယူခြင်းနှင့် ရေတွက်ခြင်းများ ပြုလုပ်ရာတွင်လည်း ပုံမှန်မဲများထက် ပွင့်လင်းထင်သာမှု နည်းပါးခဲ့သည်။ လူသိများထင်ရှားသည့် ဖြစ်ရပ်အချို့တွင် ကြိုတင်မဲများကိုဖျက်ဆီးပစ်ခဲ့ပြီး အချို့တွင် ထောက်ခံမဲများနှင့် အစားထိုးခဲ့သည်။ နေရာအနှံ့ပေါ်ပေါက်ခဲ့သည့် အဆိုပါချိုးဖောက်မှုများက ကြိုတင်မဲအားလုံးအပေါ် အယုံအကြည်ကင်းမဲ့သွားစေခဲ့သည်။ အဆိုပါချိုးဖောက်မှုများကို ကိုယ်စားပြုနိုင်သည့် ကိန်းဂဏန်းအချို့အား အောက်ပါဇယားတွင် အသေးစိတ် ဖော်ပြထားပါသည်။

**ဇယား (၅)**

## ကချင်ပြည်နယ်အတွင်း ကြိုတင်မဲပေးမှုအခြေအနေ

| ခရိုင်/မြို့နယ်များ | ကြိုတင်မဲ | မဲစုစုပေါင်း | မဲအားလုံးထဲမှ ကြိုတင်မဲထည့်သူရာခိုင်နှုန်း |
|---|---|---|---|
| ပူတာအိုခရိုင် | ၁၄၉၁၉ | ၄၄၉၄၀ | ၃၃. ၂၀% |
| နောက်မွန် | ၂၃၇၂ | ၃၈၃၂ | ၆၁. ၉၀% |
| မချန်းဘော | ၁၆၅၇ | ၄၇၉၆ | ၃၄. ၅၅% |
| ခေါင်လံဖူး | ၂၁၄၆ | ၆၉၆၈ | ၃၀. ၈၀% |
| ပူတာအို | ၇၈၇၂ | ၂၆၂၇၅ | ၂၉. ၉၆% |
| ဆွမ်ပရာဘွမ် | ၈၇၂ | ၃၀၆၉ | ၂၈. ၄၁% |
| **မိုးညှင်းခရိုင်** | **၆၂၉၃၀** | **၃၀၀၇၉၂** | **၂၀. ၉၂%** |
| ဖါးကန့် | ၃၄၁၈၂ | ၁၃၉၇၂၈ | ၂၄. ၄၆% |
| မိုးညှင်း | ၁၉၂၂၁ | ၁၀၀၉၀၇ | ၁၉. ၀၅% |
| မိုးကောင်း | ၉၅၂၇ | ၆၀၁၅၇ | ၁၅. ၈၄% |
| **မြစ်ကြီးနားခရိုင်** | **၃၅၈၉၀** | **၂၀၆၅၂၁** | **၁၇. ၈%** |
| ဆော့လော် | ၁၅၅၇ | ၂၂၇၅ | ၆၈. ၄၄% |
| တနိုင်း | ၉၆၆၄ | ၂၅၁၅၅ | ၃၈. ၄၂% |
| ဝိုင်းမော် | ၈၁၄၅ | ၄၉၀၀၁ | ၁၆. ၆၂% |
| ချီဖွေ | ၁၃၅၉ | ၈၃၆၆ | ၁၆. ၂၄% |
| အင်ဂျန်ရန် | ၅၉၅ | ၄၁၁၃ | ၁၄. ၄၇% |
| မြစ်ကြီးနား | ၁၄၅၇၀ | ၁၁၇၆၁၁ | ၁၂. ၃၉% |
| **ဗန်းမော်ခရိုင်** | **၂၉၀၈၄** | **၁၇၀၃၁၁** | **၁၇. ၀၉%** |
| မိုးမောက် | ၈၈၅၉ | ၃၅၃၁၂ | ၂၅. ၀၉% |
| မန်စီ | ၇၁၃၈ | ၃၀၈၀၀ | ၂၃. ၁၈% |
| ဗန်းမော် | ၈၅၅၀ | ၆၀၆၃၁ | ၁၄. ၁၀% |
| ရွှေကူ | ၄၅၃၇ | ၄၃၅၆၈ | ၁၀. ၄၁% |
| **စုစုပေါင်း** | **၁၄၃၈၂၃** | **၇၂၂၅၆၄** | **၁၉. ၇၇%** |

***ပူတာအိုခရိုင်*** တွင် ၅ မြို့နယ်ရှိသည့်အနက် ၄ မြို့နယ်တွင် ရာနှုန်းပြည့်မဲထည့်ကြောင်း အစီရင်ခံခဲ့သည်။ အဆို ပါဒေသများတွင် စုစုပေါင်းမဲအရေအတွက်၏ ၃၀% မှ ၆၂% အထိမှာကြိုတင်မဲများဖြစ်သည်။ ပန်းနန်းဒင်မဲရုံ တွင် အာဏာပိုင်များက ဒေသခံအများစု၏ နေရပ်သို့ပင်သွားရောက်ခြင်းမပြုဘဲ ၎င်းတို့ကိုယ်စား ကြိုတင်မဲများကို ဖြည့်သွင်း ထည့်ခဲ့ကြသည်။

**နောက်မွန်းမြို့နယ်  *ဒဘူဒမ်းအုပ်စုနှင့် အဝိဝမ်အုပ်စု***တို့တွင်လည်း အာဏာပိုင်တို့က ထိုဒေသများသို့ သွားရောက် ခြင်း မပြုဘဲ ကြိုတင်မဲများထည့်ခဲ့ကြသည်။ နောက်မွန်းမြို့နယ် ကြံ့ဖွံ့အသင်းဥက္ကဋ္ဌကို ကချင်ပြည်နယ်အတွင်း ထောက်ခံမဲ ရာခိုင်နှုန်းအမြင့်ဆုံး ရရှိအောင် စွမ်းဆောင်နိုင်ခဲ့မှုကြောင့် ဂျစ်ကားတစ်စီး ဆုချခဲ့သည်။

**မိုးညှင်းခရိုင်** တွင် ခရိုင်အဆင့်အစိုးရဝန်ထမ်းအားလုံးထံမှ ကြိုတင်မဲကောက်ခံမှုကို ခရိုင်ကြံ့ဖွံ့အတွင်းရေးမှူး ဦးမြင့်ထွန်းက ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ ဝန်ထမ်းအားလုံးအား ထောက်ခံမဲပေးရန် ညွှန်ကြားခဲ့သည်။ မိုးကောင်းမြို့တွင် မြို့နယ်မယက ဥက္ကဋ္ဌ ဦးမြင့်စိန်နှင့် ကြံ့ဖွံ့အတွင်းရေးမှူးဦးထွန်းအောင်တို့က အစိုးရဝန်ထမ်းများအား ၎င်းတို့ကိုယ်စား အထက်အရာရှိများက ကြိုတင်မဲများထည့်ပေးထားပြီးဖြစ်၍ ၎င်းတို့မဲပေးရန်မလိုတော့ကြောင်း ပြောကြားခဲ့သည်။ နောက် ပိုင်းတွင် ဗိုလ်မှူးချုပ်သိန်းဇော်က မိုးညှင်းခရိုင်ကြံ့ဖွံ့ရုံးအား ဆန္ဒခံယူပွဲကိုအောင်မြင်အောင် ဆောင်ရွက်ပေးခဲ့မှုအတွက် ဂျစ်ကားတစ်စီး ဆုချခဲ့သည်။

***ဖားကန့်မြို့နယ်*** တွင် ကျောက်တူးဖော်ရေးကုမ္ပဏီများက ၎င်းတို့အလုပ်သမားအားလုံးအတွက် ကိုယ်ရေးရာဇဝင် ဓာတ်ပုံနှစ်ပုံတို့နှင့်အတူ ကြိုတင်မဲများထည့်ပေးခဲ့ရသည်။ ကုမ္ပဏီအကြီးအကဲများအနေဖြင့် ထောက်ခံမဲများသာထည့်ပေးရ မည်ကိုရှင်းရှင်းလင်းလင်း သိနားလည်းထားကြပြီးဖြစ်သည်။

***ဗန်းမော်ခရိုင် မြေနုရပ်ကွက်*** တွင်အသက် ၅၀ကျော် မဲပေးပိုင်ခွင့်ရှိသူအားလုံးအား ဧပြီလ (၂၇)ရက်နေ့တွင် ကြိုတင်မဲပေးထားနှင့်ရန် အာဏာပိုင်များက အမိန့်ထုတ်ခဲ့သည်။ မဲပုံးမရှိသဖြင့် ဆန္ဒမဲပြားများကို အာဏာပိုင်များလက်ထဲ သို့ တိုက်ရိုက်ပေးအပ်ခဲ့ရသည်။ ကြိုတင်ဆန္ဒမဲပေးသူ လူ ၂၀ထဲတွင် အဘွားအိုတစ်ဦးက ကန့်ကွက်မဲပေးခဲ့သည်။ ထိုအမျိုး သမီးကြီးအား အာဏာပိုင်တစ်ဦးက “ခင်ဗျားကန့်ကွက်မဲထည့်တဲ့ကိစ္စ ကိုယ့်တာဝန်ကိုယ်ယူမှာလား” ဟုမေးလိုက်ရာ အမျိုး သမီးကြီးက “ဟုက်ကဲ့ယူပါ့မယ်” ဟုပြန်လည်တုန့်ပြန်လိုက်သည်။ ထိုကိစ္စကိုမျက်မြင်ကိုယ်တွေ့ကြုံလိုက်ပြီးနောက် ကျန် လူအားလုံးက ထောက်ခံမဲများထည့်ခဲ့ကြတော့သည်။

***သာစည်ရပ်ကွက်*** တွင်ဆယ်အိမ်မှူး ဦးမောင်မောင်တာက ဧပြီလအတွင်းတွင် ရပ်ကွက်အိမ်ထောင်စုစာရင်းများကို စစ်ဆေးကာ နိုင်ငံသားမှတ်ပုံတင်မရှိသေးသူများကိုရွေးထုတ်ခဲ့သည်။ ထို့နောက်၎င်းတို့အား ရယက ရုံးသို့လာရောက်ကာ မိမိတို့၏ ကိုယ်ရေးမှတ်တမ်းများကို ပေးအပ်ရန်နှိုးဆော်ခဲ့သည်။ ၎င်းတို့ရုံးသို့ရောက်လာသောအခါ ကြိုတင်မဲပြားများ ဝေငှပေးပြီး “အပေးအယူ” လုပ်သည့်အနေဖြင့် ထောက်ခံမဲများထည့်ပေးပြီးလျှင် နိုင်ငံသားမှတ်ပုံတင်ကဒ်ပြားများကိုထုတ် ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ သို့သော်ထောက်ခံမဲများထည့်ပေးပြီးနောက် ဦးမောင်မောင်တာက အဖြူရောင် ယာယီ နိုင်ငံသားမှတ်ပုံတင်ကဒ်ပြားများကို သာထုတ်ပေးခဲ့သည်။ အဆိုပါကဒ်များမှာ တရားဝင်နိုင်ငံသားကဒ်မရှိသူများ အတွက် ဆန္ဒခံယူပွဲတွင် မဲထည့်နိုင်ရုံသက်သက်ထုတ်ပေးသော ကဒ်များသာဖြစ်သည်။

***မြောက်ပိုင်းရှမ်းပြည်*** ကွက်ခိုင် (၂)ရပ်ကွက်တွင် ဆေးရုံအမှုထမ်းအားလုံး ကြိုတင်မဲပေးခဲ့ရသည်။ မဲအားလုံးကို လျှို့ဝှက်ထည့်ခဲ့ရခြင်းမဟုတ်ဘဲ ဝန်ထမ်းအားလုံးအား ထောက်ခံမဲသာပေးရမည်ဟုအသိပေးထားခဲ့သည်။

***တနိုင်းမြို့နယ်*** တွင် ကြံ့ဖွံ့အဖွဲ့ဝင်များက တရုံကျေးရွာ၊ ရှိန်လုံကျေးရွာ၊ မကောကျေးရွာ၊ မိုင်းခွန်းကျေးရွာ အပါအဝင် ရှိန်ဗွေယန်ရွှေတွင်းဒေသ၊ နမ်ဗျူရွှေတွင်းဒေသ၊ တုံမဏီရွှေတွင်းဒေသနှင့် နမ်းကွန်ရွှေတွင်းဒေသတို့တွင် ကြိုတင်မဲများ ကောက်ခံခဲ့သည်။ အဆိုပါလှုပ်ရှားမှုတွင်ပါဝင်ခဲ့သည့် ကြံ့ဖွံ့အဖွဲ့ဝင်တို့၏ အဆိုအရကြိုတင်မဲအများစုမှာ ကန့်ကွက်မဲများ ဖြစ်ခဲ့ကြသည်။ သို့သော် အာဏာပိုင်များက ထောက်ခံမဲအများစုဖြစ်အောင် မဲရလဒ်ကို ကလိန်ကကျစ်လုပ် လိုက်ကြသည်။ အခြားဖြစ်ရပ်များတွင် ကြိုတင်မဲများကို တာဝန်ယူကောက်ခံသည့် အာဏာပိုင်များက မဲဆန္ဒရှင်များအား ထောက်ခံမဲမပေး၊ ပေးအောင်ခြိမ်းခြောက်ပြောဆိုခဲ့သည်။ ကင်ဆားရာရပ်ကွက်အတွင်းရှိ ရပ်သူရပ်သားတို့အား မဲရုံမှူးက ခြိမ်းခြောက် ပြောဆိုခဲ့သည်။ ကြိုတင်မဲများ ကောက်ခံရသူ ဒေသဆိုင်ရာအစိုးရအာဏာပိုင်တစ်ဦးဖြစ်သူ ဦးအောင်ဇင်ထွန်း

ဆိုသူကလည်း မဲဆန္ဒရှင်တို့အားထောက်ခံမဲပေးရမည်ဖြစ်ကြောင်းနှင့် အကယ်၍ ကန့်ကွက်မဲ ပေးခဲ့ပါက ၃ နှစ်အထိ ထောင်ဒဏ်ကျခံရနိုင်ကြောင်း ခြိမ်းခြောက်ပြောဆိုခဲ့သည်။ သို့အတွက်ကြောင့် ရွာသားအတော် များများက ၄င်းတို့အနေဖြင့် ထောက်ခံမဲပေးရုံမှတစ်ပါး ရွေးချယ်စရာဘာတစ်ခုမျှ မရှိတော့ဟု ခံစားခဲ့ရကြောင်း ထုတ်ဖော် ပြောကြားခဲ့ကြသည်။

## ပယ်မဲများ

နောက်ထပ်လိမ်လည်လှည့်ဖြားမှုလုပ်ရပ်တစ်ခုမှာ မဲပြားများကို မမှန်မကန်ရေးသွင်းသည်ဟုဆိုကာ ဆန္ဒမဲပြားများကို ပယ်ဖျက်လိုက်ခြင်းဖြစ်သည်။ ကချင်ပြည်နယ်တွင် မဲထည့်သူစုစုပေါင်း၏ ၂% ရာခိုင်နှုန်းကျော် (အရေအတွက်အားဖြင့် ၁၄၈၆၅ ) ကိုပယ်ဖျက်ခဲ့သည်။ အမှတ်အသားများ ပီပြင်မှန်ကန်စွာ ရေးသားဖြည့်သွင်းခြင်းမပြု၍ ပယ်လိုက်ရသောမဲများ နေရာအနှံ့ဖြစ်ပေါ်ခဲ့ရသည်။ အကြောင်းရင်းကို ဆန်းစစ်ပါက ပြည်သူတို့အား မည်သို့မည်ပုံ မဲပေးရမည်ဟူသော အနိမ့်ဆုံး ပညာပေးမှုကိုပင် အစိုးရက ဆောင်ရွက်မပေးခဲ့သောကြောင့်ဖြစ်သည်။ ဖြစ်ရပ်အချို့တွင် ဤကိစ္စကိုအထင်အရှားတွေ့ရသော် လည်း အာဏာပိုင်တို့က မဲရုံရလဒ်ကို တိုးမြှင့်ရန်အလို့ငှာကန့်ကွက်မဲများကို တမင်သက်သက်ရွေးချယ်ကာ တရားမဝင် ပယ်မဲများအဖြစ် သက်မှတ်ခဲ့ကြကြောင်း မျက်မြင်သက်သေအတော်များများက သတင်းပေးပို့ခဲ့ကြသည်။ ကန့်ကွက် မဲရာခိုင်နှုန်း အများဆုံးရှိခဲ့သော မြို့နယ်သုံးခုဖြစ်သည့် အင်ဂျန်ရန်၊ ဆွမ်ပရာဘွမ်နှင့် မန်စီမြို့နယ်တို့တွင် ပယ်မဲရာခိုင်နှုန်းလည်း အများဆုံးဖြစ်ခဲ့ကြခြင်းမှာ တိုက်ဆိုင်မှုဟုမဆိုနိုင်ပါ။

**ဇယား (၆)**

**ကချင်ပြည်နယ်အတွင်းပယ်မဲများ**

| ခရိုင်/မြို့နယ်များ | ကန့်ကွက်မဲ စုစုပေါင်း | ကန့်ကွက်မဲ ရာခိုင်နှုန်း | ပယ်မဲ စုစုပေါင်း | ပယ်မဲ ရာခိုင်နှုန်း |
|---|---|---|---|---|
| **မြစ်ကြီးနားခရိုင်** | **၂၄၃၆၀** | **၁၁. ၈၀%** | **၅၃၂၉** | **၂. ၆၁%** |
| အင်ဂျန်ရန် | ၁၃၉၄ | ၃၃. ၈၉% | ၂၄၃ | ၅. ၉၁% |
| ဝိုင်းမော် | ၉၆၇၄ | ၁၉. ၇၄% | ၁၆၁၈ | ၃. ၄၃% |
| မြစ်ကြီးနား | ၁၀၇၂၀ | ၉. ၁၁% | ၃၁၃၈ | ၂. ၆၇% |
| တနိုင်း | ၁၉၉၃ | ၇. ၉၂% | ၂၄၄ | ၀. ၉၇% |
| ချီဖွေ | ၅၁၁ | ၆. ၁၁% | ၇၈ | ၀. ၉၃% |
| ဆော့လော် | ၆၈ | ၂. ၉၉% | ၈ | ၀. ၃၅% |
| **မိုးညှင်းခရိုင်** | **၂၂၀၈၉** | **၇. ၃၄%** | **၄၅၀၇** | **၁. ၅၀%** |
| မိုးညှင်း | ၉၄၆၇ | ၉. ၃၈% | ၁၈၇၁ | ၁. ၈၅% |
| ဖားကန့် | ၅၅၁၇ | ၃. ၉၅% | ၂၀၁၉ | ၁. ၄၄% |
| မိုးကောင်း | ၇၁၀၅ | ၁၁. ၈၁% | ၆၁၇ | ၁. ၀၃% |
| **ဗန်းမော်ခရိုင်** | **၂၄၄၈၈** | **၁၄. ၃၈%** | **၄၁၄၂** | **၂. ၇၃%** |
| မန်စီ | ၇၀၈၅ | ၂၃. ၀၀% | ၁၂၄၇ | ၄. ၀၅% |
| ဗန်းမော် | ၇၈၁၆ | ၁၂. ၈၉% | ၂၁၈၅ | ၃. ၆၀% |
| မိုးမောက် | ၆၇၁၇ | ၁၉. ၀၂% | ၇၁၀ | ၂. ၀၁% |
| ရွှေကူ | ၂၈၇၀ | ၆. ၅၉% | ၅၀၇ | ၁. ၁၆% |
| **ပူတာအိုခရိုင်** | **၇၃၆၂** | **၁၆. ၃၈%** | **၈၈၇** | **၁. ၉၇%** |
| ဆွမ်ပရာဆွမ် | ၁၁၃၉ | ၃၇. ၁၁% | ၁၅၁ | ၄. ၉၂% |
| ပူတာအို | ၅၂၈၉ | ၂၀. ၁၃% | ၆၅၂ | ၂. ၄၈% |
| နောက်မွန် | ၃၆ | ၀. ၉၄% | ၃၄ | ၀. ၈၉% |
| မချန်းဘော | ၄၆၇ | ၉. ၇၄% | ၂၁ | ၀. ၄၄% |
| ခေါင်လံဖူး | ၄၃၁ | ၆. ၁၉% | ၂၉ | ၀. ၄၂% |
| **ကချင်ပြည်နယ်၏ ပျမ်းမျှနှုန်း** | ၇၈၂၉၉ | ၁၀. ၈၃% | ၁၄၈၆၅ | ၂. ၁၄% |

ဤအနေအထားမျိုးကို မဲရုံတစ်ရုံချင်းအလိုက်လည်းလေ့လာတွေ့ရှိနိုင်သည်။

* **မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်** ရွာသစ်အခြေခံမူလတန်းကျောင်း မဲရုံတွင်
ထောက်ခံမဲ ၈၁၉ ၊ ကန့်ကွက်မဲ ၈၀၀ ၊ ပယ်မဲ ၇၀
* **မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်**တွင်
ထောက်ခံမဲ ၁၃၀၀ ၊ ကန့်ကွက်မဲ ၆၀၀ ၊ ပယ်မဲ ၃၀၀
* **မြောက်ပိုင်းရှမ်းပြည် နမ်းတောင်းကျေးရွာ**တွင်
ထောက်ခံမဲ ၈၄၃ ၊ ကန့်ကွက်မဲ ၄၄၃ ၊ ပယ်မဲ ၁၆၅
* **မြောက်ပိုင်းရှမ်းပြည် မူဆယ်တောင်ပိုင်းရပ်ကွက်**တွင်
ထောက်ခံမဲ ၂၀၀၀ ၊ ကန့်ကွက်မဲ ၈၀၀ ၊ ပယ်မဲ ၂၇၀
တို့ဖြစ်သည်။

## ကေအိုင်အိုအုပ်ချုပ်ရာဒေသများရှိ မဲပေးမှုအခြေအနေအချို့

အပစ်အခတ်ရပ်ဆိုင်းထားသည့်အဖွဲ့များနှင့် အလင်းဝင်ထားသောအဖွဲ့များ ထိန်းချုပ်ထားသည့် ဒေသများတွင် ၄င်းအဖွဲ့များ နှင့်ပူပေါင်းလျှက် နအဖကဆန္ဒခံယူပွဲကို ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ အဆိုပါအဖွဲ့များတွင် ကေအိုင်အို၊ အင်ဒီအေကေ နှင့် ကချင်ကာကွယ်ရေးတပ်မတော် (ကေဒီအေ) တို့ပါဝင်သည်။ အဖွဲ့သုံးဖွဲ့စလုံးက ၎င်းတို့အဖွဲ့ဝင်အားလုံးအား ဆန္ဒခံယူပွဲတွင် ထောက်ခံမဲများထည့်ရန် ညွှန်ကြားချက်များထုတ်ပြန်ခဲ့သည်။ ထို့သို့ထုတ်ပြန်ခဲ့ခြင်းမှာ ဖိအားပေးမှုကြောင့်နှင့် အခြားအကြောင်းအရင်းများကြောင့် ဖြစ်ကြောင်း ထင်ရှားပေါ်လွင်ခဲ့သည်။

အင်ဒီအေကေအဖွဲ့က ချီဖွေမြို့နယ်အတွင်း မဲဆန္ဒရှင် ၃၆၉၄ဦး မဲလာရောက်ထည့်ခဲ့သည့်မဲရုံလေးရုံအားကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။ အင်ဒီအေကေက ၄င်းတို့တပ်ဖွဲ့ဝင်အားလုံးအား ထောက်ခံမဲထည့်ရန် အမိန့်ပေးခဲ့သည်။ သို့သော် အရပ်သားများကိုမူ ထောက်ခံမဲအတင်းအကြပ်မထည့်ခိုင်းရန် ညွှန်ကြားခဲ့ကြောင်း သတင်းရရှိသည်။ မဲရုံရလဒ်များလည်း အရာမရောက်ခဲ့ဟု သိရသည်။

ကေဒီအေတပ်မှူး မစ္စတာမထုနော်က မြောက်ပိုင်းရှမ်းပြည် ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲတွင် ပါဝင်ဆောင် ရွက်ခဲ့သည်။ ရှမ်းပြည်မြောက်ပိုင်း ကေဒီအေထိန်းချုပ်ရာနယ်မြေရှိ ၎င်းတို့တပ်ဖွဲ့ဝင်များနှင့် ဒေသခံများဘက်မှ ဖွဲ့စည်း ပုံအခြေခံဥပဒေအား ရာနှုန်းပြည့်တခဲနက်ထောက်ခံပေးသွားမည်ဟု အာမခံခဲ့သည်။

## ကေအိုင်အိုဒေသအတွင်းမဲပေးမှုအခြေအနေများ

ကေအိုင်အိုက ၄င်းတို့ထိန်းချုပ်ရာဒေသများရှိ မဲရုံ ၆၃ ရုံတွင် ပူးတွဲကြီးကြပ်ဆောင်ရွက်ခဲ့သည်။ ဆန္ဒခံယူပွဲနှင့် ပါတ်သက်သော ကေအိုင်အို၏ မူဝါဒမှာ ဧပြီလနှင့် မေလအတွင်း အပြောင်းအလဲအတက်အကျ မြန်ဆန်ခဲ့သည်။[၄၆]

အစပိုင်းတွင် ကေအိုင်အိုက ဆန္ဒခံယူပွဲနှင့် ပါတ်သက်၍ တင်းမာသည့်သဘောထားရှိခဲ့သည်။ ထိုစဉ်က ကေအိုင်အို က ၄င်း၏အဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဆန္ဒခံယူပွဲကိုသပိတ်မှောက်ရန် သို့မဟုတ် အဆိုပါလုပ်ငန်းစဉ်နှင့် ခပ်ကင်းကင်း နေရန် ညွှန်ကြားကောင်း ညွှန်ကြားရလိမ့်မည်ဟု ကြေညာခဲ့သည်။ [၄၇] ကေအိုင်အိုထိပ်တန်းပြောရေးဆိုခွင့်

၄၆။ ရှန်မယ်ဆာကာ " ကချင်အဖွဲ့များ ဆန္ဒခံယူပွဲ လမ်းဆုံလမ်းခွသို့ရောက်ရှိ " မဇ္ဈိမသတင်း ၂၀၀၈ခုနှစ်၊ မတ်လ (၃၀)ရက်
၄၇။ " ဆန္ဒခံယူပွဲကို ကေအိုင်အိုက သပိတ်မှောက်ဖွယ်ရှိ " မဇ္ဈိမအသင်း ၂၀၀၈ခုနှစ်၊ မတ်လ (၂၄) " ကေအိုင်အိုက ဆန္ဒခံယူပွဲကို လက်ရှောင်မည် " မဇ္ဈိမအသင်း ၂၀၀၈ခုနှစ်၊ ဧပြီလ (၉)ရက်

ရှိသူက အဆိုပါလုပ်ငန်း စဉ်တွင် "လွတ်လပ်ပြီး တရားမျှတမှုရှိရမည်" ဟု တောင်းဆိုခဲ့သည်။ [၄၈] နောက်ပိုင်းတွင် ကေအိုင်အိုက ဘက်မလိုက်ဘဲ ကြားနေမည်ဖြစ်သော်လည်း အဖွဲ့ဝင်များကိုမူ သာမန်အရပ်သူအရပ်သား အဖြစ်ရပ်တည်ဆောင် ရွက်ခွင့်ပြုမည် ဖြစ်ကြောင်း ကြေညာလိုက်ချိန်မှစ၍ ကေအိုင်အို၏ ရပ်တည်ချက်မှာပျော့ပြောင်းသွား သည်။[၄၉] မေလ ၈ရက်နေ့တွင်မူ ကေအိုင်အိုကငင်း၏အဖွဲ့ဝင်များအား ထောက်ခံမဲပေးကြရန် အမိန့်ထုတ်ပြန်ခဲ့သည်။[၅၀]

ကေအိုင်အိုအရာရှိများအနေဖြင့် အဆိုပါညွှန်ကြားချက်ကို မည်သည့်အတိုင်းအတာအထိ လိုက်နာဆောင်ရွက် ခဲ့သည်ကို အတိအကျမသိရှိနိုင်ပါ။ မည်သို့ပင်ဆိုစေ ထောက်ခံမဲပေးရမည်ဟူသော ကေအိုင်အို၏ အမိန့်ထုတ်ပြန်ချက်မှာမူ ဒီမိုကရေစီ လုပ်ငန်းစဉ်နှင့် ဆီလျော်အပ်စပ်ခြင်းမရှိခဲ့ပါ။ ထို့ပြင်၎င်းတို့ကိုယ်တိုင် ပူးပေါင်းကြီးကြပ်ဆောင်ရွက်ခဲ့သည်။ မဲရုံများမှပေါ် ထွက်လာသည့် မဲရလဒ်များသိက္ခာရှိမရှိနှင့် ပါတ်သက်၍ ၎င်းတို့အပေါ်ယိုးစွပ်စရာဖြစ်ခဲ့ရသည်။ ပယ်မဲအရေအတွက် မြင့်မားခဲ့ခြင်းကလည်း မဲရေတွက်မှုလုပ်ငန်းစဉ်၏ သမာသမတ်ရှိမှုအပေါ် အငြင်းပွားစရာ ဖြစ်ခဲ့ရပြန်သည်။ ထိုသို့ပယ်မဲ အရေအတွက်မြင့်မားမှုမှာ ကန့်ကွက်မဲရာခိုင်နှုန်း မြင့်မားသည့် မဲရုံများတွင်ထူးထူးခြားခြား ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ဥပမာ အားဖြင့် ဝါးရှောင်ကျေးရွာတွင် မဲအားလုံး၏ ၅၀ ရာခိုင်နှုန်းအား ပယ်မဲအဖြစ် ကြေညာ ခဲ့သည်။

တရားမျှတမှုမရှိကြောင်းအလွန်ထင်ရှားပေါ်လွင်နေသည့် ဆန္ဒခံယူပွဲလုပ်ငန်းစဉ်အား ကေအိုင်အိုအဖွဲ့က ပြောင် ကျကျထောက်ခံခဲ့မှုအပေါ် ကေအိုင်အိုအဖွဲ့ဝင်များနှင့် အခြားကချင်ပြည်နယ်သူပြည်နယ်သားတို့က တုန်လှုပ်ခြောက်ခြားမှု၊ ဒေါသထွက်မှုနှင့် မကျေနပ်မှုများကိုဖော်ထုတ်ပြသခဲ့ကြသည်။ ကေအိုင်အို မဲရုံဒေသများရှိ မဲဆန္ဒရှင်တို့၏ ၆၆ ရာခိုင် နှုန်းကသာ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား ထောက်ခံခဲ့ကြသည်။ အဆိုပါရလဒ်မှာ ကျန်ပြည်နယ်တစ်ခုလုံး၏ ရလဒ် နှင့်စာလျှင် အလွန် နိမ့်ကျနေသည်။ အချို့ဒေသများတွင် လူတိုင်းတစ်ယောက်မကျန်ကန့်ကွက်မဲပေးခဲ့ကြသည်။ (အဆိုပါ စာရင်းတွင် ကေအိုင်အိုအဖွဲ့ဝင်များနှင့်တစ်ကွ သာမန်အရပ်သားပြည်သူများလည်း ပါဝင်သည်။)[၅၁]

ထောက်ခံမဲပေးရန် ကေအိုင်အို၏ အမိန့်ပေးညွှန်ကြားခဲ့မှုအပေါ် သဘောတူထောက်ခံသည့် ကေအိုင်အိုအကြီး တန်းအရာရှိတစ်ဦး၏ဇနီးက "ဆန္ဒခံယူပွဲနေ့ကကန့်ကွက်မဲပေးခဲ့သူတွေဟာ မိုက်မဲသူတွေပါ။ ဦးနှောက်မရှိသူတွေလို လုပ်ခဲ့ကြတာပါ" ဟုပြောခဲ့သည်။ တစ်ဖက်တွင်မူ ကချင်ပြည်နယ်အမျိုးသား ဒီမိုကရေစီကွန်ကရက် (KNCD) ဥက္ကဋ္ဌ ဒူဝါဘောင်လန်းက လူငယ်များနှင့် ဒေသခံပြည်သူများအား " ကျွန်တော်တို့ရဲ့အနာဂတ်ဟာ ဆန္ဒခံယူပွဲပေါ် မူတည်နေတယ်။ ဒါကြောင့်ကျွန်တော်တို့အပေါ် ကျရောက်နေတဲ့တာဝန်တစ်ရပ်အနေနဲ့ အကြောက်အရွံ့မရှိဘဲ ကျွန်တော်တို့ကန့်ကွက်မဲ ထည့်ကိုထည့်ရမယ်" ဟု ပြောကြားခဲ့သည်။ ဒါ့အပြင် ၎င်းက "အကယ်၍ ကျွန်တော်တို့သာ ဖွဲ့စည်းပုံအခြေခံဥပဒေ ကိုထောက်ခံ လိုက်မယ်ဆိုရင် ကိုယ်လည်ပင်းကိုယ်ကြိုးကွင်းစွပ်သလိုဖြစ်သွားလိမ့်မယ် တိုင်းရင်းသား လူမျိုးစုတွေအတွက် ဘာအခွင့်အရေး မှလည်းမရှိ ဘာမျှော်လင့်ချက်မှလည်း ရှိမှာမဟုတ်တော့ဘူး" ဟု ထပ်လောင်း ပြောကြားခဲ့သည်။[၅၂] ကေအင်စီဒီအဖွဲ့သည် ၁၉၉၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ကချင်ပြည်နယ်မှမဲဆန္ဒနယ် ၃နေရာအနိုင်ရရှိခဲ့ပြီး တိုင်းရင်းသား လူမျိုးစုနိုင်ငံရေးပါတီ (၁၂)ပါတီပါဝင်သည့် ညီညွတ်သောတိုင်းရင်းသားများ မဟာမိတ်အဖွဲ့ (UNA) ၏ အဖွဲ့ဝင်ဖြစ်သည်။ အဆိုပါ ယူအင်အေအဖွဲ့က ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား တရားမဝင်သော၊ လက်ခံနိုင်ဘွယ်မရှိသော အခြေခံဥပဒေတစ်ရပ်အဖြစ် သဘောထားကာ အသိအမှတ်မပြုခဲ့ပါ။[၅၃]

---

၄၈။ မြန်မာအတိုက်အခံတို့က ဆန္ဒခံယူပွဲလွတ်လပ်မှုရှိရန်တောင်းဆို " မဇ္ဈိမအသင်း ၂၀၀၈၊ ဖေဖေါ်ဝါရီလ (၂၁)ရက်

၄၉။ " ကြိုးတန်းလမ်းလျှောက်ခြင်း " မြန်မာအတိုက်အခံအုပ်စု ဖွဲ့စည်းပုံအခြေခံဥပဒေကိုထောက်ခံ " ဂျိမ်းထောက်လှမ်းရေးရီဗျူး ၂၀၀၈၊ ဇွန် (၁၃)ရက်

၅၀။ " ဆန္ဒခံယူပွဲတွင် ကေအိုင်အိုတို့ကြားမနေတော့ " ကချင်သတင်းပြန်ကြားရေးအဖွဲ့ ၂၀၀၈ခုနှစ်၊ မေလ (၉)ရက်

၅၁။ အဆိုပါကိန်းဂဏန်းတွင် မဲစုစုပေါင်း၏ ၆%ဖြစ်သော ကြိုတင်မဲ ၃၅၈၀မပါဝင်ပါ။ ၎င်းအတွက်မဲရလဒ်ကိုလည်း မသိရှိရပါ။

၅၂။ " ယူအင်အေ (UNA) ကဆန္ဒခံယူပွဲတွင် မိမိတို့ဆန္ဒကို ဖေါ်ထုတ်ဖွင့်ဟကြရန်၊ ပြည်သူလုထုအားတိုက်တွန်း " ကချင်သတင်း ပြန်ကြားရေး အဖွဲ့ ၂၀၀၈ခုနှစ်၊ ဧပြီလ (၃၀)ရက်

၅၃။ " စစ်မှန်သောဒီမိုကရေစီအတွက် " ဆန့်ကျင်မဲ " ပေးကြပါရန် ရှမ်းပါတီတိုက်တွန်း " ဒီမိုကရက်တစ် မြန်မာ့အသံ၊ ၂၀၀၈ခုနှစ်၊ ဧပြီလ၊ (၂၁)ရက်

## နိဂုံး

၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲသည် အတုအယောင် သက်သက်သာ ဖြစ်ကြောင်း ယခုအစီရင်ခံစာက အထောက်အထားတစ်ရပ်အနေဖြင့် မှတ်တမ်းတင်ဖော်ပြထားခြင်းဖြစ်သည်။ ဤဆန္ဒခံယူပွဲတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အုပ်ချုပ်ရန် ပြည်သူလူထု၏ သဘောတူညီချက်ကို သမာသမတ်ရှိစွာ အဆုံးအဖြတ်ခံယူရန် အာဏာပိုင်တို့အနေဖြင့် ကြိုးပမ်းအားထုတ်ခြင်းမရှိခဲ့ကြောင်း ပေါ်လွင်ထင်ရှားခဲ့သည်။ ဤသို့ဆောင်ရွက်ရမည့်အစား နေပြည်တော်ရှိ ထိပ်ပိုင်းစစ်ဘက်အာဏာပိုင်တို့ အနေဖြင့် နိုင်ငံတော်အဆင့်မှသည် ရပ်ကွက်ကျေးရွာအဆင့်ထိသော အစိုးရအာဏာပိုင်အဆင့်ဆင့်တို့အား ကြံဖွံ့အသင်းဝင်များနှင့်အတူလက်တွဲလျက် ကချင်ပြည်နယ်အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း သေချာပေါက်အတည်ပြုသွားနိုင်ရေးကိုသာ စီစဉ်ညွှန်ကြားဆောင်ရွက်ခဲ့ကြသည်။ လွတ်လပ်ပြီး တရားမျှတသည့် ဆန္ဒခံယူပွဲတစ်ရပ်တွင် အနိမ့်ဆုံးလိုက်နာကျင့်သုံးရမည့် စံသတ်မှတ်ချက်တိုင်းကို ကမ်းကုန်အောင် ချိုးဖောက်ခဲ့မှုများနှင့် နေရာအနှံ့ကျူးလွန်ခဲ့သည့် လိမ်လည်လှည့်ဖြားမှုများက အဆိုပါဆန္ဒခံယူပွဲလုပ်ငန်းစဉ် တစ်ခုလုံးအား စွန်းထင်းညစ်ထေးစေခဲ့သည်။ အဆိုပါ ဆန္ဒခံယူပွဲတွင် နအဖအစိုးရသည် ၎င်းတို့ကိုယ်တိုင် ထုတ်ပြန်ခဲ့သည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးဥပဒေပြဋ္ဌာန်းချက်များကိုလည်း ၎င်းတို့ကိုယ်တိုင်ပင် သိသိသာသာ ပေါ်ပေါ်ထင်ထင်ချိုးဖောက်ခဲ့ ကြသည်။

အဆိုပါအချိုးဖောက်မှုများအား နေရာအနှံ့အပြား စနစ်တကျကျူးလွန်မှုများက ပြည်သူလူထု၏ ဆန္ဒအပေါ် အစိုးရ၏ မထီမဲ့မြင်ပြုမှုအား ပေါ်လွင်ထင်ရှားစွာထုတ်ဖော်ပြသခဲ့ခြင်းဖြစ်သည်။ ၂၀၀၈ခုနှစ်၊ မေလ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ နိုင်ငံသားတို့၏ အုပ်ချုပ်မှုဆိုင်ရာသဘောတူညီချက်အား တရားဥပဒေနှင့်အညီ ရယူကျင်းပခြင်းမျိုးမဟုတ်ဘဲ ပြည်သူလူထု ၏ ဆန္ဒသဘောထားကို လျစ်လျူရှုလျှက် မိမိတို့၏ စိုးမိုးအုပ်ချုပ်မှု တည်တံ့ခိုင်မြဲရေးတည်းဟူသော စစ်အစိုးရ၏ သန္နိဋ္ဌာန်ကိုသာ ထင်ဟပ်ပေါ်လွင်စေခဲ့ခြင်းဖြစ်သည်။ "ဒီမိုကရေစီပေါ်ထွန်းရေးလမ်းပြမြေပုံ" **၏'စတုတ္ထအဆင့်' အဖြစ်ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပခဲ့ပုံက "စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ" ၏** သရုပ်သကန်ကို ဖော်ထုတ်ပြသလိုက်ခြင်းပင်ဖြစ်ပါသည်။ အတိုချုပ်အားဖြင့် အဆိုပါစာသားများမှာ ဒီမိုကရေစီစကားလုံးများကို သံယောင်လိုက်ခြင်းသာဖြစ်ပြီး အနှစ်သာရအားဖြင့် ဗလာနတ္ထိပင် ဖြစ်ပါသည်။ ဒီမိုကရေစီသို့ မရောက်နိုင်သော လမ်းမှားများသာဖြစ်ပါသည်။ ဤသို့ ဤနှယ် လျှောက်လှမ်းခဲ့ပြီးဖြစ်သည့် လမ်းကြောင်းများကို ကြည့်ခြင်းအားဖြင့် ၂၀၁၀ရွေးကောက်ပွဲသည် အာဏာရှင်အုပ်စိုးမှုကို ပိုမိုတည်တံ့ခိုင်မြဲစေမည်သာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေပါသည်။

ဤစာတမ်းတွင် အသေးစိတ် ရှင်းလင်းဖော်ပြခဲ့သည့် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲတစ်ရပ်အတွက် ရှိသင့် ရှိထိုက်သည့် အခွင့်အရေးအားလုံးမှာ ၂၀၁၀ ရွေးကောက်ပွဲအတွက်လည်း ထပ်တူထပ်မျှပင်ဖြစ်ပါသည်။ ယခုအစီရင်ခံစာတွင် အထောက်အထားများနှင့် ဖော်ပြခဲ့သည့် ကျူးလွန်ချိုးဖောက်မှုအများစုမှာ ၂၀၁၀ရွေးကောက်ပွဲတွင်လည်း ထပ်မံပေါ်ပေါက်လိမ့်ဦးမည်ဟု မျှော်လင့်ရပါသည်။ ဒီမိုကရေစီပေါ်ထွန်းရေးလမ်းပြမြေပုံသည် စစ်အာဏာရှင်ပေါ်ထွန်းရေးလမ်းပြမြေပုံသာဖြစ်သည်။ အောက်ပါအချက်များကို လိုက်နာမည်ဆိုပါက နိုင်ငံသားများသည် စစ်မှန်သော ဒီမိုကရေစီသို့ သွားရောက်ရာလမ်းမှန်သို့ ဦးတည်နေမည်ဖြစ်သည်။

၁။ လူတစ်ဦးချင်း၏ အခြေခံလူ့အခွင့်အရေးများကို အလေးဂရုပြုရပါမည်။

၂။ အဆိုပါအခွင့်အရေးများကို အခြားသူများသိရှိအောင်လည်းပြုလုပ်ရပါမည်။

၃။ အဆိုပါအခွင့်အရေးများကို လေးစားလိုက်နာစေရန်တောင်းဆိုရပါမည်။

၄။ အဆိုပါအခွင့်အရေးများကို လေးစားလိုက်နာစေရေးအတွက် စုပေါင်းတောင်းဆိုနိုင်ရန်စည်းရုံးစုစည်းရပါမည်။

၅။ အဖွဲ့အစည်းခေါင်းဆောင်များသည် အဆိုပါအခွင့်အရေးများအပေါ် တာဝန်ခံမှုရှိရပါမည်။

၆။ နိုင်ငံရေးခေါင်းဆောင်များသည် အဆိုပါအခွင့်အရေးများအပေါ်တာဝန်ခံမှု ရှိရပါမည်။

၇။ အစိုးရအာဏာပိုင်များသည် အဆိုပါအခွင့်အရေးများအပေါ် တာဝန်ခံမှု ရှိရပါမည်။

အာဏာရှင်အစိုးရများသည် ဒီမိုကရေစီကို လက်ဆောင်တစ်ခုသဖွယ် ပြည်သူလူထုအား ပေးအပ်ရိုးထုံးစံမရှိပါ။ အကယ်၍ တာဝန်ခံမှုလည်းရှိပြီး မိမိတို့ကို ကိုယ်စားလည်းပြုနိုင်သော အစိုးရတစ်ရပ်၏ အုပ်ချုပ်မှုကိုသာ မြန်မာပြည်သူထုက ခံယူလိုသည်ဆိုပါက ဤရည်မှန်းချက်ဆန္ဒကို မိမိတို့ ရင်ထဲအသည်းထဲတွင် စွဲစွဲမြဲမြဲ ခံယူထားရမည်ဖြစ်ပြီး မိမိတို့ကိုယ်တိုင် ကိုယ်ကျလည်း ပါဝင်ဆောင်ရွက်ကြရမည်သာတည်း။ ။

# နောက်ဆက်တွဲများ

## နောက်ဆက်တွဲ (၁)

### ၁၉၉၀ရွေးကောက်ပွဲရလဒ်များ

| ပါတီ | ရရှိသည့် မဲအရေအတွက် | ရရှိသည့် မဲရာခိုင်နှုန်း | အနိုင်ရသော မဲဆန္ဒနယ် |
|---|---|---|---|
| အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၉၄၃၆၂၂ | ၅၈. ၇% | ၃၉၂ |
| ရှမ်းတိုင်းရင်းသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၂၂၈၂၁ | ၁. ၇% | ၂၃ |
| ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် | ၁၆၀၇၈၃ | ၁. ၂% | ၁၁ |
| တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၈၀၅၅၅၉ | ၂၁. ၂% | ၁၀ |
| မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၃၈၅၇၂ | ၁. ၀% | ၅ |
| အမျိုးသားလူ့အခွင့်အရေးဒီမိုကရေစီအဖွဲ့ချုပ် | ၁၂၈၁၂၉ | ၁. ၀% | ၄ |
| ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၁၁၈၇ | ၀. ၄% | ၃ |
| ကချင်ပြည်နယ်အမျိုးသားဒီမိုကရေစီကွန်ကရက် | ၁၃၉၉၄ | ၀. ၁% | ၃ |
| အမျိုးသားဒီမိုကရေစီပါတီ | ၇၂၆၇၂ | ၀. ၅% | ၃ |
| ပြည်ထောင်စုပအို့အမျိုးသားများအဖွဲ့ချုပ် | ၃၅၃၈၉ | ၀. ၃% | ၃ |
| ကယန်းအမျိုးသားစည်းလုံးညီညွတ်ရေးဒီမိုကရေစီအဖွဲ့ | ၁၆၅၅၃ | ၀. ၁% | ၂ |
| ကယားပြည်နယ်လူမျိုးပေါင်းစုံဒီမိုကရေစီအဖွဲ့ချုပ် | ၁၁၆၆၄ | ၀. ၁% | ၂ |
| နာဂတောင်တန်းဒေသတိုးတက်ရေးပါတီ | ၁၀၆၁၂ | ၀. ၁% | ၂ |
| တအာန်း(ပလောင်)အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ် | ၁၆၅၅၃ | ၀. ၁% | ၂ |
| ဇိုမီးအမျိုးသားကွန်ကရက် | ၁၈၆၃၅ | ၀. ၁% | ၂ |
| အခြားပါတီငယ်များနှင့်တစ်သီးပုဂ္ဂလများ | ၁၆၀၆၈၅၈ | ၁၂. ၁% | ၁၈ |
| **စုစုပေါင်း** | **၁၂၂၅၃၆၀၆** | **၁၀၀. ၀%** | **၄၈၅** |

## နောက်ဆက်တွဲ (၂)

## အမျိုးသားညီလာခံသို့တက်ရောက်ခဲ့သည့် ကချင်ပြည်နယ်ကိုယ်စားလှယ်များ (၂၀၀၄)
## ( အပြောင်းအလဲရှိ )

### (က) တိုင်းရင်းသားကိုယ်စားလှယ်များ

| | | |
|---|---|---|
| ၁။ | ဆရာကေဆမ်အောန် | တနိုင်းမြို့နယ် |
| ၂။ | ဦးကျော်ဝင်း | မိုးမောက်မြို့နယ် |
| ၃။ | ဦးခင်မောင်လ | မြစ်ကြီးနား |
| ၄။ | ဒေါ်ခေါင်နန်း | မြစ်ကြီးနား |
| ၅။ | ဦးချောပါပူ | ပူတာအို |
| ၆။ | ဦးဂျီခေါယိန်း | ချီဖွေမြို့နယ် |
| ၇။ | ဦးဂျီဖုံဆားရ် | နောက်မွန်မြို့နယ် |
| ၈။ | ဦးဂွန် | မြစ်ကြီးနား |
| ၉။ | ဦးစောနွဲ့ထွန်း | မိုးကောင်း |
| ၁၀။ | ဦးစောနွဲ့တိုက်ရွှေ | ပူတာအို |
| ၁၁။ | ဦးစိုးနိုင် | တနိုင်းမြို့နယ် |
| ၁၂။ | ဦးစိုးနွယ် | မိုးကောင်း |
| ၁၃။ | ဦးစိုးသိန်း | မြစ်ကြီးနား |
| ၁၄။ | ဦးစိုင်းမြင့်ကျော် | ဖားကန့်မြို့နယ် |
| ၁၅။ | ဦးစိုင်းရီကျန် | မြစ်ကြီးနား |
| ၁၆။ | ဆရာမဆိုင်းခေါန် | ကာမိုင်း၊ ဖားကန့်မြို့နယ် |
| ၁၇။ | ဦးဇော်ဝင်း | မိုးညှင်း |
| ၁၈။ | ဦးညီလေး | ဟိုပင်၊ မိုးညှင်းမြို့နယ် |
| ၁၉။ | ဦးညိုမြင်းထွန်း | ရွှေကူ |
| ၂၀။ | ဦးတင်နွယ် | ဗန်းမော် |
| ၂၁။ | ဦးတင့်ဆွေ | မြစ်ကြီးနား |
| ၂၂။ | ဦးထွန်းထွန်း | မြစ်ကြီးနား |
| ၂၃။ | ဦးထွန်းဖေ | မြစ်ကြီးနား |
| ၂၄။ | ဦးဖေတန် | ဗန်းမော် |
| ၂၅။ | ဦးဖုံရိမင် | ပူတာအို |
| ၂၆။ | ဦးဘီထောဇောင်း | ချီဖွေမြို့နယ် |
| ၂၇။ | ဦးမင်းကြည် | ဝိုင်းမော် |
| ၂၈။ | ဦးမုန်းပေါန်နော် | ဆွမ်ပရာဘွမ် |
| ၂၉။ | ဦးယောဟန် | မိုးမောက် |
| ၃၀။ | ဒေါက်တာ ရီရီသိန်း | မိုးကောင်း |
| ၃၁။ | ဒေါ်ရှုဒေါင်ခေါန်တောင် | မြစ်ကြီးနား |
| ၃၂။ | ဦးလဇတ်လွန်းခေါင် | မြစ်ကြီးနား |
| ၃၃။ | ဦးလီယဲ့ဂျာ | ပူတာအို |
| ၃၄။ | မစ္စတာ ဝါဒမ်ခုံဒီဇီ | မြစ်ကြီးနား |
| ၃၅။ | ဦးဝါယဲ့ဂျာ | ပူတာအို |
| ၃၆။ | ဦးသိန်းအောင် | ဟိုပင် |
| ၃၇။ | ဦးအင်ဖွန်တူးဂျာ | မချန်းဘော |
| ၃၈။ | ဦးအင်ဖွန်တန် | ပူတာအို |
| ၃၉။ | ဒေါ်အင်ဘရန်ဒွဲဘူ | မြစ်ကြီးနား |
| ၄၀။ | ဦးအင်နော်နော် | မန်စီမြို့နယ် |
| ၄၁။ | ဦးဆန်ဒေါင်းဒီး | ပူတာအို |
| | | (လယ်သမား ကိုယ်စားလှယ်) |
| ၄၂။ | ဦးရီမန်း | ဗန်းမော် |
| ၄၃။ | ဦးရှောင်ဝါဒေါင်လွမ်း | ဝိုင်းမော် |
| ၄၄။ | ဦးမရန်တန်ဂွန်း | ဝိုင်းမော် |
| | | (အလုပ်သမား ကိုယ်စားလှယ်) |

**(ခ) အပစ်အခတ်ရပ်စဲရေးအဖွဲ့များမှ ကိုယ်စားလှယ်များ (၂၀၀၄)**

| | | |
|---|---|---|
| ၁။ | ဦး ချန်းလန်း | ကချင်အထူးဒေသ - ၁ ( အင်ဒီအေကေ ) |
| ၂။ | ဦး နဘုတ်ထောခေါင် | ကချင်အထူးဒေသ - ၁ |
| ၃။ | ဦး မန်ရှန်တိန့်ဆောင် | ကချင်အထူးဒေသ - ၁ |
| ၄။ | ဦး ရခွီဖုန် | ကချင်အထူးဒေသ - ၁ |
| ၅။ | ဦး လယောက်ဇယ်လွမ်း | ကချင်အထူးဒေသ - ၁ |
| ၆။ | ဦး ဆွမ်လွတ်ဂွန်မော် | ကချင်အထူးဒေသ - ၂ ( ကေအိုင်အို ) |
| ၇။ | ဒေါက်တာ မနမ်တူးဂျာ | ကချင်အထူးဒေသ - ၂ |
| ၈။ | ဦး လဖိုင်ဇော်ရော် | ကချင်အထူးဒေသ - ၂ |
| ၉။ | ဦး လဖိုင်လ | ကချင်အထူးဒေသ - ၂ |
| ၁၀။ | ဦး ဝေါချုံးဆင်ဝါး | ကချင်အထူးဒေသ - ၂ |
| ၁၁။ | ဦး ဂူရ | အထူးဒေသ - ၅ ( ကေဒီအေ ) |
| ၁၂။ | ဦး ဇော်တောင် | အထူးဒေသ - ၅ |
| ၁၃။ | ဦး တူးနန် | အထူးဒေသ - ၅ |
| ၁၄။ | ဦး ဒဘမ်နုပ်လဲ့ | အထူးဒေသ - ၅ |
| ၁၅။ | ဦး မထုနော် | အထူးဒေသ - ၅ |

## နောက်ဆက်တွဲ (၃)

# အမျိုးသားညီလာခံသို့တင်ပြခဲ့သည့် ငြိမ်းချမ်းရေးအဖွဲ့ (၁၃) ဖွဲ့၏ တင်ပြချက်

---

### နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးနှင့် ပတ်သက်သည့် အာဏာခွဲဝေရေးအပိုင်းနှင့် စပ်လျဉ်း၍ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့တွင်ပါဝင်သော ငြိမ်းချမ်းရေးအဖွဲ့(၁၃)ဖွဲ့တို့၏ အကြံပြုချက်စာတမ်း

လေးစားအပ်ပါသော သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်တော်များခင်ဗျား–

ကိုယ်စားလှယ်တော်များအားလုံး စိတ်နှလုံးကြည်သာပြီး ကျန်းမာချမ်းသာစေကြောင်း ဦးစွာဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

သဘာပတိကြီးခင်ဗျား–

တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ရေရှည်တည်တံ့ ခိုင်မြဲရန် မရှိမဖြစ်လိုအပ်နေသော ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူ များနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ၂၀၀၄–ခုနှစ်၊ မေလ(၁၇)ရက်နေ့မှ (၂၁)ရက်အထိ ရှင်းလင်းပြောကြားခဲ့ပါသည်။

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်တွင် ဥပဒေပြုရေးစာရင်းလျာထားချက် များကို ကဏ္ဍ(၁၁)ခု ခွဲခြားပြီး ရှင်းလင်းတင်ပြခဲ့ပါသည်။ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ရှင်းလင်းတင်ပြချက်များသည် အလွန်ကျိုးကြောင်းဆီလျော်ပြည့်စုံလှပါသည်။ ကျွန်တော်တို့ သဘောတူပြီးဖြစ်သော အကြောင်းအချက်များကို ထပ်မံမဖော်ပြတော့ပါ။ ကျွန်တော်တို့ ဉာဏ်မီသ၍အကြံပြုလိုသော အချက်များကိုသာသက်ဆိုင်ရာ ခေါင်းစဉ်အလိုက်၊ ကဏ္ဍအလိုက် ထိုစာတမ်းတွင်ဖော်ပြသွားမှာဖြစ်ပါသည်။

သဘာပတိကြီးခင်ဗျား–

ဥပဒေပြုအာဏာခွဲဝေကျင့်သုံးတဲ့နေရာမှာ ပြည်ထောင်စုအဆင့်ဥပဒေပြုစာရင်းနှင့် အောက်ခြေများအဆင့် (တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသ) ဥပဒေပြုစာရင်းဟူ၍ နှစ်မျိုးသာထားရှိသည်ကို လေ့လာသုံးသပ်ရပါသည်။ မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုပေါင်းစုံဖြင့် ဖွဲ့စည်း တည်ထောင်ထားသော ပြည်ထောင်စုကြီးဖြစ်သည်နှင့်အညီ အချို့ကဏ္ဍရပ်များတွင်ဒေသနှင့်လူမျိုးစု များ၏ထူး ခြားသော ဝိသေသ အခြေအနေအရ ပြည်ထောင်စုဥပဒေစာရင်း၌ ဖော်ပြသကဲ့သို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်လည်း ထပ်ဆင့်ဖော်ပြထားမှသာ ပိုမိုပြည့်စုံလုံလောက်မည့် အခြေအနေတွေ့ရှိရပါသသည်။ ဒါကြောင့် ဥပဒေပြုစနစ်ကျင့်သုံးရာတွင် ထပ်တူဥပဒေပြုစာရင်းထားရှိသင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

ဥပဒေပြုစာရင်းလျာထားချက်ကဏ္ဍ(၁၁)ခုနှင့် ပတ်သက်လို့ တိုင်းရင်းသားလူမျိုးစုများဖြင့်ဖွဲ့စည်းတည် ထောင်ထားသောပြည်ထောင်စုကြီးဖြစ်သည်နှင့်အညီ ဥပဒေပြုစာရင်းကဏ္ဍတွင် “တိုင်းရင်းသားလူမျိုးစုများကဏ္ဍ” ဟု သီးခြားကဏ္ဍသစ်တစ်ခုထပ်တိုးဖြည့်စွက်ပေးပြီး တိုင်းရင်းသားလူမျိုးစုများ၏ အရေးအရာများကိုဥပဒေပြုပြဋ္ဌာန်း ပိုင်ခွင့်အာဏာအား သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သို့ ခွဲဝေအပ်နှင်းသင့်ကြောင်း အကြံပြု တင်ပြအပ်ပါသည်။

သဘာပတိကြီးခင်ဗျာ–

ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍတွင် အသေးစိတ်အခြေခံရမည့်မူ(၇)ချက် ချမှတ်ထားပြီး ဥပဒေပြုအာဏာ ကို ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းသင့်ကြောင်းအကြံပြုထားခြင်းကို တွေ့မြင်ရပါတယ်။ နောင်အခါနိုင်ငံတော် ၏ နယ်မြေအစိတ်အပိုင်း ကာကွယ်ရေးကဏ္ဍတွင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင်လည်း တာဝန်ရှိလာပြီဖြစ်သည်နှင့်အညီ ပြည်ထောင်စုဥပဒေစာရင်း၌ပါရှိသော အသေးစိတ်အခြေခံရမည့်မူ အမှတ်စဉ်(၁) အား ပြည်ထောင်စုဥပဒေပြုစာရင်း၏အသေးစိတ်အခြေခံရမည့်မူ ချမှတ်သကဲ့သို့တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဥပဒေစာရင်းတွင်လည်း အသေးစိတ်အခြေခံရမည့် မူအဖြစ်ဖြည့်စွက်ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ် ပါသည်။

အမှတ်စဉ်(၄) အဏ္ဏဝါမြေစွမ်းအင်၊ အဏ္ဏဝါမြေလောင်စာ၊ အဏ္ဏဝါမြေရောင်ခြည်နှင့် ယင်းတို့ကိုဖြစ်ထွန်းစေသော ဓာတ်သတ္တုပြင်ယင်းအခြေအမြစ်များဟူသော အခြေခံမူအား ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍတွင် ထည့်သွင်းထား ခြင်း မသင့်လျော်ဟုယူဆမိပါတယ်။ ယနေ့ကမ္ဘာတွင် အဏ္ဏဝါမြေလက်နက်အား ဆန့်ကျင်နေသည့်အချိန်ဖြစ်သည်နှင့် အညီ အဏ္ဏဝါမြေစွမ်းအင်ကဏ္ဍကို ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍ၌ ထည့်သွင်းဖော်ပြခြင်းအားဖြင့် နိုင်ငံတကာမှ ပြင်ငင်လာနိုင်ပါတယ်။ ဒါကြောင့် ဤအခြေအနေမူအား ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍ၌ မထည့်သွင်းဘဲ၊ စွမ်းအင်၊ လျှပ်စစ် သတ္တုနှင့်သစ်တောကဏ္ဍတွင် ပြင်ဆင်ပြောင်းလဲထည့်သင့်ကြောင်းအကြံပြုအင်ပါသည်။

ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍအောက်မှ အသေးစိတ်အခြေခံရမည့်မူအမှတ်စဉ်(၇)မှ ရဲတပ်ဖွဲ့အားသက်ဆိုင် ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏အသေးစိတ်အခြေခံရမည့်မူတွင်လည်း ဖြည့်စွက်ထည့်သွင်းသင့်ကြောင်း အကြံပြုပါတယ်။ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာ အကြောင်းကိစရပ်ဖြစ်သည့်ဒေသလုံခြုံရေးတပ်ဖွဲ့နှင့် ပြည်သူ့စစ်ကို ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍ၏ အသေးစိတ်အခြေခံရမည့်မူအဖြစ်ထပ်မံ ဖြည့်စွက်ဖော်ပြပြီး ၄င်းအခြေခံမူအား တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်များ၏ ဥပဒေပြုစာရင်းတွင်လည်း အသေးစိတ်အခြေခံရမည့် အဖြစ် ချမှတ်သင့်ကြောင်း အခြေခံပြုအပ်ပါသည်။

သဘာပတိကြီးခင်ဗျား–

ဆက်လက်ပြီး နိုင်ငံခြားရေးကဏ္ဍနှင့်ပတ်သက်၍ တင်ပြသွားပါမည်။

နိုင်ငံခြားရေးကဏ္ဍမှ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြထားသော အသေးစိတ်အခြေခံရမည့်မူ(၇) ချက်သည် သင့်လျော်မှန်ကန်ပါတယ်။ ဒါပေမယ့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတော်များများသည် အိမ်နီးချင်းနိုင်ငံများနှင့် ထိစပ်နေကြသဖြင့် ကူးသန်းရောင်းဝယ်ရေးက အဓိကအထောက်အကူပြုနေပါတယ်။ ဒါကြောင့် နိုင်ငံခြားရေးကဏ္ဍတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအားလည်း ဥပဒေပြုအာဏာခွဲဝေပေးပြီး (က) နယ်စပ်ဖြတ်သန်းသွားလာခွင့် (**Border Pass** )၊ (ခ) လူမှုဆက်ဆံရေးကိစ္စရပ်များ၊ (ဂ) ကူးသန်းရောင်းဝယ်ရေးကိစ္စရပ်များဟူသော အသေးစိတ်အခြေခံမည့်မူ ချမှတ်ဖြည့်စွက်သင့်ကြောင်းအကြံပြုအပ်ပါသည်။

ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍကို လေ့လာကြည့်သည့်အခါ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် အသေးစိတ် အခြခံရမည့်မူ (၂၅) ချက်တွေ့ရှိရပါတယ်။ ဤ(၂၅)ချက်အနက်အချို့အချက်အလက်များတွင် ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေ ခံရမည့်မူအဖြစ် ချမှတ်သင့်ပြီး၊ အချို့အချက်အလက်များသည် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ချမှတ်သည့်နည်း တူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း၏ အသေးစိတ်အခြေခံရမည့်မူချမှတ်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဒါကြောင့်

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာလုပ်ငန်းနှင့် ငွေရေးကြေးရေးအဖွဲ့အစည်း၊

(ခ) တိုင်းရင်းသားလူမျိုးများမှတ်တမ်းနှင့်မော်ကွန်း၊

(ဂ) ကုန်သွယ်ရေးလုပ်ငန်းခွန်၊

(ဃ) အကောက်ခွန်၊

(င) အောင်ဘာလေထီ၊

(စ) အခွန်အယူခံခြင်း၊

(ဆ) စာရင်းစစ်တမ်းကောက်ယူခြင်း၊

(ဇ) စာရင်းစစ် စသည့်အသေးစိတ်အခြေခံမည့်မူများကို၊ ပြည်ထောင်စုဥပဒေပြုစာရင်း၌ ချမှတ်ထား

သကဲ့သို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်လည်း အသေးစိတ်အခြေခံရမည့်မူများအဖြစ် ထပ်မံဖြည့်စွက်ချမှတ်သင့်ကြောင်းအကြံပြုအပ်ပါသည်။

သဘာပတိကြီးခင်ဗျား–

ဆက်လက်ပြီးစီးပွားရေးကဏ္ဍအတွက် ပြင်ဆင်ချမှတ်သင့်တဲ့အချက်များကို တင်ပြသွားပါမယ်

ဒီကဏ္ဍမှာ ပြည်ထောင်စုဥပဒေပြုစာရင်း အသေးစိတ်အခြေခံရမည့်မူ(၇)ချက်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမည့်မူ(၃)ချက် ချမှတ်ထားတာတွေ့ရှိရပါတယ်။

ပြည်ထောင်စုဥပဒေပြုစာရင်းရဲ့ အသေးစိတ်အခြေခံရမည့်မူများမှ အမှတ်စဉ်(၆) ဟိုတယ်နှင့် တည်းခိုခန်း၊ အမှတ်စဉ်(၇)ခရီးသွားလာရေးလုပ်ငန်းများကို တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်များသို့ စီမံခန့်ခွဲဥပဒေပြုခွင့်ပေး သင့်ပါတယ်။ ဒါကြောင့် ၄င်းအခြေခံမူ(၂)ရပ်အား ပြည်ထောင်စုဥပဒေပြုစာရင်း၌ ထားရှိသကဲ့သို့ တိုင်းဒေသကြီး သို့မဟုတ်

ပြည်နယ်ဥပဒေပြုစာရင်း၏ အသေးစိတ်အခြေခံရမည့်မူများအဖြစ် ဖြည့်စွက်ချမှတ်သင့်ကြောင်း အကြံ ပြုအပ်ပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသည် အိမ်နီးချင်းနိုင်ငံများနှင့်ထိစပ်နေကြသဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များဥပဒေပြုစာရင်းတွင် "နယ်စပ်ကုန်သွယ်ရေး" ဟူသောအခြေခံမူ တစ်ရပ်ဖြည့်စွက်ချမှတ်သင့်ကြောင်းအကြံပြုအပ်ပါတယ်။

တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်ဥပဒေပြုစာရင်းတွင်ဖေါ်ပြထားသော အသေးစိတ်အခြေခံရမည့်မူအမှတ်စဉ် (၁)၊ (၂)၊ (၃)တို့၌ သုံးနှုန်းထားသော "ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ" ဟူသောစကားရပ်အစား "နိုင်ငံတော်၏စီးပွားရေးမူဝါဒနှင့်အညီ" ဟူသောစကားရပ်ဖြင့် အစားထိုးသုံးနှုန်းသင့်ကြောင်း အကြံပြုအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍတွင် ပြည်ထောင်စုဥပဒေပြုစာရင်း အသေးစိတ်အခြေခံရမည့်မူ(၁၁)ချက် ချမှတ်ပြီး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် အခြေခံရမည့်မူ(၇)ချက်ချမှတ် ထားတာတွေ့ ရပါတယ်။

နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်သည် "စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး" ဟူသောမူဖြစ်သည်နှင့်အညီ မိမိနိုင်ငံရဲ့ ပကတိအခြေအနေဟာ လည်း စိုက်ပျိုးရေးအပေါ် အခြေခံအားကိုးအားထားပြုနေရသော ကာလဖြစ်ပါတယ်။ စိုက်ပျိုးရေးရဲ့အရင်းအမြစ် သည်မြေယာဖြစ်ပါတယ်။ ဒါကြောင့်သက်ဆိုင်ရာ တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်များအား မြေယာများကို စီမံခန့်ခွဲပိုင်ခွင့်၊ စိုက်ပျိုးရေးအထောက်အကူပြု ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးထုတ်လုပ်သုံးစွဲခွင့်၊ စိုက်ပျိုးရေးသု တေသနပြုခွင့်စသည့် လုပ်ငန်းများကို စီမံခန့်ခွဲလုပ်ကိုင် စေခြင်းသည် နိုင်ငံ၏စိုက်ပျိုးရေးကဏ္ဍ၌ လက်တွေ့ကျကျ တရိုန်ထိုး တိုးတက်လာနိုင်စေမှာဖြစ်ပါတယ်။ အချို့တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသည် ပင်လယ်နှင့် ထိစပ်နေကြပါတယ်။ ထိုကဲ့သို့သောတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် ပင်လယ်ငါးဖမ်းလုပ်ငန်း သည် အဓိကလုပ်ငန်းရပ် ဖြစ်ပါတယ်။ လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်များ၏ ဒေသဖွံ့ဖြိုးရေး သာမက၊ နိုင်ငံတော်၏ သပြေးညီဖွံ့ဖြိုးတိုးတက်ရေးမူကို ထိရောက်အောင်မြင်စေမှာ ဖြစ်ပါတယ်။

ဒါကြောင့် ပြည်ထောင်စုဥပဒေပြုစာရင်း၌ ဖေါ်ပြထားသော အသေးစိတ်အခြေခံရမည့်မူများမှ–

| | | |
|---|---|---|
| အမှတ်စဉ် | (၁) | မြေယာစီမံခန့်ခွဲမှု၊ |
| | (၂) | မြေလွတ်၊ မြေလပ်၊ မြေရိုင်းများဖေါ်ထုတ်ခြင်း၊ |
| | (၃) | ကြေးတိုင်နှင့် မြေစာရင်း၊ |
| | (၈) | စက်မှုလယ်ယာ၊ |
| | (၉) | စိုက်ပျိုးရေးသုတေသန၊ |
| | (၁၀) | ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးထုတ်လုပ်ရေး၊ |
| | (၁၁) | ပင်လယ်ငါးလုပ်ငန်း၊ |

ဟူသောမူများအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်လည်းအသေးစိတ် အခြေခံရမည့်မူ အဖြစ် ထည့်သွင်းဖြည့်စွက် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါတယ်။

ဒါအပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍပါ ဥပဒေပြုစာရင်း၌ ဖေါ်ပြသင့်သည့်အသးစိတ်အခြေခံရမည့် မူအမှတ်စဉ်(၇)ကိုလည်း "တရိစ္ဆာန်မွေးမြူရေး၊ ရောဂါကာကွယ်ရေး ကုသရေးနှင့်စနစ်တကျထိန်းကျောင်းရေးကိုလည်း" ဟူသော အခြေခံမူ၌ "စားကျက်မြေသတ်မှတ်ရေး"ဟူသော စကားရပ်ထပ်မံဖြည့်စွက်သင့်ကြောင်း အကြံပြုအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဆက်လက်ပြီးစွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍကို ဆွေးနွေး အကြံပြုသွားပါမယ်။ သဘာဝ ဓါတ်ငွေ့ထုတ်ယူသုံးစွဲခွင့် အာဏာကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ခွဲဝေအပ်နှင်းခြင်းအားဖြင့်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှုကို တစ်တပ်တအားပံ့ပိုးနိုင်မှာဖြစ်ပါတယ်။

ဒါ့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရေအားလျှပ်စစ်ထုတ်ယူနိုင်သော သဘာဝရင်းမြစ်ပေါကြွယ် ဝပါတယ်။ တိုင်းဒေသကြီး နှင့်ပြည်နယ်တို့ ရေးအားလျှပ်စစ်ထုတ်ယူသုံးစွဲခွင့်အာဏာ ကျယ်ကျယ်ပြန့်ပြန့် ခွဲဝေအပ်နှင်းမည်ဆိုပါက နိုင်ငံတဝန်းလိုအပ်သော လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အထောက်အကူပြုနိုင်မှာ ဖြစ်ပါသည်။

သတ္တုတူးဖေါ်ခြင်း၊ ကျောက်မျက်တူးဖေါ်ခြင်း၊ သစ်တောထိန်းသိမ်းခြင်း၊ သဘာဝအပင်များ၊ တောရိုင်း တရိစ္ဆာန်များ

ထန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းဟူသော အချက်များသည်လည်း တစ်ခုနှင့်တစ်ခုဆက်စပ်နေကြ ပါတယ်။

သတ္တု၊ ကျောက်မျက်၊ သစ်တော၊ တောရိုင်းတရိစ္ဆာန်နှင့် သဘာဝအပင်များသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ပို၍ ပေါကြွယ်ကြပါတယ်။ သို့ဖြစ်၍ ဒီလုပ်ငန်းများကို လက်တွေ့ကျကျပို၍ နီးစပ်သည်မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်များသာဖြစ်ပါတယ်။ သစ်တောကြိုးဝိုင်းများ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏နယ်နိ မိတ်အရမရှိခြင်းမှာ ကြီးမားသော ပြဿနာမဟုတ်ပါ။ ဒါကြောင်းဒီလုပ်ငန်းများကို လုပ်ကိုရာတွင် သက်ဆိုက်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအား စီမံခန့်ခွဲခွင့်အာဏာအပြည့်အဝပေးပြီး အကောင်အထည်ဖော်စေခြင်းဟာ ထိရောက် အောင်မြင်ခြင်းရဲ့သော့ချက် ဖြစ်ပါတယ်။

ဒါကြောင့် ပြည်ထောင်စုဥပဒေပြုစာရင်း၌ ပါရှိသော အသေးစိတ်အခြေခံရမည့်မှုများမှာ–

အမှတ်စဉ်(၃)၊ သတ္တုများ၊ သတ္တုတွင်းများ၊ သတ္တုတွင်းအလုပ်သမားဘေးကင်းရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းရေး နှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေး၊

အမှတ်စဉ်(၄)၊ ကျောက်မျက်ရတနာ၊

အမှတ်စဉ်(၆)၊ သစ်တော၊

အမှတ်စဉ်(၇)၊ တောရိုင်းတရိစ္ဆာန်များ၊ သဘာဝအပင်များနှင့် သဘာဝနယ်မြေများအပါအဝင် ပတ်ဝန်းကျင်ကာကွယ်ရေးနှင့်ထိန်းသိမ်းရေး စသည့်အခြေခံမှုများကို တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်ဥပဒေပြုစာရင်း အသေးစိတ် အခြေခံရမည့်မှုများအဖြစ် ဖြည့်စွက်ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါတယ်။
ဒါအပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်ပါရှိတဲ့ အသေးစိတ်အခြေခံ ရမည့် မှုများမှာ–

အမှတ်စဉ်(၁) ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစား၊ အလတ်စားလျှပ်စစ်ဓါတ်အားထုတ်လုပ် ဖြန့်ဖြူး ရေးမှအပ ဟူသောစကားရပ်အစား–
ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓါတ်အားထုတ်လုပ်ဖြန့်ဖြူးရေးမှအပ ဟူသော စကားရပ်အဖြစ်၄င်း၊

မှတ်စဉ်(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်း ဟူသောစကားရပ်အစား
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွင်းကျောက်မျက်ရတနာများ ရှာဖွေတူးဖော်ခြင်း၊ ရောင်းချခြင်း၊ ဖြတ်တောက်ခြင်း၊ အချောကိုင်ခြင်း၊ ရတနာပြပွဲပြုလုပ်ခြင်း ဟူသောစကားရပ်ဖြစ်၄င်း၊

အမှတ်စဉ်(၄) မှ ကျေးရွာပိုင် ထင်းစိုက်ခင်းဟူသော စကားရပ်အစား
ကျေးရွာပိုင်ထင်းစိုက်ခင်း (အစုအဖွဲ့ပိုင်စိုက်ခင်း၊ ပုဂ္ဂလိကပိုင်စိုက်ခင်း) ဟူသောစကားရပ်ဖြင့်လည်း ကောင်း၊

အမှတ်စဉ်(၅) မှ အပန်းဖြေစခန်းများ၊ တရိစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ဟူသောစကားရပ်အစား–
အပန်းဖြေစခန်းများ၊ တရိစ္ဆာန်ဥယျာဉ်များ၊ ရုက္ခဗေဒဥယျာဉ်များ ပရဆေးပင်စိုက်ပျိုးခြင်းဟူသော စကားရပ်ဖြင့်လည်းကောင်း အသီးသီးပြင်ဆင်ဖြည့်စွက်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်း၏ အသေးစိတ်အခြေခံရမည့်မှုများအဖြစ် ချမှတ်သင့်ကြောင်းအကြံပြုအပ်ပါသည်။

ထို့အပြင် ပြည်ထောင်စုဥပဒေပြုစာရင်း၏ အသေးစိတ်အခြေခံရမည့်မှုအမှတ်စဉ်(၁)မှ ရေနံ၊ သဘာဝ ဓါတ်ငွေ့နှင့် ပြည်ထောင်စုဥပဒေအရ ဘေးအန္တရာယ်ဖြစ်စေလောက်အောင် လောင်ကျွမ်းစေတတ်သည်ဟု သတ်မှတ်ထားသော အခြားအရည်အခဲစသည်များဟူသော သတ်မှတ်ချက်များအနက်မှ သဘာဝဓါတ်ငွေ့ထုတ်လုပ်ရေးဟူသော အခြေခံမှုအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖြည့်စွက်သင့်ကြောင်း အကြံပြုအပ်ပါသည်။

သဘာပသိကြီးခင်ဗျား–

ဆက်လက်ပြီးစက်မှုကဏ္ဍကို အကြံပြု တင်ပြသွားပါမယ်။

ဒီကဏ္ဍရဲ့ ဥပဒေပြုအာဏာခွဲဝေကျင့်သုံးမှုမှာ ပြည်ထောင်စုက ဥပဒေပြုရာတွင် အသေးစိတ်အခြေခံရမည့် မှု(၅)ချက်ရှိပြီး၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များ၏ဥပဒေပြုစာရင်းတွင် (၂)ချက်ရှိကြောင်း လေ့လာတွေ့ရှိ ရပါတယ်။ ပြည်ထောင်စုဥပဒေပြုစာရင်း၏ အသေးစိတ်အခြေခံရမည့် မှုများဖြည့်စွက်ပြင်ဆင်ရန်မရှိကြောင်း အကြံပြုအပ်ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြထားတဲ့ အသေးစိတ်အခြေခံရမည့်မှုမှ အမှတ်စဉ် (၁)ကို လေ့လာသုံးသပ်ကြည့်ရာ "ပြည်ထောင်စုအဆင့်က ဆောင်ရွက်ရန်သတ်မှတ်ထားသည့် စက်မှုလုပ်ငန်းများ မှအပ" ဟူသော

စကားရပ်၏ အဓိပ္ပါယ်ဆိုလိုရင်းသည် တိကျမှုမရှိဟု ယူဆမိပါတယ်။ စက်မှုလုပ်ငန်းတွင် အကြီးစား၊ အလတ်စားနှင့် အသေးစား၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဟူ၍ ခွဲခြားခြင်းရှိမည်ဟု ယူဆမိပါတယ်။ မရှိပါကလည်း ရှိသင့်တယ်ဟု အကြံပြုအပ်ပါတယ်။ တကယ်လို့ ယင်းကဲ့သို့ ခွဲခြားထားခြင်းမရှိခဲ့လျှင် အလတ်စား စက်မှုလုပ်ငန်းများ လုပ်ပိုင်ခွင့်အာဏာကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ ခွဲဝေအပ်နှင်းသင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

နိုင်ငံနှင့်တစ်ဝန်း စက်မှုလုပ်ငန်းများအလျင်အမြန် အရှိန်အဟုန်နှင့် ဖွံ့ဖြိုးတိုးတက်လာစေရန် စက်မှုဇုန်နှင့် ပတ်သက်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ စီမံခန့်ခွဲပိုင်ခွင့်နှင့် အာဏာခွဲဝေအပ်နှင်းထားသင့်ကြောင်း အကြံပြုအပ်ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်

(က) အလတ်စားနှင့်အသေးစားစက်မှုလုပ်ငန်းများ၊

(ခ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ၊

(ဂ) စက်မှုဇုံများဟူ၍ အသေးစိတ်အခြေခံရမည့်မှု ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဆက်လက်ပြီး ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍကို အကြံပြုဆွေးနွေးသွားပါမယ်။

သည်ကဏ္ဍမှာ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမည့်မှု (၁၄)ချက်ပါရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

ပြည်ထောင်စုဥပဒေပြုစာရင်းမှ အသေးစိတ်အခြေခံရမည့်မှုအချို့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်း၏ အသေးစိတ်အခြေခံရမည့်မှုအဖြစ် ပြောင်းလဲဖြည့်စွက်ထည့်သွင်းဖော်ပြမှ ပို၍ဆီလျော်နိုင်မယ်ဟု အကြံပြု တင်ပြအပ်ပါတယ်။

ပြည်ထောင်စုဥပဒေပြုစာရင်းမှ အသေးစိတ်အခြေခံရမည့်မှုများအနက်မှ–

အမှတ်စဉ် (၁) ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး၊

အမှတ်စဉ် (၂) ရေကြောင်းလမ်းများ ပြုပြင်ထိန်းသိမ်းရေး၊

စသည့် အခြေခံရမည့်မှုများအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ဥပဒေပြုစာရင်းတွင်အသေးစိတ် အခြေခံရမည့်မှုများအဖြစ် ဖြည့်စွက်ထည့်သွင်းသင့်ကြောင်း အကြံပြုအပ်ပါတယ်။ ဒါ့အပြင်ပြည်ထောင်စုဥပဒေပြု စာရင်း၏ အသေးစိတ်အခြေခံရမည့်မှု(၃)မှ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဟူသည့် အခြေခံရမည့်မှုအား ပြည်ထောင်စုအဆင့်၌ထားသကဲ့သို့ မြစ်ချောင်း၊ မြောင်းများမှရေအရင်းအမြစ်နှင့် ဖွံ့ဖြိုးတိုးတက် ရေးဟူသော အခြေခံမှုတစ်ရပ်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမည့်မှု တစ်ခုအဖြင့် ဖြည့်စွက် ထည့်သွင်းသင့်ကြောင်း အကြံပြုအပ်ပါတယ်။

တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များ၏ဥပဒေပြုစာရင်းတွင် ဖော်ပြထားသည့် အသေးစိတ်အခြေခံရမည့်မှု အမှတ်စဉ်(၃)မှ တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်အတွင်းသာ သွားလာသည့် ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေး ဆွဲနိုင်ရေးဟူသောစကားရပ်အား ပြည်တွင်းသွားလာသည့် ပုဂ္ဂကယာဉ်များ၊ သမဝါယမပိုင်ယာဉ်များ၊ အဖွဲ့အစည်း ပိုင်ယာဉ်များဟု အစားထိုးပြီး အသေးစိတ်အခြေခံရမည့်မှုအဖြစ် ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း အကြံပြုအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

**လူမှုရေးကဏ္ဍနှင့်ပတ်သက်ပြီး**

လူမှုရေးကဏ္ဍမှ အကျုံးဝင်တဲ့ "ပညာရေးဆိုင်ရာလုပ်ငန်းနှင့် ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ" ဟာနိုင်ငံ တော်တစ်ဝန်းလုံးမှာရှိတဲ့ ပြည်သူပြည်သားအားလုံးတို့နှင့် တိုက်ရိုက်သက်ဆိုင်နေတာဖြစ်ပါတယ်။ မိမိတို့နိုင်ငံ မိမိတို့လူမျိုး၏ သမိုင်းကြောင်းအခြေခံများ၊ ယာဉ်ကျေးမှုဓလေ့စရိုက်အစဉ်အလာများကို အခြေခံပြီးအမျိုးသားရေး ဝါဒများနှင့် အမျိုးသားရေးဦးတည်ချက်အောင်မြင်စွာဖြစ်ထွန်းလာစေရေးအတွက် ပြည်သူပြည်သားများ၏ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြမှုဖြစ်သလို ပါဝင်ဆောင်ရွက်စေနိုင်မည့် အခွင့်အလမ်းများကို ရရှိစေနိုင်စေဖို့ လိုအပ်ပါတယ်။

အမျိုးသားရေးကိုအခြေခံသော ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ဒေသအလိုက်ဖွံ့ဖြိုးမှုနှင့် ဒေသအလိုက် လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်မည့် ဆောင်ရွက်မှု များနှင့်အညီ အစီအမံများချမှတ်ဆောင်ရွက်လာရမှာဖြစ်ပါတယ်။ ထို့ကြောင့် လူမှုရေးကဏ္ဍမှာ အမှတ်စဉ်(၄) ကိုယ်ပိုင်ကျောင်းများနှင့် သင်တန်းများ၊ အမှတ်စဉ်(၈) ကုသိုလ်ဖြစ်ဆေးရုံများနှင့် ဆေးခန်းများ၊ ပုဂ္ဂလိကဆေး ရုံများနှင့်ဆေးခန်းများတို့နှင့်

စပ်လျဉ်းပြီး ဥပဒေပြဋ္ဌာန်းနိုင်ဖို့အတွက် တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်ဥပဒေပြုစာရင်းတွင်ဖော်ပြရန် အသေးစိတ်အခြေခံရမည့်မှုများ ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါတယ်။

ဆက်လက်ပြီးတော့လူမှုရေးကဏ္ဍမှာ အကျုံးဝင်တဲ့အကြောင်းအရာဖြစ်တဲ့ "ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်မစွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ အခြေအနေမဲ့များအားစောင့်ရှောက်ရေး" "ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးကိစရပ်များ" ကိုတင်ပြရရင် မြန်မာနိုင်ငံလွတ်လပ်ရေးနှင့်အတူ ပြည်တွင်းပဋိပက္ခများ ပေါ်ပေါက်လာခဲ့ပြီး ပြည်နယ်ဒေသများနှင့် နယ်စွန်နယ်ဖျားနယ်စပ်ဒေသများမှာရှိကြတဲ့ တိုင်းရင်းသားပြည်သူတို့ဟာ ငြိမ်းချမ်းသာယာမှုပျက်ပြားပြီး အသိဒုက္ခအမျိုးမျိုးကို နှစ်ပေါင်းကြာရှည်စွာ တွေ့ကြုံခံစားလာခဲ့ကြရပါတယ်။ နယ်မြေဒေသမငြိမ်မသက်ဖြစ်မှုများကြောင့် ဘဝလုံခြုံအေးချမ်းမှုမရှိခဲ့ကြသည့်အပြင် ဝေးလံသီခေါင်သောဒေသများမှာ တိမ်းရှောင်ခိုအောင်းနေလာခဲ့ကြရတယ်။ စားဝတ်နေရေးခက်ခဲမှု၊ အလုပ်အကိုင်မရှိမှုနှင့် ဘဝလုံခြုံအေးချမ်းရေးမရှိမှု တို့ကြောင့် ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်မစွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ အခြေ အနေမဲ့များတို့အား စောင့်ရှောက်ပေးစေနိုင်ဖို့ အထူးလိုအပ်နေဒါကို တွေ့ရှိရပါတယ်။ ဒါကြောင့် လူမှုရေးကဏ္ဍ အမှတ်စဉ်(၁၂) "ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်မစွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ အခြေအနေမဲ့များနှင့် ခိုကိုးရာမဲ့များအား စောင့်ရှောက်ရေး"၊

အမှတ်စဉ်(၁၃) ကယ်ဆယ်ရေးနှင့်ပြည်လည်ထူထောင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုစာရင်းဥပဒေပြုစာရင်းမှာဖော်ပြထားသည့်နည်းတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာလည်း ဖော်ပြသင့်ကြောင်းအကြံပြုအပ်ပါတယ်။

လူမှုရေးဆိုင်ရာလုပ်ငန်းများကို ပါဝင်ဆောင်ရွက်ရတဲ့ မီးသတ်တပ်ဖွဲ့တွေဟာ၊ မီးဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေး အစီအစဉ်ဆောင်ရွက်မှုများမှာ ဒေသတစ်ခုနှင့်တစ်ခုကျရောက်လာနိုင်မည့် အခြေအနေတွေဟာ တူညီမှုမရှိနိုင်သလို မိမိဒေသနှင့် လိုက်လျောညီထွေ ဖွဲ့စည်းထားမှုနှင့် အစီအစဉ်ကိုလည်း ချမှတ်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ အဲဒီလုပ်ငန်းတွေကို ဒေသအတွင်းပြည်သူလူထုတွေနဲ့ ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ အဲဒီလုပ်ငန်းတွေကို ဒေသအတွင်းပြည်သူလူထုတွေ ပူးပေါင်းဆောင်ရွက်နိုင်စေဖို့ အထူးလို အပ်ပါတယ်။ ဒါကြောင့်မိမိတို့သက်ဆိုင်တဲ့ ဒေသအခြေအနေနှင့် ကိုက်ညီစေမည့် လုပ်ငန်းအစီအစဉ်သတ်မှတ်ပြီး မီးသတ်တပ်ဖွဲ့ကို စနစ်တကျဖွဲ့စည်းထားနိုင်မှသာ အောင်မြင်မှုရရှိနိုင်မှာဖြစ်ပါတယ်။

မီးသတ်တပ်ဖွဲ့ဆိုင်ရာမှ ဒေသအတွင်း ပြည်သူများကိုပါ ဖွဲ့စည်းတည်ထောင်ပေးရမည်။ "အရန်မီးသတ် တပ်ဖွဲ့"ကို စနစ်တကျဖွဲ့စည်းရမှာဖြစ်သည့်အတွက် အမှတ်စဉ်(၁၄) "မီးသတ်တပ်ဖွဲ့" ဆိုင်ရာကိစ္စရပ်နှင့်စပ်လျည်း ပြီး တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်ဥပဒေပြုစာရင်းများလည်း ဖော်ပြသင့်ကြောင်းအကြံပြုအပ်ပါတယ်။

လူမှုရေးကဏ္ဍမှ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် အမှတ်စဉ်(၂၁)အဖြစ် အစိုးရမဟုတ်သော အဖွဲ့အစည်း (Non-Government Organization - NGO) ဟူ၍ အသေးစိတ်အခြေခံရမည့်မှုအသစ်ထည့်သွင်းဖော်ပြရန် အကြံ ပြုအပ်ပါတယ်။

ဆက်လက်ပြီးတော့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ–

အမှတ်စဉ်(၄) "မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး"အစား "မီးသတ်တပ်ဖွဲ့၊ မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး" ဟူ၍ စကားရပ်အစားထိုးဖော်ပြပေးပါရန် အကြံပြုအပ်ပါတယ်။

အမှတ်စဉ်(၆) (က)ယျဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဟူသော စကားရပ်အစား ဘာသာစကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဟူသောစကားရပ်ဖြင့် အစားထိုးသုံးနှုန်းဖော်ပြရန် အကြံပြုအပ်ပါတယ်။

တိုင်ဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်လည်း အမှတ်စဉ်(၉)အစိုးရမဟုတ်သော အဖွဲ့အစည်း (Non-Government Organization - NGO )ဟူ၍ လည်းကောင်း ထပ်မံဖြည့်စွက်ဖော်ပြရန် အကြံပြုတင်ပြ အပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

စီမံခန့်ခွဲရေးကဏ္ဍနှင့် ပတ်သက်ပြီး အကျုံးဝင်တဲ့ အထွေထွေအုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များမှာ များပြား ကျယ်ဝန်းလှပြီး အကြောင်းအရာအလိုက်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကွဲပြားခြားနားသည့် သဘောရှိပါသည်။ လက်တွေ့ကျင့်သုံးမှုနယ်ပယ်မှာလည်း ပြည်သူလူထုများနှင့် အမြဲမပြတ်နီးစပ်ထိတွေ့ ရရှိနိုင်မှသာလျှင် အုပ်ချုပ်ရေးယန္တရားကို ချောမောသွက်လက်စွာ လည်ပတ်နိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် အထွေထွေအုပ်ချုပ်ရေးနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို နိုင်ငံတော်၏အုပ်ချုပ်ရေးဆိုင်ရာမူဝါဒနှင့်အညီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် ဥပဒေပြဋ္ဌာန်းခွင့်ပေးထားခြင်းအားဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင်စီမံကျင့်သုံးပိုင်ခွင့်ကို အလေးအနက်ဖေါ်ဆောင်ရာ ရောက်ပါလိမ့်မယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း တိုင်းရင်းသားပြည်သူများ၏ လိုလားတောင့်တချက်၊ လိုအပ်ချက်များနှင့်ကိုက်ညီစီလျော်စေမည့် အုပ်ချုပ်ရေးယန္တရားကို စီမံဆောင်ရွက်ပေးခြင်းလည်းဖြစ်ပါတယ်။

ဒါကြောင့်စီမံခန့်ခွဲမှုကဏ္ဍမှာ အမှတ်စဉ်(၁) အထွေထွေအုပ်ချုပ်ရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကိုပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖေါ်ပြသည့်နည်းတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ဥပဒေပြုစာရင်းတွင် လိုအပ်ချက်နှင့်ကိုက်ညီဆီလျော်မည့် အုပ်ချုပ်ရေးယန္တရားကို ဖော်ဆောင်နိုင်စေရန်အတွက် အသေးစိတ်အခြေခံရမည့် မအဖြစ် ဖော်ပြသင့်ပါကြောင်းအလေးအနက်ပြု၍ တင်ပြအပ်ပါသည်။

ဆက်လက်ပြီးတော့ ရွာမြေ၊ မြို့ပြစီမံခန့်ခွဲရေးဆိုင်ရာကိစများ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စည်ပင်သာယာရေးဆိုင်ရာကိစ္စရပ်များတွေဟာ လုပ်ငန်းတစ်ခုနှင့်တစ်ခု ဆက်စပ်နေသည့်လုပ်ငန်း များဖြစ်ပါသည်။ ဒီလုပ်ငန်းများဟာ ဒေသတစ်ခုအတွင်းနေထိုင်ကြတဲ့ အများပြည်သူတွေရဲ့လူမှုဘဝ၊ လူမှုစီးပွားရေး ဘဝတို့နှင့် များစွာသက်ဆိုင်သောလုပ်ငန်းကဏ္ဍလည်းဖြစ်ပါတယ်။

ဒါကြောင့်အမှတ်စဉ်(၂) ရွာမြေ၊ မြို့မြေစီမံခန့်ခွဲရေးကိစရပ်များ၊ အမှတ်စဉ်(၃)အိမ်ငှားမြေငှားတို့နှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ အခြေခံရမည့်မူအဖြစ် ဖေါ်ပြသင့်ကြောင်း အကြံပြုအပ်ပါတယ်။

လွတ်လပ်သည့်နိုင်ငံတိုင်းက နိုင်ငံသားတွေဟာ အသင်းအဖွဲ့များဖွဲ့စည်းခွင့်ရရှိကြသလို မိမိနိုင်ငံသားများ ကိုလည်း ယင်းအခွင့်အရေးကို အပြည့်အဝရရှိစေဖို့ လိုအပ်ပါတယ်။

ဒါကြောင့်အမှတ်စဉ်(၆) "အသင်းအဖွဲ့များ" ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်ပြီး ဥပဒေပြဋ္ဌာန်းနိုင်ဖို့ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသည့်နည်းတူ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်လည်း အသေးစိတ်အခြေခံရမည့်မူအဖြစ် ဖော်ပြသင့်ပါကြောင်းအကြံပြုအပ်ပါတယ်။

စီမံခန့်ခွဲမှုကဏ္ဍမှာ အကျုံးဝင်သည့် "နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး"မှာ နယ်စပ်ဒေသတိုင်းရင်းသားများ ကိုယ်တိုင်ပါဝင်စီမံဆောင်ရွက်လာနိုင်မှသာ အရှိန်အဟုန်ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ နောင်အခါကာလတွင် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ပြည်နယ်စသည့်အဆင့်ဆင့်တွေမှာ မိမိတိုင်းဒေသရဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကိစ္စရပ်များကို မိမိတို့ဘာသာရေးဆွဲချမှတ်ဆောင်ရွက်လာနိုင်ကြမှာ ဖြစ်ပါတယ်။

ဒါကြောင့် အမှတ်စဉ်(၈) နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကိစ္စရပ်နှင့် စပ်လျဉ်းပြီး နိုင်ငံတော်၏ မူဝါဒနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ အခြေခံရမည့်မူအဖြစ် ဖော်ပြသင့်ပါကြောင်း အကြံပြုအပ်ပါတယ်။

နိုင်ငံတော်အတွင်းမှာ မှီတင်းနေထိုင်ကြသည့် လူဦးရေစာရင်းဇယားများ တိကျမှန်ကန်ဖို့ လိုအပ်သလို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူဦးရေစာရင်းဇယားများ တိကျမှန်ကန်စွာရှိထားဖို့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များကလည်း လူဦးရေစစ်တမ်းကောက်ယူရမှာဖြစ်ပါတယ်။ သို့ဖြစ်၍အမှတ်စဉ်(၉) သန်းခေါင် စာရင်းကိစ္စများနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုဥပဒေစာရင်းတွင် ဥပဒေပြဋ္ဌာန်းနိုင်ရန်ဖော်ပြသည့်နည်းတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်လည်း ဥပဒေပြဋ္ဌာန်းနိုင်ရန်အသေးစိတ်အခြေခံရမည့်မူအဖြစ် ဖော်ပြသင့်ပါကြောင်းအကြံပြုအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

**တရားစီရင်ရေးကဏ္ဍနှင့် ပတ်သက်ပြီး**

ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြထားသောအမှတ်စဉ်(၄)၌ ပါဝင်တဲ့ အနုညာတ စီရင်ဆုံးဖြတ်ရေး၊ ယုံမှတ်အပ်နှံခြင်းနှင့် ယုံမှတ်အပ်နှံထားသဖြင့် စီမံပိုင်ခွင့်ရှိသူများ၊ အမွေထိန်းနှင့်ပစ္စည်းထိန်း၊ မိသားစုဆိုင်ရာ ဥပဒေများ၊ အုပ်ထိန်းသူများနှင့်အုပ်ထိန်းခံရသူများ၊ ပစ္စည်းလွှဲပြောင်းခြင်း၊ အမွေဆက်ခံရေးနှင့် အမှတ်စဉ်(၈)မှ သီးခြားသက်သာခွင့်စသည်တို့သည် လူမျိုးတစ်မျိုး၏ ဓလေ့ရိုးရာ၊ ကိုးကွယ်ယုံကြည်ရာ ဘာသာတရားများနှင့် ဆက်စပ်နေသော ကိစ္စရပ်များဖြစ်ကြပါတယ်။ သို့ဖြစ်ပါ၍ တရားရေးကဏ္ဍမှ ပြည်ထောင်စုဥပဒေပြုစာရင်းတွင်ဖော် ပြရန် အသေးစိတ်အခြေခံရမည့်မူများ (၁၁)ချက်ထဲမှ အမှတ်စဉ်(၄)နှင့် အမှတ်စဉ်(၈)ကို ပြည်ထောင်စုဥပဒေပြု စာရင်းတွင်ဖော်ပြရန် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သည့်နည်းတူ တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်များ ဥပဒေပြုစာရင်းတွင်လည်း အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုတင်ပြလိုပါတယ်။

သဘာပတိကြီးခင်ဗျား–

**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုဦးစီးအဖွဲ့၏ ဥပဒေပြုခွင့်အာဏာနှင့်ပတ်သက်ပြီး**

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသများအသီးသီးရှိ လူမျိုးစုများသည် မိမိ လူမျိုးစုများ၏ စာပေယဉ်ကျေးမှုများ မတိမ်ကောမပပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိကြပါတယ်။ ထို့အပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် လူမျိုးစုများ၊ ဒေသများနှင့် စပ်လျဉ်း၍ ထူးခြားချက်များစွာ ရှိနိုင်ပါသဖြင့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာဥပဒေပြုခွင့်ရရှိရန် လိုအပ်မှာဖြစ်ပါတယ်။

**<u>ပြည်ထောင်စုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြု အာဏာခွဲဝေအပ်နှင်းရေးကဏ္ဍနှင့် ပတ်သက်ပြီး</u>**

ထိုကဏ္ဍတွင် "ပြည်ထောင်စုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုပိုင်ခွင့်အာဏာကို ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းသည်"ဟု ဖော်ပြထားပါသည်။ အမှန်မှာ တိုင်းဒေ သကြီး သို့မဟုတ် ပြည်နယ်များတွင်လည်း ဥပဒေပြုစာရင်းတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များပေါ်ပေါက် လာနိုင်သဖြင့် ပြည်ထောင်စုလွှတ်တော်နည်းတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင်လည်း ဥပဒေပြုခွင့် ရှိသင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

**<u>ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော် ကောက်ခံခြင်း ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းတို့အတွက်ချမှတ်သင့်သည့် အခြေခံရမည့်မူများနှင့် ပတ်သက်ပြီး</u>**

၁။ တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်များတွင် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် မြို့ရွာ၊ ဒေသဖွံ့ဖြိုး လုပ်ငန်းများအတွက် မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသအသီးသီး၏ ဘဏ္ဍာရံပုံငွေသို့ပေးသွင်းသင့်သည်။ ရငွေများနှင့် အခွန်အခများကိုသာ အားကိုးအားထားရမည်ဖြစ်ပါတယ်။ သစ်များအပေါ်ကောက်ခံရသည့်ခွန်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် အဓိကအားကိုးအားထားရမည့် အခွန်ငွေများဖြစ်ပါတယ်။ သစ်များကို စနစ်တကျခုတ်လှဲ ထုတ်ယူသကဲ့သို့ စနစ်တကျပြန်လည်စိုက်ပျိုးပြုစုပျိုးထောင်ထိန်းသိမ်းဖို့လည်း အထူးအရေးကြီးလိုအပ်ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်များက ဥပဒေနှင့်အညီ ကောက်ခံ ပြီး တိုင်ဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းသင့်သည့်ရငွေများနှင့် အခွန်အခအမျိုးအစားကို သတ်မှတ်ချက်(၁၉)ချက်များထဲက (၄)တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိသစ်တောများမှ အောက်ပါ ပစ္စည်းထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်အခများအပိုဒ်ခွဲ(၁) "ကျွန်းနှင့် သတ်မှတ်သောသစ်မာများမှအပ ကျန်သစ်များအပေါ်တွင် ကောက်ခံသည့်အခွန်" ဟုပြင်ဆင်သတ်မှတ်ပေးရန် အကြံပြုတင်ပြအပ်ပါတယ်။

၂။ ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်းအပါအဝင် ဘဏ္ဍာရေးဆိုင်ရာအသေးစိတ်အခြေခံရမည့်မူများအချက် (၁၈)ချက် များအနက်မှ (ခ)"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အရ အသုံးငွေစာရင်းများကိုနိုင်ငံတော်မှ့တက တာဝန်ပေး အပ်ထားသော ကျန်ဒုတိယသမ္မတတစ်ဦးက ဦးဆောင်စိစစ်ပြီးတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံး ငွေစာရင်း လျာထားချက်ကို ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြရမည်" ဟူသောစကားရပ်အစား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အရအသုံးငွေစာရင်းများကို နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော ဒုတိယသမတတစ်ဦးက ဦးဆောင်စိစစ်ပြီး တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ကိုရယူပြီး ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြရမည်ဟုသတ်မှတ်ပေးရန် အကြံပြုတင်ပြအပ်ပါတယ်။

**<u>သီးခြားတင်ပြချက်</u>**

သဘာပတိကြီးခင်ဗျား

ဥပဒေပြုအာဏာခွဲဝေရေးကဏ္ဍနှင့် စပ်ဆိုင်တဲ့ အကြောင်းအချက်နှစ်ရပ်ကို သီးခြားတင်ပြလိုပါတယ်။

၁။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များကို အာဏာခွဲဝေပေးရာတွင် မလွဲမသွေလိုအပ်မည့် မိမိတို့တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များနှင့်ကိုက်ညီသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီး၏ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းခွင့် ရှိသင့်ကြောင်း၊

၂။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း လိုအပ်သောဝန်ထမ်းများအား ရွေးချယ်ခန့် ထားပိုင်သည့် ရာထူးခန့်ထားရေး ဥပဒေပြဋ္ဌာန်းခွင့်ဟူသော ဥပဒေပြုအာဏာများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း၌ အခြေခံရမည့်မူအဖြင့် ချမှတ်သင့်ကြောင်း သီးခြားတင်ပြအပ်ပါသည်။

သဘာပတိကြီးနှင့်ညီလာခံကိုယ်စားလှယ်တော်များခင်ဗျား

အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးနှင့်စပ်လျဉ်းသော အခြေခံရမည့်များ ဆိုင်ရာ ကိစ္စရပ်များအပေါ် ကျွန်တော်တို့ငြိမ်းချမ်းရေးအဖွဲ့ (၁၃)ဖွဲ့တို့၏ တူညီသောဆန္ဒသဘောထားများ၊ အကြံပြုချက်များကို မိမိတို့နားလည် တတ်သိသရွေ့ ပွင့်လင်းရိုးသားစွာ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့၏ တင်ပြချက်များကို နားထောင်ပေးသောကြောင့် ကိုယ်စားလှယ်တော်များကို ကျေးဇူးတင်ရှိပါတယ်။

ပြည်ထောင်စုနှင့် တိုင်းရင်းသားလူမျိုးများ၏ အနာဂတ်ကောင်းကျိုးချမ်းသော ကံကြမ္မာကို ဖန်တီးဖော်ဆောင် ပေးမည့် ဤအမျိုးသားညီလာခံကြီး အောင်မြင်စွာပြီးမြောက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နိဂုံးချုပ် အပ်ပါတယ်။

| | **<u>စာတမ်းပြုစုသောအဖွဲ့အစည်းများ</u>** | **<u>အဖွဲ့ခေါင်းဆောင်</u>** |
|---|---|---|
| ၁။ | ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၃) (SSA) | ဦးစပ်ကိုင်ဖ |
| ၂။ | ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၅) (KDA) | ဦးမထုနော် |
| ၃။ | ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၇) (PSLA) | ဦးညီလုံ |
| ၄။ | ကချင်ပြည်နယ်အထူးဒေသ(၁) NDA(K) | ဦးလဃော်ဇယ်လွမ်း |
| ၅။ | ကချင်ပြည်နယ်အထူးဒေသ(၂) (KIO) | ဒေါက်တာမနန်တူးဂျာ |
| ၆။ | ကယားပြည်နယ်အထူးဒေ(၁) (KNG) | ဦးဌေးကို |
| ၇။ | ကယားပြည်နယ်အထူးဒေသ(၂) ( KNPLF ) | ဦးရွှေဝါ |
| ၈။ | ကယားပြည်နယ်အထူးဒေသ(၃) ( KNLP ) | ဦးသန်းတက် |

| **စာတမ်းပြုစုသောအဖွဲ့ အစည်းများ** | | **အဖွဲ့ ခေါင်းဆောင်** |
|---|---|---|
| ၉။ | ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)ခွဲထွက် (ဟုယာ) | ဦးလွီးဇီကျော်ကျော် |
| ၁၀။ | ရှမ်းပြည်နယ်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ) | ဦးစိန်ရွှေ |
| ၁၁။ | မွန်ပြည်သစ်ပါတီ (NMSP) | နိုင်ချမ်းတွဲ့ |
| ၁၂။ | ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) | ဦးဆိုင်းစွန့် |
| ၁၃။ | မွန်လက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ) | နိုင်ပိုင်သိ |

## နောက်ဆက်တွဲ (၄)

## အမျိုးသားညီလာခံသို့ တင်ပြခဲ့သည့် ကေအိုင်အိုအဖွဲ့၏ တင်ပြချက် (၁၉) ချက်

---

### နိုင်ငံတော်ဖွဲ့စည်းပုံအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းစေလိုသော အချက်အလက်များနှင့် ပါတ်သက်၍ ၂၀၀၇ ခုနှစ်၊ ဇွန်လ (၂၂) ရက် နေ့စွဲဖြင့် ကချင်အထူးဒေသ - (၂)၊ ကေအိုင်အို ဗဟိုကော်မတီမှ နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထံသို့တင်ပြတောင်းဆိုထားသော အချက်အလက်များ

၁။ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့် စပ်လျဉ်းသည့်အခြေခံရမည့်မူများတွင်၊

(၁) နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်ဟုပါရှိသည်။ ၎င်းမူကို လက်တွေ့ကျင့်သုံးဖေါ်ဆောင်သွားရာ၌ ပြည်ထောင်စုစနစ်ပီပြင်ရန်နှင့် ပြည်ထောင်စုစစ်စစ်မူ ပိုမိုပေါ်လွင်လာရန် လိုအပ်မည်ဖြစ်ပါသည်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၌ နိုင်ငံတော်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟုခေါ်တွင်ပြီး ပြည်ထောင်စုစနစ်ကျင့်သုံးသည်ဟု ဆိုထားသော်ငြားလည်း လက်တွေ့၌ ဗဟိုချုပ်ကိုင်မှု တင်းကြပ်သောတစ်ပြည်ထောင်စနစ် (Unitary System) ဖြစ်နေသည်ကို တွေ့မြင်ခဲ့ရပါသည်။ ထို့ကြောင့်၊ ယခုရေးဆွဲမည့် နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၌ ယင်းကဲ့သို့ မလိုလားအပ်သောအမှားမျိုး ထပ်မံမဖြစ်ပွားရလေအောင် ဂရုပြုဆောင်ရွက်ရန် အထူးအရေးကြီးမည်ဖြစ်ပါသည်။

(၂) နိုင်ငံတော်ကိုတိုင်းဒေသကြီး (၇)ခုနှင့် ပြည်နယ်(၇)ခုတို့ဖြင့်ဖွဲ့စည်းတည်ဆောက်သည်။ ၎င်း တိုင်းဒေသကြီး(၇)ခုနှင့် ပြည်နယ်(၇)ခုတို့သည် အဆင့်အတန်းတူညီကြသည်ဟု ပါရှိသည်။ ဤအချက်ကို ပြန်လည်စဉ်းစားပေးဖို့ရန် အထူးပန်ကြားလိုပါသည်။ အဘယ်ကြောင့်ဆိုသော် ပြည်နယ်များသည် တိုင်းရင်းသားလူမျိုးစုများကို ကိုယ်စားပြုထားသည်ဖြစ်သဖြင့် ပြည်နယ်များတွင် တိုင်းရင်းသားများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး အခွင့်အရေးနှင့် တိုင်းရင်းသား လူမျိုးစုများ၏မူလရပိုင်ခွင့်များကို ထည့်သွင်းပြဋ္ဌာန်းထားရန် လိုအပ်မည်ဖြစ်ပါသည်။

၂။ နိုင်ငံတော်အချုပ်အခြာအာဏာပိုင်းခြားခွဲဝေခြင်းနှင့် စပ်လျဉ်းသည့် အခြေခံရမည့်မူများတွင်၊ နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို ပိုင်းခြားသတ်မှတ်ထားပြီး ၎င်းအာဏာသုံးရပ်ကို ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအား ခွဲဝေအပ်နှင်းသည်ဟု ပါရှိသည်။ ဤတွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို လက်တွေ့ရေးဆွဲပြဋ္ဌာန်းသည့်အခါ ၎င်းအာဏာသုံးရပ်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ ထိုက်သင့်စွာခွဲဝေအပ်နှင်းပေးထားစေ လိုပါသည်။ ဥပဒေပြုအာဏာခွဲဝေရာ၌ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ ယခုထက် ပိုမိုခွဲဝေအပ်နှင်းပေးထားသင့်သည်ဟု မြင်ပါသည်။ အထူးသဖြင့် ပြည်နယ်များတွင် တိုင်းရင်းသားများ၏အခွင့်အရေးနှင့် ပါတ်သက်သော ဥပဒေအာဏာကို ပြည်နယ်လွှတ်တော်များသို့ လုံလောက်စွာခွဲဝေအပ်နှင်းပေးထားစေလိုပါသည်။

ဥပမာ၊

(၁) တိုင်းရင်းသားလူမျိုးစုများ၏စာပေများကိုထိန်းသိမ်းမြင့်တင်ရေး၊ ပြည်နယ်အတွင်းရှိ စာသင်ကျောင်းများ

၌ သက်ဆိုင်ရာတိုင်းရင်းသားများ၏စာပေကို သင်ကြားခွင့်ရှိရေး၊ ၎င်းတိုင်းရင်းသားစာပေကို သက်ဆိုင်ရာပြည်နယ်၏ ဒုတိယရုံးသုံးစာအဖြစ် သတ်မှတ်ရေး၊

(၂) တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းမြှင့်တင်ရေး၊

(၃) တိုင်းရင်းသားလူမျိုးစုများ၏ ဓလေ့ထုံးတမ်းအရ တရားစီရင်ရေး (Customary Law) ကို ဥပဒေပြု၍ တရားဝင်ပြဋ္ဌာန်းရေး၊

(၄) တိုင်းရင်းသားလူမျိုးစုများ၏ အရေးအရာများကို ဥပဒေပြဋ္ဌာန်း၍ ကာကွယ်စောင့်ရှောက်ပေးရေးတို့ ဖြစ်ပါသည်။

၃။ အုပ်ချုပ်ရေးဆိုင်ရာအခန်းကဏ္ဍ၌၊

(၁) နိုင်ငံတော်သမ္မတ၏ လုပ်ပိုင်ခွင့်အာဏာနှင့်ပါတ်သက်၍ ပြည်နယ်အစိုးရအပေါ် ချုပ်ကိုင်ကန့်သတ်မှုများလွန်းလျှင် ဗဟိုချုပ်ကိုင်မှုတင်းကြပ်လွန်းရာရောက်သဖြင့် တစ်ပြည်ထောင်စနစ်ပုံစံ ဖြစ်သွားနိုင်သည်ဟုမြင်ပါသည်။

(၂) ပြည်နယ်အစိုးရအကြီးအကဲ (ပြည်နယ်ဝန်ကြီးချုပ်) သည် ၎င်းပြည်နယ်ကို ကိုယ်စားပြုသော တိုင်းရင်းသားလူမျိုးစုထဲမှ ဖြစ်သင့်ပါသည်။ ဖ၊ဆ၊ပ၊လ ပါလီမန်အစိုးရခေတ်၌ ပြည်နယ်ကောင်စီဥက္ကဋ္ဌ (သို့) ပြည်နယ်ဝန်ကြီးသည် သက်ဆိုင်ရာပြည်နယ်ကို ကိုယ်စားပြုသော တိုင်းရင်းသားလူမျိုးစုအမတ်တစ်ဦးဦးကို ရွေးချယ်ခန့်ထား သည်ကိုလည်းကောင်း၊ မ၊ဆ၊လ ဆိုရှယ်လစ်အစိုးရခေတ်၌လည်း ပြည်နယ်ကောင်စီဥက္ကဋ္ဌကို သက်ဆိုင်ရာပြည်နယ်ကို ကိုယ်စားပြုသော တိုင်းရင်းသားလူမျိုးစုထဲမှ ရွေးချယ် ခန့်ထားသည်ကိုလည်းကောင်း တွေ့မြင်ရပါသည်။ ယင်းကဲ့သို့ တိုင်းရင်းသားလူမျိုးစုများ၏ မူလရပိုင်ခွင့် အခွင့်အရေးများကို နိုင်ငံတော်အစိုးရမှ အသိအမှတ်ပြု၍ ဥပဒေ ပြဋ္ဌာန်းပေးခြင်းသည် ပြည်ထောင်စုကြီး အဖြစ်ပေါ်ပေါက်လာသော သမိုင်းကြောင်းအရ မှန်ကန်သင့်လျော်မှုရှိသည့်အတွက် ယခုရေးဆွဲမည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၌လည်း အလားတူဥပဒေမျိုးကိုပြဋ္ဌာန်းပေးရန် လိုလားပါသည်။

(၃) ပြည်နယ်အစိုးရဖွဲ့စည်းရေးနှင့် ပါတ်သက်၍၊

(က) ပြည်နယ်ဝန်ကြီးချုပ်ကိုရွေးချယ်ရာတွင် သက်ဆိုင်ရာပြည်နယ်လွှတ်တော်၌ လျှို့ဝှက်မဲစနစ်ဖြင့် လွှတ်တော်အမတ်အများစု၏ သဘောတူညီချက်ကိုရယူပြီး ရွေးချယ်ရန်၊ ထိုသို့ရွေးချယ် ခံထားရသူအား နိုင်ငံတော်သမ္မတက ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ပေးရန်၊

(ခ) ပြည်နယ်အစိုးရအဖွဲ့ကို ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာပြည်နယ်လွှတ်တော်နှင့် ညှိနှိုင်းတိုင်ပင်ပြီး ပြည်နယ်ဝန်ကြီးဌာန သတ်မှတ်ခြင်း၊ ပြည်နယ်ဝန်ကြီးဦးရေ သတ်မှတ်ခြင်းနှင့် ပြည်နယ်ဝန်ကြီး ရွေးချယ်ခန့်ထားခြင်း လုပ်ငန်းများကိုဆောင်ရွက်ကာ ပြည်ထောင်စုအစိုးရ သမ္မတထံတင်ပြ၍ သမ္မတမှ အတည်ပြုခန့်အပ်ပေးရန်၊

(ဂ) ပြည်နယ်ဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်များကို ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ကိုရယူ၍ ခန့်အပ်ရန်၊

(ဃ) ပြည်နယ် တစ်ခုအတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း (သို့) ဒေသဥက္ကဋ္ဌများနှင့် ဦးစီးအဖွဲ့ဝင်များကို သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးချုပ်က ခန့်အပ်ပေးရန်၊

(င) ပြည်နယ်တစ်ခု၏ အစိုးရအဖွဲ့ဝင်ဝန်ကြီးတစ်ဦးဦးက နုတ်ထွက်ရန်လိုအပ်လာပါက ၎င်း၏ နုတ်ထွက်စာကို သက်ဆိုင်ရာပြည်နယ်ဝန်ကြီးချုပ်ထံ တင်သွင်းရန်၊ ပြည်နယ်ဝန်ကြီးချုပ်က နုတ်ထွက်စာကို လက်ခံယူပြီး ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် လိုအပ်သလို ဆက်လက်ဆောင်ရွက်ရန်၊ ပြည်နယ်တစ်ခု၏ ဝန်ကြီးချုပ်တစ်ဦးက နုတ်ထွက်လိုလျှင် ၎င်း၏ နုတ်ထွက်စာကို သမ္မတထံတိုက်ရိုက် တင်သွင်းရန်၊

(စ) ပြည်နယ်တစ်ခုခုအတွင်း တည်ငြိမ်မှုစိုးရိမ်ဖွယ်ရာအဆင့်သို့ရောက်လာလျှင် ပြည်နယ်ဝန် ကြီးချုပ်က ပြည်နယ်လွှတ်တော်နှင့်ညှိနှိုင်းပြီး သမ္မတထံတင်ပြရမည်။ ထိုသို့တင်ပြလျှင် သမ္မတက သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ညှိနှိုင်းသဘောတူပြီးမှသာ ၎င်းပြည်နယ်၌ အရေးပေါ်အခြေအနေကြေညာရန်၊

(ဆ) ပြည်နယ်အစိုးရ လက်အောက်တွင် ဝန်ထမ်းခန့်ထားရေးအဖွဲ့ ဖွဲ့စည်းထားရှိ၍ အစိုးရ ဝန်ထမ်းများကို ဒေသခံများအား ဦးစားပေး၍ရွေးချယ်ခန့်ထားနိုင်ရန်၊

(ဇ) ပြည်နယ်အစိုးရလက်အောက်တွင် ပြည်နယ်ရဲတပ်ဖွဲ့ဖွဲ့စည်း၍ ပြည်နယ်ဝန်ကြီးချုပ်မှ တိုက်ရိုက် ကွပ်ကဲခွင့်ရှိရန်၊

(ဈ) အပစ်အခတ်ရပ်ဆိုင်းပြီး ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားလူမျိုးစုအဖွဲ့အစည်းများနှင့် ပြည်သူလူထုတရပ်လုံးမှ နောင်ထွက်ပေါ်လာမည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ထောက်ခံ အတည်ပြုပြီးသွားလျှင် ၎င်းတို့၏ လက်နက်ကိုင်တပ်ဖွဲ့များကို ပြည်ထောင်စု တပ်မတော်၏အောက်တွင် သက်ဆိုင်ရာ ပြည်နယ်၏လုံခြုံရေးတပ်ဖွဲ့အဖြစ် ဖွဲ့စည်းပြီး ပြည်နယ်ဝန်ကြီးချုပ်မှ တိုက်ရိုက်ကွပ်ကဲရန်။

၄။ ပြည်ထောင်စုနယ်မြေသတ်မှတ်ခြင်းနှင့်၊ ပြည်နယ်တစ်ခုခု၏ နယ်နိမိတ်ကို ပြင်ဆင်ရေးဆွဲခြင်း သို့မဟုတ် ပြည်နယ်တစ်ခုခု၏အမည်ကို ပြောင်းလဲလိုခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာပြည်နယ်ကို ကိုယ်စားပြုသော တိုင်းရင်းသားလူမျိုးစုများ၏ အများစုသဘောတူညီချက်ကို ရရှိမှသာ ဆောင်ရွက်နိုင်ရန်။

၅။ ဘာသာ သာသနာနှင့် စပ်လျဉ်းသည့် အခြေခံမူ၌ ဘာသာ သာသနာများကို ခွဲခြားမှုမရှိဘဲ တူညီမျှတသော ဥပဒေပြဋ္ဌာန်း၍ ဘာသာရေးလွတ်လပ်ခွင့် ပြုထားရန်လိုလားပါသည်။

၆။ အမျိုးသားလွှတ်တော်သည် တိုင်းရင်းသားလူမျိုးစုအရေးအရာများကို အဓိကထား ဆွေးနွေး ဆုံးဖြတ်ရမည် ဖြစ်သောကြောင့် ပြည်နယ်များမှ ကိုယ်စားလှယ် ရွေးချယ်စေလွှတ်ရာတွင် သက်ဆိုင်ရာပြည်နယ်ကို ကိုယ်စားပြု သောတိုင်းရင်းသား ကိုယ်စားလှယ်များကိုသာ ရွေးချယ်စေလွှတ်သော ဥပဒေပြဋ္ဌာန်းထားပေးရန် လိုလား ပါသည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့၌ နယ်စပ်ဒေသဆိုင်ရာ ဝန်ကြီးဌာနကို သီးခြားဖွဲ့စည်းထားရှိရန်လိုအပ်မည်ဟု မထင်ပါ။ နယ်စပ်လုံခြုံရေးကိစ္စရပ်များကို ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့က တိုက်ရိုက် ညှိနှိုင်းဆွေးနွေးပြီး သင့်တော်သလို စီမံဆောင်ရွက်သင့်ပါသည်။ နယ်စပ်ဒေသဆိုင်ရာ ဝန်ကြီးဌာနကို သီးသန့် ဖွဲ့စည်းထားခြင်းအားဖြင့် နယ်စပ်ရှိသော ပြည်နယ်များ၏ လုပ်ပိုင်ခွင့် အာဏာများကို ဗဟိုကကန့်သတ် ထိန်းချုပ်ပေးရာရောက်သွားနိုင်သဖြင့် နောင်တွင်မလိုလားအပ်သော ပြဿနာများ ပေါ်ပေါက်လာနိုင်သည်ဟု မြင်ပါသည်။

၈။ နယ်စပ်ရှိသောပြည်နယ်များ၏ လွှတ်တော်များ၌ နယ်စပ်ဒေသ ယာယီဝင်ထွက်သွားလာခွင့်နှင့် နယ်စပ်ကုန်သွယ်ရေးကိစ္စရပ်များနှင့် ပါတ်သက်သောဥပဒေများကို ပြဋ္ဌာန်းခွင့်ရှိသင့်ပါသည်။ ထိုဥပဒေနှင့်အညီ အစိုးရအဖွဲ့က လက်တွေ့ဆောင်ရွက်သွားမည်ဆိုလျှင် ပို၍မှန်ကန်တရားမျှတမှု ရှိမည်ဖြစ်ပါသည်။

၉။ စီးပွားရေးကဏ္ဍ၌ ပြည်နယ်များအတွင်းရှိ မြေပေါ်မြေအောက် သယံဇာတများကို သက်ဆိုင်ရာ ပြည်နယ်အစိုးရများက ပြည်ထောင်စုအစိုးရနှင့် မျှမျှတတအကျိုးခံစားနိုင်ရန်အတွက် ပြည်နယ် လွှတ်တော်များ၌လည်း သင့်လျော်သလို ဥပဒေပြဋ္ဌာန်းခွင့် ရှိသင့်ပါသည်။ ဥပမာ ကျောက်မျက်ရတနာ နှင့်ပါတ်သက်၍ ဖြတ်တောက်ခြင်းနှင့် အချောသွေးခြင်းကိုသာ ပြည်နယ်လွှတ်တော်များ၌ ဥပဒေပြုခွင့် အပ်နှင်းထားမည့်အစား ရှာဖွေ၊ တူးဖေါ်ခွင့်နှင့် ရောင်းချခွင့်တို့ကိုပါ ဖြည့်စွက်ပေးထားမည်ဆိုလျှင် ပိုမိုပြည့်စုံမည်ဖြစ်ပါသည်။ ၎င်းအပြင် ဟိုတယ်နှင့်တည်းခိုခန်းလုပ်ငန်း၊ ခရီးသွားလုပ်ငန်းနှင့် နယ်စပ် ကုန်သွယ်ရေးလုပ်ငန်းများနှင့် ပါတ်သက်၍လည်း ပြည်နယ်လွှတ်တော်များ၌ ဥပဒေပြုခွင့် အပ်နှင်းထားရန် လိုလားပါသည်။

၁၀။ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍတွင်၊ မြေယာစီမံခန့်ခွဲမှု၊ မြေလွတ်၊ မြေရိုင်းများဖေါ်ထုတ်ခြင်း၊ ကြေးတိုင်နှင့် မြေစာရင်း၊ စက်မှုလယ်ယာ၊ စိုက်ပျိုးရေးသုတေသန၊ ရေအရင်းအမြစ်စီမံခန့်ခွဲရေး၊ ဓါတ်မြေဩဇာနှင့် ပိုးသတ်ဆေးထုတ်လုပ်ရေး၊ စားကျက်မြေသတ်မှတ်ရေးစသည်တို့ကို ပြည်နယ်ဥပဒေပြုစာရင်း၌ ဖြည့်စွက်ထည့်သွင်းပေးစေလိုပါသည်။

၁၁။ အခွန်အကောက်ဆိုင်ရာ အခန်းကဏ္ဍ၌ ကျွန်းနှင့်သတ်မှတ်ထားသောသစ်မာများမှအပ ကျန်သစ်များအပေါ် ပြည်နယ်အစိုးရများက အခွန်ကောက်ခံနိုင်သည်ဟု ပြည်နယ်လွှတ်တော်များအား ဥပဒေပြုခွင့် အပ်နှင်းထားသည်ကို ကျွန်းမှအပကျန်သစ်များအားလုံးအပေါ် ပြည်နယ်အစိုးရများက အခွန်အကောက်ခံနိုင်သည်ဟု ပြင်ဆင်ပြဋ္ဌာန်းစေလိုပါသည်။

၁၂။ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်များ၌ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်း၊ ဖက်(စ်)၊ အီးမေးလ်၊ အင်တာနက်၊ အင်ထရာနက်နှင့် အလားတူ ဆက်သွယ်ရေးလုပ်ငန်းများနှင့် ရုပ်မြင်သံကြား၊ ဂြိုလ်တုဆက်သွယ်ရေး၊ အသံလွှင့် အသံဖမ်းလုပ်ငန်းများနှင့်ပါတ်သက်၍ ဥပဒေပြဋ္ဌာန်းခွင့်ဖြည့်စွက် အပ်နှင်းပေးထားရန် လိုလားပါသည်။

၁၃။ လူမှုရေးကဏ္ဍနှင့်ပါတ်သက်၍ ပြည်နယ်လွှတ်တော်များ၌ ကိုယ်ပိုင်ကျောင်းနှင့် သင်တန်းများ၊ ကုသိုလ်ဖြစ် ဆေးရုံနှင့် ဆေးခန်းများ၊ ပုဂ္ဂလိကဆေးရုံနှင့် ဆေးခန်းများ၊ ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်မစွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ အခြေအနေမဲ့များအား စောင့်ရှောက်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးကိစ္စရပ်များကို ဥပဒေပြဋ္ဌာန်းခွင့် ဖြည့်စွက်ပေးထားစေလိုပါသည်။

၁၄။ စီမံခန့်ခွဲရေးကဏ္ဍတွင် အထွေထွေအုပ်ချုပ်ရေး၊ ရွာမြေ၊ မြို့မြေစီမံကိန်းခန့်ခွဲရေး၊ အိမ်ငှါး၊ မြေငှါး၊ အသင်းအဖွဲ့များ၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သန်းခေါင်စာရင်းဆိုင်ရာကိစ္စရပ်များကို ပြည်နယ်လွှတ်တော်များ၏ ဥပဒေပြုစာရင်း၌ ဖြည့်စွက်ပေးစေလိုပါသည်။

၁၅။ ကချင်ပြည်နယ်၏ နယ်နိမိတ်အား ကချင်ပြည်နယ်ကိုစတင်ဖွဲ့စည်းတည်ထောင်ခဲ့စဉ်က ရေးဆွဲ သတ်မှတ်သည့် နယ်နိမိတ်အတိုင်း ဆက်လက်၍အတည်ပြုသွားရန် လိုအပ်ပါသည်။

၁၆။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတစ်ရပ်သည် ပြည်သူ့ဆန္ဒခံယူပြီး အများစုထောက်ခံမှုဖြင့် အတည်ပြု ပြဋ္ဌာန်းရသည်ဖြစ်သဖြင့် ၎င်းအားကာကွယ်ထိန်းသိမ်းရန် အဓိကတာဝန်သည် ပြည်သူလူထု တစ်ရပ်လုံး၏ တာဝန်ဖြစ်သည်ဟု ဥပဒေပြဋ္ဌာန်းထားခြင်းသည် ပိုမိုသင့်လျော် မှန်ကန်မည်ဟု မြင်ပါသည်။

၁၇။ ပြည်ထောင်စုတစ်ခုလုံးအတွက် နိုင်ငံသား (Citizen) သတ်မှတ်သည့်နည်းတူ ပြည်နယ်များ၌လည်း ပြည်နယ်သား သတ်မှတ်သောဥပဒေတစ်ရပ် ပြဋ္ဌာန်းထားရှိရန် လိုမည်ဖြစ်ပါသည်၊ အကြောင်းမှာ နောင်တွင်တိုင်းပြည်၌ ဒီမိုကရေစီစနစ်အရ ရွေးကောက်ပွဲများနှင့် ဆန္ဒခံယူပွဲများကို ကျင်းပသွားသည့်အခါ ပြည်ထောင်စုနှင့်အလားတူ ပြုလုပ်သွားရာ၌ အရှုပ်အရှင်း အခက်အခဲ ပြဿနာပေါ်ပေါက်လာနိုင်သောကြောင့် ဖြစ်ပါသည်။

၁၈။ ပြည်နယ်အုပ်ချုပ်ပုံ အခြေခံဥပဒေကို နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် မဆန့်ကျင်ဘဲ သင့်လျော်သလို ရေးဆွဲထားရှိခွင့်ပြုရန် လိုလားသည်။ အဘယ့်ကြောင့်ဆိုသော် ဒေသတစ်ခုနှင့်တစ်ခု အခြေအနေ ခြင်းကွာခြားမှုရှိနိုင်သဖြင့် ဒေသအခြေအနေနှင့် ကိုက်ညီသော ဖွဲ့စည်းပုံအခြေခံဥပဒေများကို ပြည်နယ်တိုင်း၌ ရေးဆွဲထားရှိနိုင်လျှင် ပြည်ထောင်စုကြီးပိုမိုကျစ်လစ်ခိုင်မာပြီး တနေ့တခြား ပိုမိုတိုးတက်ဖွံ့ဖြိုးလာမည်ဟု မြင်သည်။

၁၉။ ပြည်ထောင်စုကြီး၏ကာကွယ်ရေးတာဝန်ကို ယူထားသော တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သော တစ်ခုတည်း သောတပ်ကို ပြည်ထောင်စုတပ်မတော်ဟု ခေါ်တွင်ပါက ပိုမိုမှန်ကန်သင့်လျော်မည်ဟု မြင်ပါသည်။

ဗဟိုကော်မတီ
ကချင်အထူးဒေသ-၂၊ ကေအိုင်အို။

## နောက်ဆက်တွဲ (၅)

### ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်[၅၄]

| | | |
|---|---|---|
| ၁။ | ဦးအောင်တိုး | (ဥက္ကဋ္ဌ) |
| ၂။ | ဦးအင်ဇော်နော် | အဖွဲ့ဝင် |
| ၃။ | ဦးစိုင်းယီကျန်း | အဖွဲ့ဝင် |
| ၄။ | ဦးမျိုးတင့် | အဖွဲ့ဝင် |
| ၅။ | ဦးစောဝင်းမောင် | အဖွဲ့ဝင် |
| ၆။ | ဦးခက်ထိန်နန် | အဖွဲ့ဝင် |
| ၇။ | ဦးလန်းဇုန်း | အဖွဲ့ဝင် |
| ၈။ | ဦးထမိုင်ယုံ | အဖွဲ့ဝင် |
| ၉။ | ဦးကျော်ဒင်(ခ)ဦးထေရယ် | အဖွဲ့ဝင် |
| ၁၀။ | ဦးကျော်ထွန်း | အဖွဲ့ဝင် |
| ၁၁။ | ဦးစောလှိုင် | အဖွဲ့ဝင် |
| ၁၂။ | ဒေါက်တာမှုထန် | အဖွဲ့ဝင် |
| ၁၃။ | ဦးရှိသီး | အဖွဲ့ဝင် |
| ၁၄။ | ဒေါက်တာမောင်ထူး | အဖွဲ့ဝင် |
| ၁၅။ | ဦးမောင်လှ(ခ) ဦးလှမြင့် | အဖွဲ့ဝင် |
| ၁၆။ | ဦးချစ်မောင် | အဖွဲ့ဝင် |
| ၁၇။ | ဦးချစ်လှ | အဖွဲ့ဝင် |
| ၁၈။ | ဒေါက်တာအောင်ဆန်းဝင်း | အဖွဲ့ဝင် |
| ၁၉။ | ဦးအေးမောင် | အဖွဲ့ဝင် |
| ၂၀။ | ဒေါက်တာထွန်းရှင် | အဖွဲ့ဝင် |
| ၂၁။ | ဦးထွန်းထွန်းဦး | အဖွဲ့ဝင် |
| ၂၂။ | ဦးတင်မောင် | အဖွဲ့ဝင် |
| ၂၃။ | ဦးအောင်မြို့ | အဖွဲ့ဝင် |
| ၂၄။ | ဦးခွန်အောင်ငြိမ်း | အဖွဲ့ဝင် |
| ၂၅။ | ဦးသိန်းရွှေမောင် | အဖွဲ့ဝင် |
| ၂၆။ | ဦးကြာထွန်း | အဖွဲ့ဝင် |
| ၂၇။ | ဦးသောင်ညွှန့် | အဖွဲ့ဝင် |
| ၂၈။ | ဒေါက်တာတင်အောင်အေး | အဖွဲ့ဝင် |
| ၂၉။ | ဦးတင်အေး | အဖွဲ့ဝင် |
| ၃၀။ | ဦးမြတ်သူ | အဖွဲ့ဝင် |
| ၃၁။ | ဦးစံလွင် | အဖွဲ့ဝင် |
| ၃၂။ | ဦးစိုင်းထွန်းမြတ် | အဖွဲ့ဝင် |
| ၃၃။ | ဦးမောင်လေး | အဖွဲ့ဝင် |
| ၃၄။ | ဦးစိုင်းပေါင်းနပ် | အဖွဲ့ဝင် |
| ၃၅။ | ဦးစိုင်းစံတင် | အဖွဲ့ဝင် |
| ၃၆။ | ဦးထွန်းရင် | အဖွဲ့ဝင် |
| ၃၇။ | ဦးတီခွန်မြတ် | အဖွဲ့ဝင် |
| ၃၈။ | ဦးအားလယ် | အဖွဲ့ဝင် |
| ၃၉။ | ဦးစိုင်းရီတစ် | အဖွဲ့ဝင် |
| ၄၀။ | ဦးဒါယေလှ | အဖွဲ့ဝင် |
| ၄၁။ | ဦးတင်ဆန်း | အဖွဲ့ဝင် |
| ၄၂။ | ဦးမြတ်ကို | အဖွဲ့ဝင် |
| ၄၃။ | ဦးမောင်မောင်သန်း | အဖွဲ့ဝင် |
| ၄၄။ | ဦးဝင်းကို | အတွင်းရေးမှူး |
| ၄၅။ | ဦးသန်းအောင် | တွဲဖက်အတွင်းရေးမှူး |

၅၄။ ၂၀၀၈ခုနှစ်၊ ဖေဖော်ဝါရီ (၂၆)ရက်နေ့ မြန်မာ့အလင်းသတင်းစာ

## နောက်ဆက်တွဲ (၆)

### ကေအိုင်အိုအုပ်ချုပ်ရာဒေသများရှိ မဲပေးမှုအခြေအနေအချို့

| ဒေသ | ကြိုတင်မဲ | ထောက်ခံမဲ | ကန့်ကွက်မဲ | ပယ်မဲ | စုစုပေါင်း | ထောက်ခံမဲ ရာခိုင်နှုန်း (ကြိုတင်မဲမပါ) | ထောက်ခံမဲ ရာခိုင်နှုန်း (ပယ်မဲနှင့် ကြိုတင်မဲမပါ) | ပယ်မဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|
| ၁။ လိုင်ဇာ | | ၈၀၁ | ၄၇၁ | ၂၇ | ၁၂၉၉ | ၆၂% | ၆၃% | ၂% |
| ၂။ နားလုံ | | ၃၂၀ | ၄၁၁ | ၁၃ | ၇၄၄ | ၄၃% | ၄၄% | ၂% |
| ၃။ ဘန်ဒေါင် | | ၂၄၁ | ၁၅၈ | ၈၄ | ၄၈၃ | ၅၀% | ၆၀% | ၁၇% |
| ၄။ ဘန်ဆောင် | | ၁၆၈ | ၁၆၆ | ၁၃ | ၃၄၇ | ၄၈% | ၅၀% | ၄% |
| ၅။ အောင်ဂျာ | | ၁၉၅ | ၁၇ | ၇ | ၂၁၉ | ၈၉% | ၉၂% | ၃% |
| ၆။ နမ့်ဆန် | | ၈၈၁ | ၁၅၂ | ၂ | ၁၀၃၅ | ၈၅% | ၈၅% | ၀% |
| ၇။ မဒီးယန် | | | ၇၆ | | ၇၆ | ၀% | ၀% | ၀% |
| ၈။ ကျွန်မ်ဖွပ် | | | ၆၆ | | ၆၆ | ၀% | ၀% | ၀% |
| **ပေါင်း** | | **၂၆၀၆** | **၁၅၁၇** | **၁၄၆** | **၄၂၆၉** | **၆၁%** | **၆၃%** | **၃%** |

#### ဂါးရာယန်ဒေသ

| ဒေသ | ကြိုတင်မဲ | ထောက်ခံမဲ | ကန့်ကွက်မဲ | ပယ်မဲ | စုစုပေါင်း | ထောက်ခံမဲ ရာခိုင်နှုန်း (ကြိုတင်မဲမပါ) | ထောက်ခံမဲ ရာခိုင်နှုန်း (ပယ်မဲနှင့် ကြိုတင်မဲမပါ) | ပယ်မဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|
| ၁။ ဒိန်ဂါရွာ | | ၂၈ | ၆၄ | ၁၅ | ၁၀၇ | ၂၆% | ၃၀% | ၁၄% |
| ၂။ မဟာန်တီရွာ | | ၁၁၀၀ | ၃ | ၇ | ၁၁၁၀ | ၉၉% | ၁၀၀% | ၁% |
| ၃။ နောင်ဟီရွာ | | ၄၅၀ | ၄၅၀ | ၁၆ | ၉၁၆ | ၄၉% | ၅၀% | ၂% |
| ၄။ ဂျမ်ဂါရွာ | | ၁၂၀၀ | ၄၀၀ | | ၁၆၀၀ | ၇၅% | ၇၅% | ၀% |
| ၅။ ရွာသစ်ရွာ | | ၆၃၀ | ၂၀ | ၅၀ | ၇၀၀ | ၉၀% | ၉၇% | ၇% |
| ၆။ ဂျခန့်ယန်ရွာ | | ၄၅၀ | ၂၀ | ၃၀ | ၅၀၀ | ၉၀% | ၉၆% | ၆% |
| ၇။ ကဖူးရွာ | | ၉၃ | ၉၀ | | ၁၈၃ | ၅၁% | ၅၁% | ၀% |
| ၈။ ဆန်ပိုင်ရွာ | ၈၁ | ၄၅ | ၁၉၅ | ၅၀ | ၃၇၁ | ၁၆% | ၁၉% | ၁၃% |
| ၉။ ဂါးရာယန်ရွာ | | ၂၁၄ | ၄၄၀ | ၁၈ | ၆၇၂ | ၃၂% | ၃၃% | ၃% |
| ၁၀။ (၉) မိုင်ဒေသ | | ၂၆၄ | ၁၁၁ | | ၃၇၅ | ၇၀% | ၇၀% | ၀% |
| ၁၁။ အင်လုံခရွာ | | ၈၉၈ | ၄၁၅ | ၇ | ၁၀၂၀ | ၈၈% | ၈၉% | ၁% |
| **ပေါင်း** | **၈၁** | **၅၃၇၂** | **၁၉၀၈** | **၁၉၃** | **၇၅၅၄** | **၇၂%** | **၇၄%** | **၃%** |

#### ဆဒုံးဒေသ

| ဒေသ | ကြိုတင်မဲ | ထောက်ခံမဲ | ကန့်ကွက်မဲ | ပယ်မဲ | စုစုပေါင်း | ထောက်ခံမဲ ရာခိုင်နှုန်း (ကြိုတင်မဲမပါ) | ထောက်ခံမဲ ရာခိုင်နှုန်း (ပယ်မဲနှင့် ကြိုတင်မဲမပါ) | ပယ်မဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|
| ၁။ ဆဒုံးအုပ်စု | | ၃၄ | ၁၁၂ | ၂ | ၁၄၈ | ၂၃% | ၂၃% | ၁% |
| ၂။ လုထောင်ရွာ | ၄၀ | ၄၀ | ၇၅ | ၅ | ၁၆၀ | ၃၃% | ၃၅% | ၃% |
| ၃။ ဆဂါပါရွာ | ၆၈၀ | ၉၆ | ၃၀၀ | ၁၄ | ၁၀၉၀ | ၂၃% | ၂၄% | ၁% |
| ၄။ လဖိုင် | ၂၁ | ၇၅ | ၈၁ | ၁၀ | ၁၈၇ | ၄၅% | ၄၈% | ၅% |
| ၅။ လဂျောင် | | ၆၀ | ၄၀ | ၄ | ၁၀၄ | ၅၈% | ၆၀% | ၄% |
| ၆။ ဆနာ | | ၃၁၃ | ၂၀ | | ၃၃၃ | ၉၄% | ၉၄% | ၀% |
| ၇။ ဆဒုံးပါ(၁)ဒေသ | ၉၀ | ၉၂ | ၇ | | ၁၈၉ | ၉၃% | ၉၃% | ၀% |
| ၈။ ဆဒုံးပါ(၂)ဒေသ | ၁၀၇ | ၁၅၇ | ၂၈ | ၁၃ | ၃၀၅ | ၇၉% | ၈၅% | ၄% |
| ၉။ လထဆမားရွာ | ၁၀၀ | ၁၃၇ | ၅၇ | ၆ | ၂၉၀ | ၆၇% | ၆၉% | ၂% |
| ၁၀။ ဒိုင်လုံ | | ၆၉ | ၃၇ | ၃ | ၁၀၉ | ၆၃% | ၆၅% | ၃% |
| **ပေါင်း** | **၁၀၃၈** | **၁၀၆၃** | **၇၅၇** | **၅၇** | **၂၉၁၅** | **၅၇%** | **၅၈%** | **၂%** |

**ဝါရှောင်ဒေသ**

| ဒေသ | ကြို တင်မဲ | ထောက် ခံမဲ | ကန့် ကွက်မဲ | ပယ်မဲ | စုစုပေါင်း | ထောက်ခံမဲ ရာခိုင်နှုန်း (ကြိုတင် မဲမပါ) | ထောက်ခံမဲ ရာခိုင်နှုန်း (ပယ်မဲနှင့် ကြိုတင် မဲမပါ) | ပယ်မဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|
| ၁။ နမ်ဝါရွာ | ၁ | ၈၁၆ | ၃၂၇ | ၇၁ | ၁၂၁၅ | ၆၇% | ၇၁% | ၆% |
| ၂။ အူရာယန်ရွာ | ၂၀ | ၈၂၈ | ၂၇၂ | ၃၅ | ၁၁၅၅ | ၇၃% | ၇၅% | ၃% |
| ၃။ ဂွီထူရွာ | ၁၆ | ၂၄၈ | ၁၈ | ၃ | ၂၈၅ | ၉၂% | ၉၃% | ၁% |
| ၄။ အင်ဂန်းရွာ | | ၃၀၂ | ၁၆၀ | ၁၃ | ၄၇၅ | ၆၄% | ၆၅% | ၃% |
| ၅။ ခန်ယန်ရွာ | | ၁၁၃ | ၆၂ | ၂ | ၁၇၇ | ၆၄% | ၆၅% | ၁% |
| ၆။ ဝါရှောင်ရွာ | | ၅၈၈ | ၁၁၇၈ | ၁၇၆၆ | ၃၅၃၂ | ၁၇% | ၃၃% | ၅၀% |
| ၇။ ဒိန်ဂျန်ရွာ | ၃၀ | ၃၂၀ | ၉၇ | ၂၉ | ၄၇၆ | ၇၂% | ၇၇% | ၆% |
| ၈။ ခန်ဘူရွာ | | ၃၆၂ | ၁၆၀ | ၁၃ | ၅၃၅ | ၆၈% | ၆၉% | ၂% |
| ၉။ ဆိုင်လော်ရွာ | | ၂၁၃ | ၉၀ | ၁၀၀ | ၄၀၃ | ၅၃% | ၇၀% | ၂၅% |
| ၁၀။ မဒိန်ရွာ | | ၁၀၅၀ | ၄၆၀ | ၈၇ | ၁၅၉၇ | ၆၆% | ၇၀% | ၅% |
| ၁၁။ ခဂွမ်ရွာ | | ၃၈၀ | ၂၁၁ | ၈ | ၅၉၉ | ၆၃% | ၆၄% | ၁% |
| ၁၂။ တန်ဘောင်ရွာ | | ၃၆၀ | ၉၆ | ၃၀ | ၄၈၆ | ၇၄% | ၇၉% | ၆% |
| ၁၃။ နောင်စီပေါ်ရွာ | | ၁၂၀ | ၈၆ | ၁၀ | ၂၁၆ | ၅၆% | ၅၈% | ၅% |
| ၁၄။ မိုင်းနားရွာ | ၁၈ | ၁၈၀ | ၆၁ | ၉ | ၂၆၈ | ၇၂% | ၇၅% | ၃% |
| **ပေါင်း** | **၈၅** | **၅၈၈၀** | **၃၂၇၈** | **၂၁၇၆** | **၁၁၄၁၉** | **၅၂%** | **၆၄%** | **၁၉%** |

**ကန်တော်ယန်ဒေသ**

| ဒေသ | ကြို တင်မဲ | ထောက် ခံမဲ | ကန့် ကွက်မဲ | ပယ်မဲ | စုစုပေါင်း | ထောက်ခံမဲ ရာခိုင်နှုန်း (ကြိုတင် မဲမပါ) | ထောက်ခံမဲ ရာခိုင်နှုန်း (ပယ်မဲနှင့် ကြိုတင် မဲမပါ) | ပယ်မဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|
| ၁။ ဘန်ဆောင်ရွာ | | ၁၆၈ | | ၁၃ | ၃၄၇ | ၄၈% | ၁၀၀% | ၄% |
| ၂။ ဂိုင်ဒေါ်အုပ်စု | | ၃၆၉ | ၂၁၄ | ၃၇ | ၆၂၀ | ၆၀% | ၆၃% | ၆% |
| ၃။ ဒဘတ်ဖုံ | ၂၀၀ | ၂၈၉ | ၄၅၃ | ၁၃၀ | ၁၀၇၂ | ၃၃% | ၃၉% | ၁၂% |
| ၄။ ဆမားဖုံ | ၄၂ | ၆ | ၇ | | ၅၅ | ၄၆% | ၄၆% | ၀% |
| **ပေါင်း** | **၂၄၂** | **၈၃၂** | **၆၇၄** | **၁၈၀** | **၁၉၂၈** | **၄၅%** | **၅၅%** | **၉%** |

**နမ့်ဆန်ယန်မြို့နယ်ခွဲ**

| ဒေသ | ကြို တင်မဲ | ထောက် ခံမဲ | ကန့် ကွက်မဲ | ပယ်မဲ | စုစုပေါင်း | ထောက်ခံမဲ ရာခိုင်နှုန်း (ကြိုတင် မဲမပါ) | ထောက်ခံမဲ ရာခိုင်နှုန်း (ပယ်မဲနှင့် ကြိုတင် မဲမပါ) | ပယ်မဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|
| ၁။ နားလုံရွာ | ၅၁ | ၃၂၀ | ၄၁၁ | ၁၃ | ၇၉၅ | ၄၃% | ၄၄% | ၂% |
| ၂။ ဘန်ဒေါင်ရွာ | | ၂၄၁ | ၁၅၈ | ၈၅ | ၄၈၄ | ၅၀% | ၆၀% | ၁၈% |
| ၃။ နမ့်ဆန်ယန် | | ၈၈၁ | ၁၁၅၂ | ၂ | ၁၀၃၅ | ၈၅% | ၈၅% | ၀% |
| ၄။ အောင်ဂျာရွာ | | | ၁၂ | | ၁၂ | ၀% | ၀% | ၀% |
| ၅။ ဂျာအင်ယန် | | ၆၈၀ | ၁၂ | ၁ | ၆၉၃ | ၉၈% | ၉၈% | ၀% |
| ၆။ ဒါလော်ရွာ | ၁၆၀၀ | ၂၃၆၄ | ၃၆၂ | ၄၃ | ၄၃၆၉ | ၈၅% | ၈၇% | ၁% |
| **ပေါင်း** | **၁၆၅၁** | **၄၄၈၆** | **၁၁၀၇** | **၁၄၄** | **၇၃၈၈** | **၇၈%** | **၈၀%** | **၂%** |

| ဒေသ | ကြိုတင်မဲ | ထောက်ခံမဲ | ကန့်ကွက်မဲ | ပယ်မဲ | စုစုပေါင်း | ထောက်ခံမဲ ရာခိုင်နှုန်း (ကြိုတင်မဲမပါ) | ထောက်ခံမဲ ရာခိုင်နှုန်း (ပယ်မဲနှင့် ကြိုတင်မဲမပါ) | ပယ်မဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|
| **ဒေါ့ဖုံးယန်ဒေသ** | | | | | | | | |
| ၁။ ဖတ်ကြီးရွာ | | ၄၆၀ | ၅၄၀ | ၁၆ | ၁၀၁၆ | ၄၅% | ၄၆% | ၂% |
| ၂။ ကုံးလော်ရွာ | | ၁၀၇၇ | ၄၇၃ | | ၁၅၅၀ | ၆၉% | ၆၉% | ၀% |
| ၃။ မန်နောင်းရွာ | | ၁၀၃၅ | ၁၀၄၅ | | ၂၀၈၀ | ၅၀% | ၅၀% | ၀% |
| ၄။ စီဟက်ရွာ | | ၂၀၀ | ၅၀၀ | | ၇၀၀ | ၂၉% | ၂၉% | ၀% |
| ၅။ နွမ်လန်းရွာ | | ၃၁၂ | ၁၇ | | ၃၂၉ | ၉၅% | ၉၅% | ၀% |
| ၆။ တိန်လုံရွာ | | ၃၀၁ | ၁၃၂ | ၂ | ၄၃၅ | ၆၉% | ၇၀% | ၀% |
| ၇။ ဘန်ချူဟိုင်း | | ၅၃၀ | ၂၀၀ | ၄၀ | ၇၇၀ | ၆၉% | ၇၃% | ၅% |
| ၈။ တာလီဇုန် | | ၇၁၆ | ၂၃ | ၃၃ | ၇၇၂ | ၉၃% | ၉၇% | ၄% |
| ၉။ တိန်ဖရာရွာ | | ၇၅၆ | ၁၈ | ၂ | ၇၇၆ | ၉၇% | ၉၈% | ၀% |
| ၁၀။ ဒါဆိုင်းရွာ | | ၄၆၄ | ၂၄၄ | ၂ | ၇၁၀ | ၆၅% | ၆၆% | ၀% |
| ၁၁။ ငါပျော်ယန်ရွာ | | ၉၆၃ | ၇ | ၅ | ၉၇၅ | ၉၉% | ၉၉% | ၀% |
| ၁၂။ ဒေါ့ဖုံးယန်အုပ်စု ၁ | ၈၁ | | ၁၇၄ | | ၂၅၅ | ၀% | ၀% | ၀% |
| ၁၃။ ဒေါ့ဖုံးယန်အုပ်စု ၂ | ၃၄ | ၁၂၉ | ၁၇ | ၇ | ၁၈၇ | ၈၄% | ၈၈% | ၄% |
| ၁၄။ ဒေါ့ဖုံးယန်အုပ်စု ၃ | | ၉၄ | ၁၇၉ | | ၂၇၃ | ၃၄% | ၃၄% | ၀% |
| ၁၅။ မြို့သစ်အုပ်စု | ၃၃ | ၉၇၅ | ၁၇ | ၃ | ၁၀၂၈ | ၉၈% | ၉၈% | ၀% |
| ၁၆။ နောင်နန်ရွာ | ၈ | ၇၀ | ၈ | | ၈၆ | ၉၀% | ၉၀% | ၀% |
| ၁၇။ ဒိုဟုံးရွာ | ၉၀ | ၅၅ | ၂၈ | ၅ | ၁၇၈ | ၆၃% | ၆၆% | ၃% |
| ၁၈။ ဒိန်ဂါရွာ | ၉ | ၁၂၅ | ၈၄ | ၃ | ၂၂၁ | ၅၉% | ၆၀% | ၁% |
| **ပေါင်း** | **၂၅၅** | **၈၂၆၂** | **၃၇၀၆** | **၁၁၈** | **၁၂၃၄၁** | **၆၈%** | **၆၉%** | **၁%** |
| **တပ်မဟာ (၃) အုပ်ချုပ်ရာဒေသအချို့** | | | | | | | | |
| ၁။ ဘန်ဂေါ်ရွာ | | ၁၄၉ | ၁၀၀ | ၂၉ | ၂၇၈ | ၅၄% | ၆၀% | ၁၀% |
| ၂။ အူလန်ပါ | | ၂၁ | ၈၈ | | ၁၀၉ | ၁၉% | ၁၉% | ၀% |
| ၃။ ဂျေဆောန်ရွာ | | ၁၄၀ | ၂၃၅ | ၄၅ | ၄၂၀ | ၃၃% | ၃၇% | ၁၁% |
| ၄။ ပရန်ခူးဒုံ | | ၃၁၉ | ၂၃ | ၂ | ၃၄၄ | ၉၃% | ၉၃% | ၁% |
| ၅။ မိုင်ဘတ် | ၂၀၂ | ၃၅၂ | ၁၁၃ | ၁၀ | ၆၈၇ | ၇၄% | ၇၆% | ၁% |
| ၆။ အင်ဘာပါရွာ | | ၅၃ | ၃၉ | ၁၇ | ၁၀၉ | ၄၉% | ၅၈% | ၁၆% |
| ၇။ ဒွမ်ဘွတ်ရွာ | | ၆၉ | ၈၇ | ၆ | ၁၆၂ | ၄၃% | ၄၄% | ၄% |
| ၈။ ဒိန်စင်ပါ | | ၅၈ | ၂၂ | ၁ | ၈၁ | ၇၂% | ၇၃% | ၁% |
| ၉။ ဝါရာဘွမ် | | ၃၈ | ၇၂ | ၂ | ၁၁၂ | ၃၄% | ၃၅% | ၂% |
| ၁၀။ လဂျောင် | | ၁၁၂ | ၆၇ | ၁၁ | ၁၉၀ | ၅၉% | ၆၃% | ၆% |
| ၁၁။ ဇင်ရော် | | ၆၆ | ၅၀ | | ၁၁၆ | ၅၇% | ၅၇% | ၀% |
| ၁၂။ ဒဂေါ် | | ၁၃၃ | ၈၈ | ၁၇ | ၂၃၈ | ၅၆% | ၆၀% | ၇% |
| ၁၃။ ကုန်ပီ | ၁၆ | | ၁၆ | | | | | ၀% |
| ၁၄။ စင်လုံကဂျီ | | ၁၄၃ | ၁ | ၂ | ၁၄၆ | ၉၈% | ၉၉% | ၁% |
| ၁၅။ ပလောင်ကောင် | | ၅၁ | ၄၆ | ၅ | ၁၀၂ | ၅၀% | ၅၃% | ၅% |
| ၁၆။ အင်ခေါင်းပါ | | ၇၇ | ၄၃ | ၁ | ၁၂၁ | ၆၄% | ၆၄% | ၁% |
| ၁၇။ ကောင်ဆာ | | ၅၁၃ | ၂၁၅ | ၂၇ | ၇၅၅ | ၆၈% | ၇၀% | ၄% |
| ၁၈။ ဆိုင်းမိုင်ပါ | | ၂၅၁ | ၉၀ | ၁၄ | ၃၅၅ | ၇၁% | ၇၄% | ၄% |
| **ပေါင်း** | **၂၂၈** | **၂၅၄၅** | **၁၃၇၉** | **၁၈၉** | **၄၃၄၃** | **၆၂%** | **၆၅%** | **၄%** |

| ဒေသ | ကြို တင်မဲ | ထောက် ခံမဲ | ကန့် ကွက်မဲ | ပယ်မဲ | စုစုပေါင်း | ထောက်ခံမဲ ရာခိုင်နှုန်း (ကြိုတင် မဲမပါ) | ထောက်ခံမဲ ရာခိုင်နှုန်း (ပယ်မဲနှင့် ကြိုတင် မဲမပါ) | ပယ်မဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|
| **<u>တပ်မဟာ (၄) အုပ်ချုပ်ရာဒေသအချို့</u>** | | | | | | | | |
| ၁။ လှိုင်ကန် | | ၇၁၃ | ၁၂ | | ၇၂၅ | ၉၈% | ၉၈% | ၀% |
| ၂။ မန်းဂျယ်ရွာ | | ၁၂၀၂ | ၅၁ | ၁၁၃ | ၁၃၆၆ | ၈၈% | ၉၆% | ၈% |
| ၃။ နန်ထုံရွာ | | ၃၄၉ | | | ၃၄၉ | ၁၀၀% | ၁၀၀% | ၀% |
| ၄။ ဒတ်နိုင်ရွာ | | ၁၆၁၈ | | | ၁၆၁၈ | ၁၀၀% | ၁၀၀% | ၀% |
| **ပေါင်း** | | **၃၈၈၂** | **၆၃** | **၁၁၃** | **၄၀၅၈** | **၉၆%** | **၉၈%** | **၃%** |
| စုစုပေါင်း | ၃၄၉၀ | ၃၄၉၂၈ | ၁၄၃၈၉ | ၃,၃၁၆ | ၅၆၃၈၁ | ၆၆% | ၇၁% | ၆% |

## စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစံနစ်သို့ ဦးတည်ရေး

၁။ လူတစ်ဦးချင်း၏အခြေခံလူ့အခွင့်အရေးများကို အလေးထားဂရုပြုရေး။

၂။ အဆိုပါအခွင့်အရေးများကို အခြားသူများသိရှိအောင်ပြုလုပ်ရေး။

၃။ အဆိုပါအခွင့်အရေးများကို လေးစားလိုက်နာစေရန်တောင်းဆို နိုင်ရေး။

၄။ အဆိုပါအခွင့်အရေးများကို လေးစားလိုက်နာစေရေးအတွက် စုပေါင်းတောင်းဆို နိုင်ရန်စည်းရုံးစုစည်းရေး။

၅။ အဖွဲ့အစည်းခေါင်းဆောင်များသည် အဆိုပါအခွင့်အရေးများအပေါ် တာဝန်ခံမှု ရှိရေး။

၆။ နိုင်ငံရေးခေါင်းဆောင်များသည် အဆိုပါအခွင့်အရေးများအပေါ်တာဝန်ခံမှုရှိရေး။

၇။ အစိုးရအာဏာပိုင်များသည် အဆိုပါအခွင့်အရေးများအပေါ် တာဝန်ခံမှုရှိရေး။

နိုင်ငံရေးဆိုင်ရာ အချက်အလက်များလေ့လာစုဆောင်းရေးနှင့်
သုံးသပ်အကဲဖြတ်ရေးအဖွဲ့မှ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာ
ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအား ကျယ်ကျယ်ပြန့်ပြန့်နှင့် လက်တွေ့ကျကျ
ရှုမြင်သုံးသပ်နိုင်စေရန်၊ အသိအမြင်ပိုမိုနိုးကြားစေရန်နှင့်
သမိုင်းမှတ်တမ်း တစ်ခုအနေဖြင့် ဆောင်ကျဉ်းပေးရန် ရည်ရွယ်လျက်
ဤအစီရင်ခံစာကို ရေးသားပြုစုထုတ်ဝေခြင်းဖြစ်သည်။